# ဓမ္မဒါယာဒသုတ်ပါဌ်း

(ဦးဝဏ္ဏ)

ရန်ကုန်မြို့

ရွှေတိဂုံဘုရားလမ်း ကျားကူးကျောင်းတိုက်

ဆရာတော်ဦးဓဏ္ဏိန္ဒ

ရေးသားစီရင်တော်မူအပ်သော

# ဓမ္မရတနာကျမ်း

---

ဦးထွန်းသိန်း-ဦးစိန်အုပ်-ဦးဝင်းဖေ-ဦးတင်မြင့်တို့
ကြပ်မပြင်ဆင်သည်။

ဣဋ္ဌာသယ ပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
ကောဇာသက္ကရာဇ် ၁၃၂၇-ခု။ သာသနာသက္ကရာဇ် ၂၅၀၉-ခု။

ပုံနှိပ်သူ မှတ်ပုံတင် .... ၀၄၂၂။
ထုတ်ဝေသူ မှတ်ပုံတင် .... ၀၇၄၉။

ဒေါ်မြင့်မြင့်

ဗုဒ္ဓသာသနာ စာပုံနှိပ်တိုက် ၁၁၃၊ ၂၄-လမ်း၊
ရန်ကုန်မြို့။

ဓမ္မရတနာကျမ်း၏

# အခြေခံအကြောင်းအရာ

ဤ ဘာသာရေးသင်္ခ်ကျမ်းစာ၌ ပါရှိသော အကြောင်းအရာများသည် လူသတ္တဝါတိုင်း အမှန်သိရှိနားလည်ကြပြီး၍ လူတိုင်းလိုက်နာသင့် ရှောင်ကြဉ်သင့်သော ကိစ္စရပ်များ ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် လောကလူသားတို့၌ မိမိနှင့်ပတ်သက်၍ ရှောင်ကြဉ် သင့်သော ကိစ္စ၊ သူတပါး တို့နှင့် ပတ်သက်၍ ရှောင်ကြဉ်သင့်သောကိစ္စ၊ ပစ္စုပ္ပန်ရေး၊ သံသရာရေး ကိစ္စရပ်များ၌ ကြိုတင်သိရှိနားလည်၍ ရှောင်ကြဉ်ရန် ကိစ္စတို့၌ အသိတရားပြည့်စုံထားမှသာလျှင် ရှောင်ကြဉ် နိုင်ပေ ကုန်၏။ ရှောင်ကြဉ်တတ်သည်အားလျော်စွာ ရှောင်ကြဉ်မှုရှိကြကုန်လျှင် ဤကျမ်းစာသည် အမျိုး ဘာသာ သာသနာ အတွက် ဆေးကောင်းတလက်ဖြစ်၍ တိုင်းပြည်၏ စည်ပင် သာယာရေး၌ များစွာအထောက်အပံ့ဖြစ်ပြီးလျှင် အထူးအားဖြင့် အောက်ပါအကျိုးတရားများ ဖြစ်ထွန်းလာနိုင်ပေကုန်သည်။

၁။ နိုင်ငံတွင်း၌ ရာဇဝတ်မှု လျော့ပါးခြင်း။
၂။ အကျင့်စာရိတ္တကောင်းမွန်လာနိုင်ခြင်း။
၃။ တိုင်းပြည်နိုင်ငံ ငြိမ်းချမ်းသာယာလာနိုင်ခြင်း။
၄။ လူရိုင်းပပျောက်၍ လူယဉ်ကျေးပေါများလာခြင်း။
၅။ လူမျိုး၏အကျင့်ဓလေ့ကောင်းရရှိလာနိုင်ခြင်း။
၆။ ဘာသာကိုင်းရှိုင်းသူများအား အထင်မသေးခြင်း။

၇။ တိုင်းနိုင်ငံ၏ယဉ်ကျေးမှု ထိန်းသိမ်းရာ ရောက်ခြင်း။
၈။ မဂ်,ဖိုလ်,နိဗ္ဗာန်–တရား၏ လုံလောက်သောအခြေခံ အကြောင်းတရား ဖြစ်ခြင်း။

စသော များစွာသော ကောင်းကျိုး တရားတို့သည် ပန်းသပြေ ခိုင်ကြီးပမာ ဝေဖြာ၍ လာနိုင်တော့၏။ ထို့ကြောင့် ဤစာအုပ်ပါ အချက်အလက်တို့ကို ကောင်းစွာ သိရှိနားလည်အောင် လေ့လာ ကြပြီးလျှင် လိုက်နာနိုင်သော သူတော်ကောင်း အမျိုးသား အမျိုးသမီးတို့ ဖြစ်ကြပါစေကုန်သတည်း။

# အမှာ

ဤဓမ္မရတနာကျမ်းကို အစအဆုံး သုံးသပ်ကြည့်ရှုမိရာတွင် ကျွန်ုပ်မြင်သည်ကား....

> သတ္ထရိ ပဏာမကရဏံ ဓမ္မဿ သွာက္ခာတဘာဝေန
> သတ္ထရိ ပသာဒဇနနတ္ထံ၊ သတ္ထု စ အဝိတထဒေသန
> ဘာဝပ္ပကာသနေန ဓမ္မေ ပသာဒဇနနတ္ထံ၊ တဒုဘယပ္ပ
> သာဒါ ဟိ ဓမ္မသမ္ပဋိပတ္တိ မဟတော စ အတ္ထဿ သိဒ္ဓိ
> ဟောတိ။

ဟူသော ဓမ္မသင်္ဂဏီ မူလဋီကာ စကားအရ ဓမ္မ၏ ကောင်းစွာ ဟောကြားအပ်သော ဓမ္မဖြစ်၍ ထိုကို အကြောင်းပြုခါ ဗုဒ္ဓ၌ ကြည်ညိုမှု၊ ဗုဒ္ဓ၏လည်း မယွင်းမချွတ် မှန်မြတ်သော ဒေသနာ ဓမ္မကို ဟောပြတတ်သော ပုဂ္ဂိုလ်၏ အဖြစ်ကို ပြသည် ဖြစ်၍ ဓမ္မ၌ ကြည်ညိုမှုဖြစ်လေသည်။ ထိုဗုဒ္ဓ, ဓမ္မ နှစ်ဌာန၌ ကြည်ညိုမှုကြောင့် ဗုဒ္ဓဟောပြတော်မူအပ်သောတရားကို ယုံယုံကြည်ကြည် ကျင့်ကြံလေသည့်ပြင် များစွာသော အကျိုး ပြီးစီးခြင်းလည်း ဖြစ်လေသည်-ဟု အဓိပ္ပါယ်လာရှိလေသည်။

ဤသို့ ညွှန်ပြသော မူလဋီကာ စကားအတိုင်း ဓမ္မရတနာ ကျမ်းပြုဆရာတော်သည် ဗုဒ္ဓ ဓမ္မ သံဃာ သုံးဖြာသောရတနာ၏ ဂုဏ်ကို အပြန်အလှန်ထောက်ထား၍ ကြည်ညိုမှုပွားများနိုင်ရန် ကျမ်းဂန် သာဓက အစားစားဖြင့် ထုတ်ပြတော် မူလေသည်။

ကျမ်းပြုရှင်သည် ဗုဒ္ဓဘာသာကို ကိုးကွယ်နေသောသူတိုင်း အဆင့်အတန်းမှီ ဗုဒ္ဓဘာသာဝင် ဖြစ်စေလိုသော ဆန္ဒ ရှိလေရကား သူ၏ကျမ်း၌ ဗုဒ္ဓဘာသာဝင်တဦး အနေဖြင့် သိသင့်သိထိုက်သော ဗုဒ္ဓ, ဓမ္မ, သံဃဂုဏ်တော်, သရဏဂုံ, သီလတို့ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့်ပြင် ကြည့်ရှုပြီး စာသားများ၌ မည်မျှ မှတ်သားမိသည်ကို အကဲဖြတ်နိုင်ရန် သင်္ခန်းစာများကိုပါ ထည့်သွင်းထားလေသည်။

သို့ဖြစ်၍ ဤ ဓမ္မရတနာ ကျမ်းသည် ဗုဒ္ဓဘာသာဝင်များအတွက် အထူးလိုအပ်သော ကျမ်းစာဖြစ်ရကား ဆရာတော်၏ အကွက်ကျကျ ရေးသားစီစဉ်မှုကြောင့်ပင် ဗုဒ္ဓဘာသာအခြေခံ ကျမ်းစာ များတွင် တည်ဆောက်ပုံ နည်းကျသော ကျမ်းစာကောင်းတစောင် ဖြစ်ပေသည် ဟု ထင်မြင် သဘော ရမိပါသတည်း။

(ဓမ္မာစရိယ) ဦးထွန်းသိန်း

၁၇-၃-၆၆

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရှိခိုးပန်ထွာဝန္ဒနာများ | ၁ |
| ဆုတောင်းတိုင်းရ ဘုရားရှိခိုး .... .... | ၃ |
| အကျဉ်းအားဖြင့် မြန်မာဘာသာ ရှိခိုးမှု .... | ၄ |
| သဘောအဓိပ္ပါယ် .... .... .... | ၄ |
| ဘုရားရှင်၏ ရုပ်ပုံတော် .... .... | ၇ |
| တိုက်တွန်းချက်ဥယျောဇဉ် .... .... | ၁၀ |
| ဂုဏ်တော်ဖွင့်ဘုရားရှိခိုးပါဠိအနက် .... | ၁၀ |
| တရားဂုဏ်တော် ခြောက်ပါး .... .... | ၁၃ |
| သံဃဂုဏ်တော်(၉)ပါး .... .... | ၁၄ |
| ဂုဏ်တော်ဖတ်စာ .... .... .... | ၁၆ |
| လက်တွေ့ဂုဏ်တော်ပွားရန် .... .... | ၂၄ |
| သမ္ဗုဒ္ဓေဂါထာတော်ကြီး .... .... | ၂၆ |
| ဗုဒ္ဓဘာသာသင်္ခန်းစာ (အမှတ်-၁) .... | ၂၉ |
| မေးခွန်းများ .... .... .... | ၃၂ |
| ဗုဒ္ဓဘာသာသင်္ခန်းစာ(အမှတ်-၁)၏ .... | |
| အဖြေလွှာများ .... .... | ၃၂ |
| ဩကာသအဓိပ္ပါယ်.... .... .... | ၃၇ |
| ကန်တော့သူဆိုရန်စသည် .... .... | ၄၀ |

# မာတိကာ


အကြောင်းအရာ — စာမျက်နှာ

ဆုတောင်းခန်းအဖွင့် ၄၉

ဘုရားကြီးဖြစ်ရန် ဆုတောင်း .... .... ၅၆

ပကတိသာဝကရဟန္တာဆုတောင်း .... ၅၇

အဂ္ဂသာဝကဆုတောင်း .... .... ၅၈

အမျိုးသမီးများဆုတောင်း .... .... ၅၈

ဆုတောင်းပုံဟန်မရ သံသရာဘဝကျင်လည်ပုံ ၆၀

သရဏဂုံသင်တန်း ၇၃

သရဏဂုံအပြားနှစ်ပါး .... .... ၈၂

သရဏဂုံခံယူပုံ .... .... .... ၈၄

သရဏဂုံယူရန် .... .... .... ၈၆

ဗုဒ္ဓသရဏဂုံအတွက်ကြည့်ရှုရန်စသည် .... ၈၇

သီလသင်တန်း ၉၄

ငါးပါးသီလ .... .... .... ၉၄

ဥပုသ်သီလအမျိုးမျိုး .... .... ၁၁၅

ရှစ်ပါးသီလ .... .... .... ၁၁၇

ဆယ်ပါးသီလ .... .... .... ၁၂၀

အာဇီဝဋ္ဌမကသီလ .... .... .... ၁၂၃

သာသနာတွင်းသာသနာပနှစ်ဌာန၌ သီလ....
ဆောက်တည်ကြပုံ .... .... ၁၃၂

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒုစရိုက်သင်ကြားခဏ်း | ၁၃၇ |
| ကာယကံသုံးပါး .... .... .... | ၁၃၉ |
| ဝစီကံလေးပါး .... .... .... | ၁၄၆ |
| မနောကံသုံးပါး .... .... .... | ၁၅၂ |
| ဘာသာရေးအမေးအဖြေလွှာ | ၁၅၇ |
| လူလိမ္မာလမ်းညွှန် | ၁၇၀ |
| နိဂုံး | ၁၉၇ |

# ဓမ္မရတနာကျမ်း

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

ရှိခိုးပန်ထွာ ဝန္ဒနာများ

၁ ဝန္ဒေတဗ္ဗံ ဝန္ဒာရဟံ၊
၂ ပူဇေတဗ္ဗံ ပူဇာရဟံ။
၃ မာနေတဗ္ဗံ မာနာရဟံ၊
ဝန္ဒာမိ သိရသာ မဟံ။

၁။ သတ္တဝါအပေါင်း၏ဆရာဖြစ်၍ ရှိခိုးအပ်ရှိခိုးထိုက်သော ဘုရားသဗ္ဗညုကို အကျွန်ုပ်သည် ရိုသေစွာ ရှိခိုးပေ၏။

၂။ သတ္တဝါတို့၏ မှီခိုအားထားလောက်၍ ပူဇော်အပ်ပူဇော် ထိုက်သော မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်တို့ကို ရိုသေစွာ ရှိခိုး ပေ၏။

၃။ သတ္တဝါတို့၏ ပူဇော်အထူးခံဖြစ်၍ မြတ်နိုးအပ် မြတ်နိုး ထိုက်သော မဂ်ဖိုလ်တရားမြတ်ကို အားထုတ်ပြီး အား ထုတ်ဆဲ သံဃာတော်မြတ်ကို ရိုသေညွတ်ပျောင်း မြတ်

သော၁ဥက္ကောင်းဖြင့် သူငါခေါ်ရာ ရုပ်နာ၁မ်နှစ်ဖြာသည်
ဦးညွှတ်ရှိသေ ရှိခိုးပေ၏။

ကျားကူးဓမ္မဗိမာန်တော်ကြီးဝယ် ကိန်းဝပ်စမ္မယ်တော်
မူနေသော ရောင်ခြည်တော် ခြောက်သွယ်
ဆုတောင်းပြည့် ဘုရားရှိခိုး

နီလဉ္စ ပီတဉ္စာပိ၊
လောဟိတဉ္စ ပဘာဿရံ။
ဩဒါတဉ္စ မဉ္ဇိဋ္ဌံ၊
သဒါ ဗုဒ္ဓံ အဟံ နမေ။

နီလဉ္စ၊ လက္ခဏာကြီးငယ် ဆန်းတကြယ်တို့ဖြင့် သပ္ပါယ်
တင့်တယ်တော်မူလှသော ကိုယ်တော်မြတ်၏ ရူပကာယတော်၌
ဆံတော် မုတ်ဆိတ် မျက်လုံးတော် အစိတ်တို့မှ မိုဃ်းတိမ်ရိပ်
အပေါ်မှာ ပြာရင့်လှာပုဆိုးကို ဖြန့်မိုးကာလွှားသော အရောင်
ကဲ့သို့ ညိုပြောင်ပြောင် တောက်လောင်သော နီလရောင်ခြည်
တော်လည်း ရှိတော်မူထသော....။

ပီတဉ္စာပိ၊ မျက်လုံးတော်နှင့် အရေတော်တဝ ရွှေလမင်း
ပမာ ဝင်းဝါသော ဌာနတို့မှ ရပ်ဒေသ အများတို့၌ ရွှေပုဆိုး
ရွှေပြားတို့ကို ဖုံးလွှမ်း ထားသလိုပင် ပြောင်ရွှေ ထွန်းပသော
ပီတရောင်ခြည်တော်လည်း ရှိတော်မူထသော....။

လောဟိတဉ္စ၊ နီနီတွေးတွေး အသွေးအသားတော် အစိတ်
တို့မှ ကြွတ်ညက်သော နှုးညံ့နီတျာ ကမ္ဗလာနီ အဆင်းကဲ့သို့
ချင်းချင်းနီတွေးသော လောဟိတရောင်ခြည်တော်လည်းရှိတော်
မူထသော....။

ဩဒါတဉ္စေဝ၊ သွားတော်လေးဆယ် စွယ်တော်လေးချောင်း ရိုးတော်ပေါင်းသစ်သစ် ဖြူနစ်သော မျက်လုံးတော် အရပ်တို့မှ ငွေလဝန်းအတူ စန္ဒြာရောင်ကြူကြူကဲ့သို့ ဖြူပြောင်ပြောင် ထွန်းလင်းတောက်ပသော ဩဒါတ ရောင်ခြည်တော်လည်း ရှိတော်မူထသော....။

မဉ္ဇိဋ္ဌံ၊ လဝန်းတိမ်ရိပ် နေရိပ်တိမ်လျှောင် တိမ်တောင်မီးခိုး ပိုးကတ္တီပါ မဟူရာ အပေါင်းကဲ့သို့ မှောင်းမှောင်းကြီး ထွန်းပသော မဉ္ဇိဋ္ဌရောင်ခြည်တော်လည်း ရှိတော်မူထသော....။

ပဘဿရဉ္စ၊ လျှပ်စစ် ပန်းအိမ် ရှက်လိမ် ကွန့်ဖြိုး သကဲ့သို့ ပြိုးပြိုးပြက်ပြက် တခဲနက်ထွက်သော ပဘဿရရောင်ခြည်တော် လည်း ရှိတော်မူထသော....။

ဗုဒ္ဓံ၊ သိသင့်သမျှ ဉေယျဥဿုံ အလုံးစုံကို အကုန်သိမြင် ဘုရားရှင်ကို။ သဒါ၊ နေ့ညဉ့်မပြတ် အမြဲကပ်၍သာလျှင်။ အဟံ၊ ဖြစ်ပေါ်အဟုတ် နာမ်နှင့်ရုပ်မျှ ခေါ်ကြသမုတ် အကျွန်ုပ်သည်။ နမေ နမာမိ၊ ကိုင်းရှိုင်းရိုသေ ကိုယ်နေ ညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

## ဆုတောင်းတိုင်းရ ဘုရားရှိခိုး

သဗ္ဗညူ သမ္မာသမ္ဗုဒ္ဓေါ၊
ဩဘာသေဟိ ဒေတု ဝရံ။
အတိသောဘေန္တော မင်္ဂလံ၊
ဣစ္ဆိတံ မယှံ ပတ္ထိတံ။

ဩဘာသေဟိ၊ လက္ခဏာတော်ကြီးငယ် ရောင်ခြောက်သွယ် တို့ဖြင့်။ အတိသောဘေန္တော၊ လူနတ်တို့၏အမြင်ဝယ် ကြည်ညို လို့မဝနိုင်အောင် အလွန် တင့်တယ် သပ္ပါယ်တော် မူလှသော။ သဗ္ဗညူ၊ လုံးစုံဓမ္မ သိအပ်သမျှတို့ကို ဆရာမရှိ မိမိ အလိုလို ထိုးထွင်း၍ သိတော်မူပေသော။ သမ္မာသမ္ဗုဒ္ဓေါ၊ ကောင်းစွာ ထင်ထင် အမှန်သိမြင်ပေသောဘုရားရှင်သည်။ မယှံ၊ ဓမ္မဗိမာန် တော်အတွင်း ချဉ်းနင်း ရောက်လာ ဝတ်ပြုကာ နေပါသော တပည့်တော် တပည့်တော်မ၏။ ဣစ္ဆိတံ၊ စိတ်ဖြင့်မှန်းဆ လိုတ အပ်သမျှသော။ ပတ္ထိတံ၊ စိတ်တွင်မက နှုတ်ကမြွက်ဆို တောင့် တအပ်တိုင်းသောအလိုဟူဆိုအပ်သော။ ဝရံ၊ မြတ်သောတောင့် တခြင်းဟူသော။ မင်္ဂလံ၊ ကောင်းကျိုး မြားမြောင် ကောင်း ရှက်ဆောင်ဖို့ ကောင်းအောင် ဖြာဖြာ အောင်ဆု မင်္ဂလာကို။ ဒေတု၊ သတ္တဝါအများ ရင်ဝယ်သားဖြင့် ကရုဏာရှေးရှု ပေး သနားတော်မူပါဘုရား။

## အကျဉ်းအားဖြင့် မြန်မာဘာသာရှိခိုးမှု

လက္ခဏာတော်ကြီးငယ် ရောင်ခြောက်သွယ်ဖြင့် လူနတ်တို့၏ အလယ်ဝယ် အလွန်ပင်တင့်တယ်တော်မူပေသော သဗ္ဗညူဘုရား ရှင်သည် တပည့်တော် တပည့်တော်မ၏ စိတ်ဖြင့် တောင့်တ နှုတ်ကမြွက်ဆို လိုအပ်သမျှ ကောင်းကျိုးထိုထိုကို သနားကရုဏာ ရှေ့ထားကာဖြင့် ပေးသနားတော်မူပါဘုရား။

## သဘောအဓိပ္ပါယ်

ရောင်ခြည်တော် ခြောက်သွယ် ဘုရားရှိခိုး၏ သဘော အဓိပ္ပါယ် ပြပေအံ့။

ဘုရားရှင်၏ ခန္ဓာ သန္တာန်၌ ညစ်နွမ်း စေတတ်သော ကိလေသာအာသဝေါ ကုန်ခန်းနေမှုကြောင့် ကိုယ်တော်၏ ရူပကာယ တော်သည်လည်း အထူးပင် ကြည်လင် တောက်ပြောင်နေပေ၍ စိတ်တော်က အလိုရှိသလိုပင် ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် တလက်လက် ဖြိုးဝေ လွန်စွာကြည်နူးဘွယ်ဖြစ်၍နေပေတော့သည်။

ဥပမာ အားဖြင့် ဘုရားရှင်ကို မဆိုထားနှင့် လူသာမန်တို့သည်ပင် စိတ်ဓာတ်ကြည်လင်သည် ဆိုပါက အသားအရေများလည်း ကြည်လင် သန့်ရှင်း၍ နေသည်ကို မျက်မြင် ကိုယ်တွေ့ဖြစ်ကြပေလိမ့်မည်။ စိတ်ဓာတ်ညစ်နွမ်းပြီဆိုပါက စိတ်ထောင်းတော့ကိုယ်ကြေ ဆိုသလို အသား အရေ များလည်း မပြောင်မလက်တော့ဘဲ ညစ်နွမ်းနွမ်းပေတေတေဖြစ်နေသည်ကို တွေ့မြင်နိုင်ပေသည်။ သတ္တဝါတို့၌ စိတ်ဓာတ်သည် အခရာ ဖြစ်၍ စိတ်အဆင်း မလှပါက ရုပ်လည်း အဆင်းမလှနိုင်ပေ။ ထို့ကြောင့် အဋ္ဌကထာဆရာကြီးများက လောဘအားကြီးသူ၏ နှလုံးသွေးသည် နီ၍နေပေသည်၊ ဒေါသ အားကြီးသူ၏ နှလုံးသွေးသည် နက်လျက်နေပေသည်၊အကြံအစည် ဝိတက်များသူ၏ နှလုံးသွေးသည် ပဲပြုတ်ရေ သဘွယ် နောက်ကျုကျုဖြစ်၍ နေပေသည်။ ပညာဉာဏ် ကြီးမားသူ၏ နှလုံးသွေးသည် ပတ္တမြားလုံးကြီးများကဲ့သို့ ဝင်းဝင်းတောက်ပြောင် နေပေ၏။ သဒ္ဓါတရားအားကောင်းသူ၏ နှလုံးသွေးသည် ပုလဲလုံးများကဲ့သို့ ဖြူဖွေးလျက်နေ၏။

ထို့ကြောင့် ရှေးဆရာကြီးတို့သည် အဋ္ဌကထာလာ အဓိပ္ပါယ်ကို ကြည့်၍–

လောဘနီလျက်၊ ဒေါသနက်၊ ဝိတက်ပဲပြုတ်ရော။
ပတ္တမြားမှာ၊ ကြီးပညာ၊ သဒ္ဓါ ပုလဲပေ။

ဟူ၍ လင်္ကာမှာတမ်း စပ်ဆိုကြပေကုန်သည်။

ထို့ကြောင့် ဘုရားရှင်၌—

၁။ နီလ—အောက်မဲညိုပန်း၊ ကြာညိုပန်း အဆင်းစသည်နှင့်တူသော ညိုသောရောင်ခြည်တော်။
၂။ ပီတ—ရွှေအဆင်း၊ မဟာလှေခါးပန်း အဆင်းစသည်နှင့်တူသော ဝါရွှေသောရောင်ခြည်တော်။
၃။ လောဟိတ—ဟင်္သပြဒါး ချိပ်ရည်ခေါင်ရမ်း ပန်း အဆင်း စသည်နှင့်တူသော နီသော ရောင်ခြည်တော်။
၄။ ဩဒါတ—ငွေအဆင်း၊ နို့ရည်အဆင်း စသည်နှင့်တူသော ဖြူသောရောင်ခြည်တော်။
၅။ မဉ္ဇိဋ္ဌ—မိုးကြိုး သပြေမှည့်၊ ခိုညိုအဆင်း စသည်နှင့်တူသော မောင်းသောရောင်ခြည်တော်။
၆။ ပဘဿရ—အဆင်းအရောင် အမျိုးမျိုး ရောယှက်လျက် ပြိုးပြိုးပြက်သောရောင်ခြည်တော်။

ဤရောင်ခြည် ခြောက်ပါးတို့သည် အဆင်း အမျိုးမျိုး ရှိသော ဖလ်,မှန်,စိန်,ကျောက်တို့ကို စီ၍ထားသော စေတီတော်စသည်တို့မှ နေရောင် သင့်သောအခါ အရောင်အမျိုးမျိုး ထွက်ကုန် သကဲ့သို့ ကိုယ်တော်မြတ်၏ ညိုရာအရပ်စသည်တို့မှ ထွက်လတ်ကုန်၏။

ဆံမုတ်ဆိတ် မွေးညှင်း မျက်နက်ဝန်း စသော ညိုသော ကိုယ်တော်အရပ်မှ ညိုသောရောင်ခြည်တော်တို့သည် ထွက်လတ်ကုန်၏။

ဝါသော အရေ မျက်လုံးတွင်း၌ ဝါသောအကြော ဝါသော ကိုယ်တော် အရပ်တို့မှ ရွှေဝါ ရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

အသား, အသွေး, လက်ဖဝါး, ခြေဖဝါး, ခြေသည်း, လက်သည်း, မျက်လုံးတွင်း၌နီသောအကြောစသောနီသောကိုယ်တော်အရပ်တို့မှ နီသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

စွယ်တော်အရိုး မျက်ဖြူဥဏ္ဏာလုံ မွေးရှင်အစရှိသော ဖြူသော ကိုယ်တော်အရပ်တို့မှ ဖြူသော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းသော ထိုထိုကိုယ်တော် အရပ်တို့မှ မောင်းသောရောင်ခြည်တော် ပြိုးပြိုးပြက်သောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ကိုယ်တော်တို့မှ ထွက်လတ်သော အရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပ နိုင်းယှဉ်စရာမရအောင် လှပတင့်တယ် လူနတ်တို့၏ ရှုစဘွယ် ဖြစ်၍ ကြည်ညိုလို့ မဝနိုင်အောင်ဖြစ်၍ နေပေသော သုံးလူ့ ထိပ်တင် သဗ္ဗညုဘုရားရှင်ကို ရှိသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏။

## ဘုရားရှင်၏ ရုပ်ပုံတော်

သက်တော်ထင်ရှားရှိသော ဘုရား၏ ရုပ်ပုံတော် အသွင်ကို အာရုံထင်လာအောင် ဖူးမြင်ရပုံကို ပြဆိုဦးအံ့။

ဘွင့်၍ထားသော ထီးဝန်းနှင့်တူစွာ ညီညာဝိုင်းစက်သော ရေပွက်ကဲ့သို့ ပြေပြစ်ချောမော လုံးဝန်းသော ဦးခေါင်းတော်။

ဦးခေါင်းထက်၌ ဆန်းကြယ်သော မကိုဋ်ကို တင်စွပ်ဆင်ထားဘိသကဲ့သို့ အဖျား မူပြီးလျှင် ချွန်၍ တည်သော ပိတုန်းရောင်ကဲ့သို့ မည်းညိုစိုပြည်သော ပြေပြစ်နူးညံ့ ကောင်းသော အနံ့ရှိသော ဘုရားရှင်၏ လက် ၂-သစ် ပကတိလူတို့၏ လက် (ကိုးသစ်ခန့်) ၉-သစ်ခန့် ရှည်သော ဆံတော် ဟူသော ကေတုမာလာ ရောင်လျှံတော်။

နဖူးပန်းဆံ ၂-ဘက်မှစ၍ မောက်ထပြီးလျှင် နဖူးတပြင်လုံး ဖုံး၍ တည်သော အသားလွှာ ဟူသော သင်းကျပ်ရှိသော ရှည်လျားကျယ်ပြန့်သော နဖူးတော်။

နဖူးတော်အလယ်၌ အရုဏ်ရောင်နီ အပြင်ဝယ် သောက်ရှူးကြယ် ထင်သကဲ့သို့ လကျ်ာရစ်လည်လျက် အထက်သို့ အဖျားမူ၍ တည်သော နူးညံ့ဖွာစင်သော ဥဏ္ဏာလုံမွေးရှင်တော်။

သုံးရက်လဟာန် စိုသက်တန်ကဲ့သို့ သန္တာန် ကောင်းသော အထက်သို့ အဖျားမော့၍ ကော့သော သိမ်မွေ့သော အမွေး ရှိသော ရှည်လျားကျယ်ပြန့်သော မျက်ခုံးတော်။

မဝင်မထွက် ထိုခဏ ဖွာသော နွားနီငယ်၏ မျက်ကွင်း ကဲ့သို့ ပွင့်လင်းရွှန်းစည် ကြည်သော မျက်ကွင်းတော်။

ကျယ်ပြန့်ရှည်လျား အဆင်းငါးပါးတို့ဖြင့် လွန်စွာ တင့်တယ်သော မျက်လုံးတော်။

ရွှေချွန်းကဲ့ထို တင့်တယ်မြင့်ချွန်းသော နှာခေါင်းတော်။

ပခုံးထက်မှာ ဝဲလျက်ရှည်လျား ပြိုးပြက်သော နားရွက်တော်။

ရွှဲ့စောင်း၊နိမ့်၊မြင့်မရှိ ပြည့်စုံသော ပါးပြင်တော်။
ခြင်္သေ့မင်း၏ အောက်မေး လဆန်း ၁၂-ရက် လရေးကဲ့သို့ ပြည့်ဖြိုးသော မေးတော်အစုံ။
ရှည်လျားကျယ်ပြန့်သော ခံတွင်းတော်။
နီမြန်းသော နှုတ်ခမ်းတော်။
သွားဖုံးတော်။
သောက်ရှူးကြယ် ကဲ့သို့ ဖြူစင်တင့်တယ်သော စွယ်တော် လေးချောင်း။
စေ့စပ်ညီညာ သိမ်မွေ့ စင်ကြယ်သော စွယ်တော် လေးချောင်းနှင့် သွားတော် လေးဆယ်။
ဦးသစ်သော ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ကိုယ်ဆီ ချွေးစေး၊မှုန့်ညစ်ကြေးမျှ မကပ်နိုင်အောင် နူးညံ့သော အရောင်အဆင်းတော်။
မျက်စဥ်းညိုကဲ့သို့ မည်းညိုစိုပြေသော လက်ျာရစ်လည်လျက် အထက်သို့ အဖျားမူ၍ တည်သော မုတ်ဆိတ် ကျင်စွယ် စသော မွေးညှင်းတော်။
ကိုယ်တော်မြတ်၏ ဖြူ၊နီ၊ရွှေ၊ညို ထိုထိုအရပ်တို့မှ ညိုသော ရောင်ခြည်တော်စသည် ထွက်လတ်၍ စန်းကျင်ပတ်လည် တလံမျှသောက် ထွန်းလင်းတောက်ပ၍ တည်သော ခြောက်ပါးသော ရောင်ခြည်တော်။
ဤသို့ ဆိုအပ်ပြီးသော လက္ခဏာတော်ကြီးငယ် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် လပြည့်ဝန်းသဖွယ် တင့်တယ်လှစွာ မျက်နှာတော် ရှိတော်မူသော မြတ်စွာဘုရားကို ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ဤသို့ ဆိုအပ်ပြီးသော နည်းကိုမှီး၍ ကိုယ်တော်၌ ရအပ်သော လက္ခဏာကြီးငယ် ရောင်ခြည်တော် ခြောက်သွယ်တို့ကို စပ်ဟပ် နှိုးနှော၍ပြီးလျှင် အလုံးစုံသော ကိုယ်တော်ကြီးကိုပင် မြင်အောင် အာရုံယူရမည်။ ။သက်တော်ထင်ရှား ဘုရား၏ ရူပကာယအသွင် ထင်မြင်အောင် အာရုံယူနည်း အမြွက်ပြီး၏။

## တိုက်တွန်းချက် ဥယျောဇဉ်

ဤဆိုအပ်ပြီးသော အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ-စသော နာမကာယဂုဏ်တော်၊ သိရိဘုန်းတော်အရ လက္ခဏာကြီးငယ် ရောင်ခြောက်သွယ်တို့ဖြင့် အတုမရှိ လှပတင့်တယ်တော်မူသော ရူပကာယဂုဏ်တော်တို့ကို သိမှသာလျှင် ကိုးကွယ်ရာ ဖြစ်သော အရှင်ဂေါတမဘုရား၏ အစိန္တေယျ, အပ္ပမေယျ မကြံစည်အပ် မနှိုင်းယှဉ်အပ် အတုမရှိ မြတ်သည်ကို သိနိုင်မည်။

အတုမရှိ မြတ်သည်ကိုသိမှလည်း ဟောတော်မူအပ်သော တရားတော်ကို သက်ဝင်၍ ယုံကြည်နိုင်မည်။ ယုံကြည်နိုင်မှလည်း တရားတော်လာတိုင်း ကြဉ်ရှောင်အပ်သော တရားကို ကြဉ်ရှောင် ကျင့်အပ်သောတရားကို ကျင့်နိုင်မည်။ ကြဉ်ရှောင်နိုင်ကျင့်နိုင်မှလည်း မိမိတို့တောင့်တကြသော နိဗ္ဗာန်ကိုရနိုင်မည် ဖြစ်သောကြောင့် နိဗ္ဗာန်ကို အလိုရှိသော ဗုဒ္ဓဘာသာ လူမျိုးတို့သည် သိသင့်ရာဌာနတို့ကို သိရှိနားလည်ကြပြီးလျှင် မပြတ် ကိုးစားကြရာ၏။

## ဂုဏ်တော်ဘွင့် ဘုရားရှိခိုး ပါဠိအနက်

ဣတိပိ သော ဘဂဝါ၊ (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃) ဝိဇ္ဇာစရဏ သမ္ပန္နော၊ (၄) သုဂတော၊

(၅) သောကဝိဒူ၊ (၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ (၇) သတ္ထာ ဒေဝမနုဿာနံ၊ (၈) ဗုဒ္ဓေါ (၉)ဘဂဝါ။

၁။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော် အထူးကို ခံတော် မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟမည်တော်မူပါပေ၏။

၂။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ သစ္စာလေးပါး တရားအပေါင်းကို အကြွင်း မရှိ ကိုယ်ပိုင်ဉာဏ်ဖြင့် ဟုတ်မှန်စွာသိတော်မူသော အကြောင်း ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည် ဘော်မူပါ ပေ၏။

၃။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ ဝိဇ္ဇာ သုံးပါး ဝိဇ္ဇာ ရှစ်ပါး စရဏ တဆယ့် ငါးပါးတို့နှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။

၄။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ ကောင်းသော စကားကိုသာ ဆိုတော်မူ တတ်သော အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။

၅။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ သတ္တလောက သင်္ခါရလောက ဩကာသ

လောက တည်းဟူသော သောကသုံးပါးကို ထင်ရှားစွာသိမြင်ခြင်းတည်းဟူသော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါပေ၏။

၆။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ ၁စ ကာရဏေန၊ ဤသို့ မိမိထက် လွန်မြတ်သောသူ မရှိသည်ဖြစ်၍ ဆုံးမထိုက်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို ကောင်းစွာ ယဉ်ကျေးအောင် ဆုံးမတော် မူတတ်သော အကြောင်းကြောင့် လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မ သာရထိ မည်တော်မူပါပေ၏။

၇။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ ၁စ ကာရဏေန၊ ဤသို့ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော် မူသော အကြောင်းကြောင့်လည်း။ သတ္ထာ ဒေဝ မနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူပါပေ၏။

၈။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ ၁စ ကာရဏေန၊ ဤသို့ သစ္စာလေးပါး တရားအပေါင်းကို ကောင်း စွာ ထိုးထွင်း၍ သိတော် မူသော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူပါပေ၏။

၉။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ ၁စ ကာရဏေန၊ ဤသို့ ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တဟူ ဘုန်းခြောက်ဆူနှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့် လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပါပေ၏။

ဣတိ ဣမေဟိ နဝဂုဏေဟိ၊ ဤဂုဏ်တော် ကိုးပါး တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော် မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ ဘုရား တပည့်တော်သည်။ ဝန္ဒာမိ၊ ကြည်ညိုသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

တရားဂုဏ်တော် ခြောက်ပါး

(၁) သွာက္ခာတော ဘဂဝတာ ဓမ္မော၊ (၂) သန္ဒိဋ္ဌိကော၊ (၃) အကာလိကော၊ (၄) ဧဟိပဿိကော၊ (၅) ဩပနေယိကော၊ (၆)ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၁။ ဘဂဝတာ၊ ဣဿရိယ စသည် ထင်ရှား ဘုန်းတော် ခြောက်ပါးနှင့်ပြည့်စုံဘော်မူသော မြတ်စွာဘုရားသည်။ ဓမ္မော၊ မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ စ လယ် အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံစွာ ကောင်းစွာ ဟောကြားတော်မူအပ်၏။

၂။ ဓမ္မော၊ လောကုတ္တရာတရားကိုးပါးသည်။ သန္ဒိဋ္ဌိကော၊ ကောင်းစွာ ကိုယ်တိုင် ရှုမြင်အပ်၏။

၃။ ဓမ္မော၊ မဂ်လေးပါး တရားသည်။ အကာလိကော၊ အခါမလင့် ကောင်းကျိုးချမ်းသာကို ပေးတတ်၏။

၄။ ဓမ္မော၊ လောကုတ္တရာ တရား ကိုးပါးသည်။ ဧဟိပဿိကော၊ လာလှည့် ရှုလှည့် ဟူသော စီရင်ခြင်းငှာထိုက်တော်မူပါပေ၏။

၅။ ဓမ္မော၊ လောကုတ္တရာ တရား ကိုးပါးသည်။ ဩပနေယိကော၊ မိမိ၏စိတ်၌ ကပ်၍ ဆောင်ခြင်းငှာ ထိုက်တော် မူပါပေ၏။

၆။ ဓမ္မော၊ လောကုတ္တရာတရားကိုးပါးသည်။ ဝါ၊ လောကုတ္တရာတရား ကိုးပါးကို။ ဝိညူဟိ၊ ပညာရှိ တို့သည်။ ပစ္စတ္တံ၊ အသီးသီး မိမိတို့စိတ်၌။ ဝေဒိတဗ္ဗော၊ သိအပ် ရှုအပ် ခံစား အပ်၏။

ဣတိ ဣမေဟိ ဆဂုဏေဟိ၊ ဤဂုဏ်တော်ခြောက်ပါးတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ ဓမ္မံ၊ တရားတော်မြတ်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒာမိ၊ ကြည်ဆွသဒ္ဓါ ရှိခိုး ပါ၏ အရှင်ဘုရား။

## သံဃဂုဏ်တော် ၉-ပါး

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ (၂) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ (၃) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ (၄) သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ (ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝက သံဃော)၊ (၅) အာဟုနေယျော၊ (၆) ပါဟုနေယျော၊ (၇) ဒက္ခိဏေယျော၊ (၈) အဉ္ဇလိကရဏီယော၊ (၉) အနုတ္တရံ ပုညခေတ္တံ လောကဿ။

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သုပ္ပဋိပန္နော၊ အကျင့်သိက္ခာ ဆိုင်ရာ ကျင့်ဝတ်တို့ကို ကောင်းစွာကျင့်တော်မူ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ တပည့်သား သံဃာတော်သည်။ ဥဇုပ္ပဋိပန္နော၊ အကျင့် သိက္ခာ ဆိုင်ရာကျင့်ဝတ်တို့ကို ဖြောင့်မတ်စွာကျင့်တော်မူတတ်၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ တပည့်သား သံဃာတော်သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုး ငှာ လျော်ကန်စွာ ကျင့်တော်မူ၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ တပည့်သား သံဃာတော်သည်။ သာမိစိပ္ပဋိပန္နော၊ အရိုအသေ ပြုခြင်းငှာ ထိုက်အောင် အကျင့်သိက္ခာ ဆိုင်ရာ ကျင့်ဝတ်တို့ကို ကျင့်တော်မူ၏။

၅။ စတ္တာရိ၊ လေးယောက်ကုန်သော။ ယဒိဒံ ယာနိ ဣမာနိ ပုရိသယုဂါနိ၊ အကြင် ယောကျ်ားမြတ် အစုံတို့သည်။ အဋ္ဌ၊ ရှစ်ယောက် ကုန်သော။ ယဒိဒံ ယေ ဣမေ ပုဂ္ဂလာ၊ အကြင် အသီးသီးသော ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ သော သာဝကသံဃော၊ အစုံအားဖြင့် လေးယောက် အသီးသီး အားဖြင့် ရှစ်ယောက် ကုန်သော သံဃာတော်မြတ်သည်။ အာဟုနေယျော၊ အဝေးမှ ဆောင်၍ မူလည်း ကြည်ဖြူလေးမြတ် ပူဇော်အပ်သော ပစ္စည်းလေးရပ်ကို ခံတော်မူထိုက်၏။

၆။ ပါဟုနေယျော၊ ချစ်နှစ်လိုမှု အာဂန္တု ဧည့်သည်တို့ အလို့ငှာ ကောင်းစွာစီရင်၍ ထားအပ်သည့် မြတ်သော အလှူ ကိုလည်း ခံတော်မူထိုက်၏။

၇။ ဒက္ခိဏေယျော၊ သတ္တဝါတို့၏ ချမ်းသာကြီးပွားကြောင်း ကောင်းစွာကြည်ဖြူ ကပ်လှူအပ်သည့် မြတ်သော အလှူကိုလည်း ခံတော်မူထိုက်၏။

၈။ အဉ္ဇလီ ကရဏီယော၊ ကောင်းကျိုး လိုလား နတ်လူ အများတို့၏ လက်အုပ်ချီမိုး ရှိခိုးခြင်းကိုလည်း ခံတော် မူထိုက်၏။

၉။ လောကဿ၊ ဗြဟ္မာ, နတ်, လူ သုံးဘုံသူ၏။ အနုတ္တရံ၊ နှိုင်းရာကင်းဘိ အတု မရှိသော။ ပုညခေတ္တံ၊ ကောင်းမှု မျိုး၏ စိုက်ပျိုးကြဲချရာ လယ်တာမြေကောင်းသဘွယ်လည်း ဖြစ်တော်မူပါပေ၏။

ဣတိ ဣမေဟိ နဝဂုဏေဟိ၊ ဤ ဂုဏ်တော် ကိုးပါး တို့နှင့်။ သမ္ပန္နာဂတံ၊ ပြည့်စုံတော် မူသော။ သံဃံ၊ ရှစ်ယောက်သော အရိယာ သံဃာတော်မြတ် အပေါင်းကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဝန္ဒာမိ၊ ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

## အရဟံဂုဏ်တော် ဖတ်စာ

ဂုဏ်တော်ပါဠိအနက်ကို ရွတ်ဆိုခိုင်းပြီးမှသာလျှင် ဖတ်ကြားရန် ဖြစ်သည်။

အရဟံဂုဏ်တော်ကို အရဟံ အ–ရဟံ အ–ရဟံ ဟု သုံးမျိုးခွဲခြား၍ ဖတ်ကြားနိုင်သည်၊ အနက် အဓိပ္ပါယ် တခြားစီ ဖြစ်၏ဟု မှတ်သားပါ။

(က) အရဟံ–၌ ဘုရားရှင်သည် အတုမရှိသော ကံ,ဉာဏ်, ဝီရိယ,ဇွဲ,လုံ့လတို့ကြောင့် အတုမရှိ မြင့်မြတ် ကြီးကျယ်သော သီလ, သမာဓိ, ပညာ, သိက္ခာ သုံးဝတို့၏ ထက်ဝန်းကျင်ပြည့်စုံလာမှုကြောင့် ဤလောကဓာတ်ကြီးဝယ် ထင်ရှားရှိကုန်သော လူတွေ, နတ်တွေ, ဗြဟ္မာတွေထက် ကဲလွန်ပိုမောက် အထူးသဖြင့် ပူဇော်ခံအဆင့်သို့ ရောက်လျက်ရှိပေ၏။

ခ) အရ–ဟံ၌ ဘုရားရှင်သည် မိမိကိုယ်ရင်း၊ သတ္တဝါတို့ကိုယ်ရင်း အဘိုးတန် ဂုဏ်သိက္ခာတို့မှ တဖြေးဖြေး အဆင့်အတန်း

နိမ့်ကျစေ၍ သမုဒ္ဒရာ ပင်လယ် ပြင်ကြီးနှင့် တူသော ဆင်းရဲ မျိုးစုံမှ မလွတ်ကုန်အောင် ပြုလုပ် နိုင်သော ကိလေသာ အကုသိုလ် ရန်သူများစွာတို့ကို နောင်တဖန် မဖြစ်ပွားအောင် မဂ်ဉာဏ်လက်နက်အားဖြင့် အကြွင်းမဲ့ ဖြိုခွင်း သုတ်သင် ပယ်ရှင်းနိုင်ပေသော သတ္တိထူးနှင့် ပြည့်စုံပေ၏။

၁ ) အ–ရဟံ၌ လောကသား တို့သည် ရုပ်,နာမ် အစဉ်၌ စရိုက်ဆိုး ဝါသနာဆိုးတို့ဖြင့် အမျိုးမျိုး လေ့ကျက် ပွားထုံခဲ့မှုကြောင့် ထိုထိုအာရုံ ကာမဂုဏ် ဟူသော မက်မောစရာတို့နှင့် တွေ့ကြုံလာပါက အခွင့်သာလျှင် သာသလို မကောင်းမှုတရား တိုးပွား လာခြင်းသည် ဓမ္မတာလမ်းစဉ်သဘွယ် ဖြစ်ပေ၏။ ဗုဒ္ဓဘုရားရှင်ကား– ဤသို့ မဟုတ်ပါချေ။ မကောင်းမှု ပြုရန် အတန်တန် အခွင့်ကြုံရှိနေသော်လည်း ဗီဇမျိုးစေ့ကို ပယ်ချသုတ်သင် ခုတ်ထွင် ရှင်းလင်းပြီး ဖြစ်၍ နောက်နောင် ချိန်ခါ မကောင်းမှု ဆိုဒါကို ဝါသနာနှင့်တကွ ကျူးလွန် ပြစ်မှားခြင်း အလျှင်းပင်မရှိ ထူးကဲသော ဂုဏ်ထူးနှင့် ပြည့်စုံဘိ၏။

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ဖတ်စာ

ဂုဏ်(၉)ပါး ပါဠိအနက်ကို ရအောင်ကျက်၍ ရွတ်ဖတ်ခိုင်း းမှ ဖတ်စာကို ဖတ်ရန်ဖြစ်သည်။

(၁) ဗုဒ္ဓမြတ်စွာဘုရား၏ ကြည်လင်သန့်ရှင်းသော စိတ်တော် အစဉ်ဝယ် လွန်စွာ ထက်မြက်သော ဉာဏ်တော် ဓာတ်

သည် ယှဉ်ကပ်ပါ၀င်နေပေသည်။ ထိုဉာဏ်တော်ဓာတ်၏ စွမ်းရည် သတ္တိဖြင့် ကပ္ပါလောကဌ် သိစရာ ဟူသမျှကို ဆရာမကူ အကုန်အစင် သိမြင်တော်မူနိုင်ပါသည်။

(၂) ထိုသို့ သိမြင်တော်မူရာ၌ အသိအမြင် မှားယွင်းသော အရာသည်း မရှိပါ၊ ဟုတ်မှန်တိုင်းသာလျှင် သိမြင်တော် မူနိုင်ပါသည်။ ဗုဒ္ဓဖြစ်မှ သိရသောအရာတို့၌ နည်းပေး လမ်းပြသော ဆရာမရှိပါ၊ ပြခဲ့သော ဉာဏ်တော်ဓာတ် ဖြင့် ကိုယ်တော်တိုင်သာ သိတော်မူပါသည်။

(၃) သမ္မာ–ဟူသော ပါဠိစကားသည် ဖောက်ပြန် မှားယွင်း မရှိ၊ အမှန်ဟူသော အနက်အဓိပ္ပါယ်ကိုပြ၏။
သံ–ဟူသော ပါဠိစကားသည် ကိုယ်တိုင်ဟူသော အနက် အဓိပ္ပါယ်ကိုပြ၏။
ဗုဒ္ဓ–ဟူသော ပါဠိစကားသည် သိ–ဟူသော အနက် အဓိပ္ပါယ်ကိုပြသည်။

ထို့ကြောင့် သိသင့်သမျှ အလုံးစုံကို သိလိုသောအခါ အမှားအယွင်းမရှိဘဲ ကိုယ်တော်တိုင်သိတော်မူသော ဗုဒ္ဓမြတ်စွာ သည် သမ္မာသမ္ဗုဒ္ဓ–ဟူသော ဂုဏ်တော်ဖြင့် လောကသုံးပါး ၀ယ် ထင်ရှားကျော်စောတော်မူပါပေသည်။

## ၀ိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ဖတ်စာ

ဂုဏ်တော်၏ ပါဠိအနက်ကို သွက်လက်စွာ ရရှိပြီးမှ ဖတ်စာ ဖတ်ပါ။

(၁) ဗုဒ္ဓမြတ်စွာ ဘုရား၏ ကြည်လင် သန့်ရှင်းသော စိတ်တော် အစဉ်၀ယ် ၀ိဇ္ဇာဟုခေါ်ရသော ဉာဏ်တော် ဓာတ်တမျိုးလည်း ပါရှိနေ၏။

ထိုဝိဇ္ဇာဉာဏ်စေတ်ဖြင့် ဘဝများစွာ၌ ဖြစ်ပျက် ကြုံတွေ့ခဲ့ရသော အကြောင်းအရာများ ကိုလည်း သိတော်မူနိုင်ပါသည်။ ရိုးရိုး မျက်စိဖြင့် မမြင်နိုင်သော အရာတို့ကိုလည်း မြင်တော်မူနိုင် ပါသည်။

စိတ်တော်အစဉ်၌ ညစ်ညမ်းယုတ်မာ ကိလေသာတို့ကိုလည်း ကုန်စေနိုင်ပါသည်။

(၂) ဗုဒ္ဓမြတ်စွာသည် ထိုဉာဏ်တော်များကို အလွယ်တကူနှင့် ရတော်မူသည်မဟုတ်ပါ။ထိုဉာဏ်တော်များကိုရနိုင်ဘို့ရာ စရဏခေါ်သော ကိုယ်ကျင့်တရားကိုလည်း ကြိုးစား၍ ကျင့်တော်မူရပါသည်။

ကိုယ်ကျင့်တရား စရဏများကား–သီလကိုစောင့်ထိန်းခြင်း၊ မျက်စိ, နားစသော ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ စားမှု သောက်မှု၌ သင့်တော်ရုံသောက်သာ စားသောက်ခြင်း၊အအိပ် အနေ နည်းပါးခြင်း၊သဒ္ဓါတရား ထက်သန်ခြင်းစသောအားဖြင့် စရဏတရား တဆဲ့ငါးပါး ရှိပါသည်။

အကျဉ်းမှတ်ရန်မှာ–သီ, ဣန်, ဘော, ဇာ၊ သဒ္ဓမ္မာသတ်၊ လေးမှတ်ရူပ၊ဆဲ့ငါး၀၊ပြားထ စရဏာ။

(၃) ပြဆိုခဲ့ပြီးသော ဝိဇ္ဇာဉာဏ် အသိနှင့် ကိုယ်ကျင့်စရဏ ပြည့်စုံတော် မူသောကြောင့် ဗုဒ္ဓမြတ်စွာသည် ဝိဇ္ဇာ စရဏသမ္ပန္န–ဟူသော ဂုဏ်တော်အားဖြင့်လည်း ဆုံးဆ မရှိ လွန်စွာကျော်စောတော်မူလှဘိ၏။

## သုဂတဂုဏ်တော် ဖတ်စာ

(က) သု–ဂတဟုနှစ်ပုဒ်ခွဲ၍ မှတ်သားထားပါ။ သု–ကောင်း စွာ၊ ဂတ–ကြွသွားတော် မူတတ်သော မြတ်စွာဘုရား

ဟူသော စကားရပ်၌ ကာမဂုဏ် ချမ်းသာနှင့် ယှဉ်ခြင်း ဟူသော အယုတ်တရား ပဉ္စာတပ အကျင့်စသော ကိုယ်၏ပင်ပန်းခြင်းနှင့် ယှဉ်ခြင်းစသော အယုတ်တရား၊ ဤတရား နှစ်ပါးသည် မြတ်စွာဘုရား၏ သန္တာန်၌ မဖြစ်လာမူ၍ အမြဲငြိမ်းအေး ချမ်းသာနေသော နိဗ္ဗာန်သို့ ကြွသွားနိုင်ခြင်းကို ကောင်းစွာ ကြွသွားခြင်းဟု ဆိုသည်။

(ခ) သု–ဂဒဟု ပုဒ်ခွဲခြား ဖတ်ရွတ်ပြီးလျှင် သု–ကောင်းသော စကားကို ဂဒ–ဆိုတော်မူတတ်သော မြတ်စွာဘုရားဟု အနက် အဓိပ္ပါယ် အကျဉ်းကို ရှေးဦးစွာ မှတ်သား ရွတ်ဖတ်ပါ။

၁။ မမှန်၍ အကျိုးမများဘဲ ကြားနာရသူ မနှစ်သက်သော စကား။

၂။ မှန်၍ အကျိုးမများဘဲ ကြားနာရသူ မနှစ်မျို့သော စကား။

၃။ မှန်၍ အကျိုးများသော်လည်း နားထောင်ရသူ မနှစ်သက်။

၄။ မမှန်၍ အကျိုးမများသော်လည်း နားထောင်ရသူ နှစ်သက်သောစကား။

၅။ မှန်၍ အကျိုးမများသော်လည်း နာကြားရသူ နှစ်သက်သောစကား။

၆။ မှန်၍ အကျိုး များမှုကြောင့် နားထောင်ရသူ လက်ခံသောစကား။

အထက်ပါ စကားခြောက်မျိုးတွင် ဘုရားရှင်သည် သတ္တဝါတို့အား ကျေးဇူးများသော မှန်ကန်၍ အကျိုးရှိသည် ဆိုပါက မနှစ်မြို့သော်လည်း ဟောကြားတော်မူခြင်း မှန်ကန်၍ အကျိုးများပြီးလျှင် နှစ်သက်ဖွယ်ကို ဖြစ်စေသော စကားမျိုးကို မြတ်စွာဘုရား ဟောကြားတော်မူသည်။

ထို့ကြောင့် စကားခြောက်ခွန်း လူ့ဌထွန်း လေးခွန်းကိုပယ် နှစ်ခွန်းဝယ်ဟု ရှေးဆရာကြီးများ လင်္ကာစပ်ဆိုကြသည်။

## လောကဝိဒူဂုဏ်တော် ဖတ်စာ

လောကဝိဒူဂုဏ်တော်၌ လောကတပုဒ်, ဝိဒူတပုဒ် ခွဲခြား၍ ရှေးဦးစွာ သိနှင့်ထားရ၏။ လောကအရ–လောကသုံးပါးကိုယူ၊ ဝိဒူအရ–သိတော်မူတတ်သော မြတ်စွာဘုရား။ လောကသုံးပါးဟူရာ၌ အလွန်ကျယ်ဝန်းများပြား၏။

အကျဉ်းမှတ်သားထားရန်မှာ....

သတ္တလောက–လူ, နတ်, ဗြဟ္မာ, တိရစ္ဆာန် စသော သတ္တဝါ။

သင်္ခါရလောက–ပြုပြင်တတ်သော ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား။

ဩကာသလောက–လူ, နတ်, ဗြဟ္မာ, တိရစ္ဆာန် စသော သတ္တဝါ အနန္တ၏ တည်ရာဖြစ်ရာ အရပ်ဒေသ။

## အနုတ္တရဂုဏ်တော် ဖတ်စာ

အနုတ္တရ ပုဒ်၌ နပုဒ် ဥတ္တရပုဒ်ဟု ရှေးဦးစွာ ပုဒ်ကို ခွဲခြားမှတ်သား ထားပါ။ ဥတ္တရ သဒ္ဒါသည် လွန်ကဲခြင်း မြတ်ခြင်းဟူသော အနက်၌ဖြစ်၏။ နသဒ္ဒါသည် မရှိခြင်းဟူသော အနက်

တို့ကို အသီးအသီးဟောမှုကြောင့် လောကသုံးပါးဝယ် မြတ်စွာဘုရားထက် အရာခပ်သိမ်းပင် လွန်ကဲသူ မြင့်မြတ်သူကိုမဆိုထားနှင့် တန်းတူပုဂ္ဂိုလ်မျိုးပင် မရှိမူ၍ လွန်ကဲမြင့်မြတ်သော ဂုဏ်ထူးဝိသေသ ရှိတော်မူသော မြတ်စွာဘုရား။

## ပရိသဒမ္မသာရထိဂုဏ်တော်ဖတ်စာ

ပုရိသဒမ္မသာရထိ၌ ပုရိသတပုဒ် ဒမ္မတပုဒ် သာရထိတပုဒ် သုံးပုဒ်တွဲစပ်နေကြောင်း သိထားရမည်။

ပုရိသပုဒ်အရ ယောကျ်ား-စသော သတ္တဝါများစွာကိုယူ၊ ဒမ္မအရ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာ ရိုင်းစိုင်းခြင်း ဟူသော အနက်ကိုယူ၊ သာရထိအရ ဆုံးမခြင်း ဟူသော အနက်ကိုယူပြီး၍ ဘဝများစွာ ကပ္ပါများစွာ သံသရာ အဆက်ဆက်က ဝါသနာ အလေ့အကျက် အတိုင်း ရိုင်းစိုင်းချင်တိုင်း ရိုင်းစိုင်း လာသော သတ္တဝါတွေကို အနုအရင့် အားလျော်စွာ သုံး၍ အချိုးကျစွာ လိမ်မာယဉ်ကျေး လာအောင် အမှန်မုချ ဆုံးမတော်မူနိုင်သော မြတ်စွာဘုရား ဖြစ်ပေသည်။

## သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ဖတ်စာ

သတ္ထာဒေဝမနုဿာနံ ပုဒ်၌ သတ္ထာ တပုဒ် ဒေဝမနုဿာနံ တပုဒ် ခွဲခြားရွတ်ဖတ်ပါလေ။ ဒေဝမနုဿာနံ၊ လူ နတ် စသော သတ္တဝါတို့ကို။ သတ္ထာ၊ ဆုံးမတတ်၍ ဆရာဖြစ်ပေသော မြတ်စွာဘုရား။

ဘုရားရှင်သည် ကရုဏာမေတ္တာ ကြီးမားစွာဖြင့် လမ်းမှားသို့ သွားလာ နေထိုင်ကြ ကုန်သော အကန်းသဘွယ် လူမမယ်

သတ္တဝါတို့ကို လမ်းမှန်သို့ရောက်စေအောင် နေ့မအားညမအား အမြဲကြိုးစားဟောကြားပြသနေမှုကြောင့် လူ,နတ်,ဗြဟ္မာ တို့၏ ကျေးဇူးရှင်ဆရာ ဖြစ်တော်မူပါပေ၏။

## ဗုဒ္ဓေါဂုဏ်တော် ဖတ်စာ

ဗုဒ္ဓေါ ဟူသော ဂုဏ်တော်သည်လည်း သိခြင်း သိစေခြင်း ဟူသော အနက်အဓိပ္ပါယ်ရှိ၏။ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်သည် သိခြင်း သိစေခြင်း အနက်ကိုပင် ဟောမှုကြောင့် ထူးထွေသော အနက်သဘောကို သိမှတ် ရာ၏။ သမ္မာသမ္ဗုဒ္ဓေါဖြင့် သဗ္ဗညုတ ဉာဏ်တော်နှင့်ပြည့်စုံခြင်းကိုပြ၏။ ဗုဒ္ဓေါ ဟူသော ဂုဏ်တော်ဖြင့် အာသဝက္ခယ ဉာဏ်တော်နှင့် ပြည့်စုံခြင်းကို ပြ၏။ (ပရိတ်ကြီး ဋီကာ)။

တနည်း–သမ္မာသမ္ဗုဒ္ဓေါ ဟူသော ဂုဏ်တော်ဖြင့် မြတ်စွာ ဘုရား၏ သစ္စာလေးပါးတရားကို ကောင်းစွာ သိမြင်တော် မူခြင်းကို သိစေတော် မူ၏။ ဗုဒ္ဓေါ ဟူသော ဂုဏ်တော်ဖြင့် ဉေယျဓမ်တရား ငါးပါးကို ထိုးထွင်း၍ သိမြင်တော် မူခြင်းကို သိစေအပ်၏။

တနည်း–သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ဖြင့် မြတ်စွာဘုရား၏ ပဋိဝေဓဉာဏ်တော်ကို ပြ၏။ ဗုဒ္ဓေါ ဟူသော ဂုဏ်တော်ဖြင့် ဒေသနာဉာဏ်တော်ကိုပြ၏။ (ဝိသုဒ္ဓိမဂ်မဟာဋီကာ)။

## ဘဂဝါ ဂုဏ်တော် ဖတ်စာ

ဘဂဝါ ဟူသော ပုဒ်၌ ဘဂပုဒ် ဝါပုဒ်ဟု နှစ်ပုဒ်ခွဲခြား မှတ်သားပြီးလျှင် ဘဂသဒ္ဒါဖြင့် ဒါန,သီလ,ဘာဝနာ ဟူသော ပါရမီမြောက် အောင်မြင်ခြင်းသို့ရောက်ပြီးဖြစ်သော ကုသိုလ်ကံ

ပါရမီများစွာတို့ကို ယူရ၍ ဝါသဒ္ဒါဖြင့် ဘုရားရှင်၏ သန္တာန်တော်၌ အမြဲမပြတ် ဖြစ်ခြင်းရှိခြင်း ဟူသော အနက်သဘောကို ပြဆိုလေ၍ အဆုံးအဆ မရှိသော ပါရမီ ဘုန်းကံ ဘဂတရားရှိတော်မူသော မြတ်စွာဘုရား။ ဤသည်လျှင် ဂုဏ်တော်(၉)ပါး ဖတ်စာ ပြီး၏။

## လက်တွေ့ဂုဏ်တော်ပွားရန်

ဘုရားဂုဏ်တော်များကို ပုတီးစိပ်လိုသော ပုဂ္ဂိုလ် တို့သည် အနက်အဓိပ္ပါယ်တို့ကို နားလည်မှသာလျှင် မိမိရည်မှန်းသော ကောင်းကျိုးရ ဖြစ်နိုင်၍ ပစ္စုပ္ပန် တမလွန် နှစ်တန်သော အကျိုးစီးပွား တိုးတက်များပြား နိုင်ပေသည်။

ထိုကြောင့် အောက်ပါအနက်သဘော အကျဉ်းကို နှလုံးသွင်း၍ မိမိတို့ကြည်ညိုနှစ်သက်သော ဂုဏ်တခုခုကို စိတ်ဖြင့် စူးစိုက်၍ ပွားထုံကုန်ရာ၏၊

၁။ အရဟံ-လူ နတ်တို့၏ ပူဇော်အထူးခံ ဖြစ်တော်မူသော မြတ်စွာဘုရား။

၂။ အရ-ဟံ-ကိလေသာ အညစ်အကြေး ကင်းရှင်းပြီးသော မြတ်စွာဘုရား။

၃။ အ-ရဟံ-ဘယ်နေရာဌာနမဆို မကောင်းမှု မပြုလုပ်သော မြတ်စွာဘုရား။

၄။ သမ္မာသမ္ဗုဒ္ဓေါ-တရား အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား။

၅။ ဝိဇ္ဇာစရဏသမ္ပန္နော-ဝိဇ္ဇာမျိုး, စရဏမျိုးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၆။ သုဂတော-မှန်ကန်ကျိုးရမွန်မြတ်လှ၍ ချစ်နှစ်သက်အပ်သော စကားကိုသာ ပြောဆိုဟောကြားတော်မူပေသော မြတ်စွာဘုရား။

၇။ လောကဝိဒူ-လောကသုံးပါး အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား။

၈။ အနုတ္တရော-လူ,နတ်,ပြဟ္မာတို့ထက် ဂုဏ်အားဖြင့် လွန်ကဲမြင့်မြတ်တော်မူသော မြတ်စွာဘုရား။

၉။ ပုရိသဒမ္မသာရထိ-ရိုင်းစိုင်းသော လူ, နတ်, ပြဟ္မာတို့ကို ယဉ်ကျေးအောင် ဆုံးမ သွန်သင်တော်မူတတ်သော မြတ်စွာဘုရား။

၁၀။ သတ္ထာဒေဝမနုဿာနံ-လူ, နတ်တို့၏ အားထားမှီခိုရာ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။

၁၁။ ဗုဒ္ဓေါ-အမှန်တရား သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော်မူသော မြတ်စွာဘုရား။

၁၂။ ဘဂဝါ-ဘုန်းတော်ခြောက်စုံ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

**ဂုဏ်တော်ပွားများရန် အင်္ဂါများ**

ဂုဏ်တော်ကို ရွတ်ဖတ်က ကောင်းကျိုး ရမည်ဟု ယုံကြည်သဒ္ဓါ ဖြစ်ရခြင်း။

အဓိပ္ပါယ်ကို စိတ်က တွေးထင်နိုင်ခြင်း။

အောက်ခြေခံ ကိုယ်ကျင့်သီလ လုံခြုံရခြင်း။

မှန်မှန်ကန်ကန် ရွတ်ဖတ်တတ်ရခြင်း။

ကံငါးပါးကို မကျူးလွန်ဘူးခြင်း။

ရှိသေထိုက်သော ပုဂ္ဂိုလ်များကို ရိုသေမှုရှိရခြင်း။
စိတ်ပါဝင်စား၍ ဆန္ဒဓာတ် ပြင်းပြစွာ ပွားများ
ရခြင်း။

အထက်ပါ အကြောင်းအင်္ဂါ လုံလောက်မှုရှိ၍ ပွားများ ရွတ်ဖတ်ပါလျှင် မုချပင် ကောင်းကျိုးထင်ပါ၏။

အန္တရာယ်ဟူသမျှ မြူမျှမကျန် တွန်းလှန်ပယ်ရှားနိုင်သော
ဘုရားရှိခိုး သမ္ဗုဒ္ဓေဂါထာတော်ကြီး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကံ ဝါဠုကံ ဂင်္ဂါ၊ အနန္တံ နိဗ္ဗုတံ ဇိနံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

မြန်မာပြန် အနက်

အဟံ၊ နာမ်ရုပ်နှစ်ဖော် တပည့်တော်သည်။ အဋ္ဌဝီသံ၊ သုံးဘုံ တလွှား လူ့နတ် အများ၌ သီလ,သမာဓိ ဂုဏ်ရောင် ထွန်းတင့် ပြောင်၍ သတ္တဝါအများ၏ ကိုးစားကြည်ဖြူ နှစ်ကျိပ်ရှစ်ဆူ သော။ သမ္ဗုဒ္ဓေ၊ မဖောက်မပြန် အမှန်သိမြင် ကိုယ်ပိုင်ဉာဏ်ရှင် သဗ္ဗညုဘုရား တို့ကိုရင်း။ ဒွါဒသဉ္စ သဟဿကေ၊ ငြိမ်းအေး စံပြောင်း တသောင်း နှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ၊ ဆင်းရဲ ဘေးမှ ကင်းဝေးပြီးသား မြတ်ဘုရားတို့ ကိုရင်း။ ပဉ္စသတ သဟဿာနိ၊ သတ္တဝါဝေနေ များထွေထွေကို နည်းမှန်လမ်းပြ ငါးသိန်းမကကုန်သော။ သမ္ဗုဒ္ဓေ၊ သစ္စာသိင်မြ ထိပ်ခေါင်တင်

ဘုရားရှင်တို့ကိုရှင်း။ သိရသာ၊ ခန္ဓာကိုယ်တွင် အမြတ်တင်ကာ ဥက္ကောင်း ရတနာဖြင့်။ သိရသာ၊ အသိဉာဏ် ကိန်းအောင်း မြတ်သော ဥက္ကောင်းဖြင့်။ နမာမိ၊ အာရုံဇောကပ် အထပ်ထပ် ဖြင့် တုပ်ဝပ်ရှိသေ ရှိခိုးပေ၏။

အဟံ၊ သံသရာတခွင် ဖြစ်လျှင်ပျက်မှု ရုပ်စုနာမ်သာ အကျုန်ပ် ငါသည်(ဝါ)ရုပ်နာမ် နှစ်ဖြာ ပရမတ်ခန္ဓာသည်။ ဂင်္ဂါ၊ စိမ်းလဲ ခါနေ ဂင်္ဂါမြစ်ရေဦ။ဝါဠုကံ၊ ရေတွက်လို့မရ သဲလုံးအနန္တသည်။ အပ္ပကံ၊ တွေးတောနှိုင်းဆ နည်းလွန်းလှ၏။ နိဗ္ဗုတံ၊ ခန္ဓာ ဇာတ်သိမ်း ချုပ်ငြိမ်းပြီးဖြစ်သော။ဇိနံ၊ ငါးမာရ်အောင်မြင်ဘုရား ရှင်သည်။ အနန္တံ၊ ဆုံးဆမရှိ များလှဘိ၏။ တေသံ၊ ထိုရေတွက် မြားမြောင် မြတ်ဘုန်းခေါင်တို့၏။ ဓမ္မဥ္စ၊ ဆင်းရဲ ကင်းပျောက် ချမ်းသာခြင်းသို့ ရောက်စေတတ်သောမဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို ၎င်း။သံဃဥ္စ၊အပူမီးငြိမ်းပြီးသား အရိယာ သံဃာတော်များကို ၎င်း။အာဒရေန၊သဒ္ဓါရှေ့သွား သတိသမ္ပဇဉ်တရားဖြင့် စိတ်ထား ညွတ်နေ အထူးသဖြင့် ရိုသေစွာ။ နမာမိ၊ ဂုဏ်တော်အစုံ အာရုံ လိုက်ခါ ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန၊ တပည့်တော်၏ ရှိခိုးခြင်းပြု မြတ် ကောင်းမှုကြောင့်။ သဗ္ဗေ၊ တွင်းပဥ္စသုံ အလုံးစုံကုန်သော။ ဥပဒ္ဒဝေ၊ ကပ်၍ နှိပ်စက်တတ်ကုန်သော ဘေးရန်အန္တရာယ် ဒုက္ခ အသွယ်သွယ်တို့ကို။ ဟိတွာ၊မိမိတို့၏ သန္တာန်၌ ဖြစ်ပေါ်ကြီးမား မလာရအောင် တွန်းလှန်ဖယ်ရှား၍။ အနေက အန္တရာယာပိ၊ များလှသွယ်သွယ် အန္တရာယ် တို့သည်လည်း။ အသေသတော၊ ကြွင်းကျန်မထား အလုံးစုံအားဖြင့်။ ဝိနဿန္တု၊ မုချမသွေ ကင်း စင် လွင့်ပျောက်ပါစေကုန်သတည်း။

## ဘုရားရှိခိုးခန်း၌ လေ့ကျင့်ခဏ်း မေးခွန်း

၁။ အကြံအစည်များသူ၏ နှလုံးသွေးအရောင်သည် ဘယ်ပုံ နေသနည်း။

၂။ မဉ္ဇူသရောင်ခြည်တော်၏ အဆင်းအရောင်ကိုဖော်ပြပါ။

၃။ ကိုယ်တော်မြတ်၏ခန္ဓာကိုယ်မှ ရောင်ခြည်တော် ခြောက် သွယ်ထွက်ပုံကို ဖော်ပြပါ။

၄။ ဘုရားရှင်၏ ခန္ဓာအစိတ်အပိုင်း၌ သင်းကျစ်တော်သည် အဘယ်အရပ်၌ တည်သနည်း။

၅။ အနုတ္တရော ပုရိသ ဒမ္မ သာရထိ ဂုဏ်တော်၏ အနက်ကို ရေးပါ။

၆။ တရားတော်ဂုဏ်၌ သြပနေယိကပုဒ်၏အနက်ကို ရေးပါ။

၇။ သံဃာတော်ဂုဏ်၌ သာမိစိပ္ပဋိပန္နဂုဏ် ဟူသည် အဘယ် နည်း။

၈။ အရဟံဂုဏ်တော်၏ ရသင့်သောအဓိပ္ပါယ်ကိုရေးပါ။

၉။ သမ္မာသမ္ဗုဒ္ဓ၌ သမ္မာသဒ္ဒါသည် ဘယ်အနက်ကို ဟော သနည်း။

၁၀။ စရဏဟူသည် ဘာကိုခေါ်ပါသနည်း။

၁၁။ စရဏတရား ဘယ်နှစ်ပါးဆိုဒါ ဖော်ပြပါ။

၁၂။ စကားခြောက်ခွန်းကို ဖော်ပြပါ။

၁၃။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်နှင့် ဗုဒ္ဓ ဂုဏ်တော် အထူးကို ပြဆိုပါ။

၁၄။ ဂုဏ်တော် ပွားများလိုက ဘယ်အင်္ဂါနှင့် ပြည့်စုံရပါ မည်နည်း။

## ဓမ္မဗိမာန်တော်ကြီး၌ လူပုဂ္ဂိုလ်တို့ကိုသင်ကြားအပ်သော ဗုဒ္ဓဘာသာသင်္ခန်းစာ (အမှတ်-၁)

အများသူငါရနေသော ဩကာသလက်ာသည် မြန်မာနိုင်ငံ အတွင်း၌(၈၀)ရာခိုင်နှုန်းဗုဒ္ဓဘာသာဝင်လူများစု၏နှုတ်ဖျားဝယ် ရေပန်းစားနေသော ရှေးပေါရာဏ-ဩကာသ လင်္ကာကထာပင် ဖြစ်ပေသည်။ ဤဩကာသလင်္ကာသည် ဟင်းအရသာ အလုံးစုံ တို့၌ အငန်ဓာတ် ဆားအရသာ မပါလျှင် စားသောက်မှု ကိစ္စ မပြည့်စုံနိုင်သကဲ့သို့ ထိုနည်း အလားတူစွာ ဩကာသ လင်္ကာကို လည်း သင်္ကြန်-ဝါကြီး ပူဇော်ပွဲများ၌ရင်း၊ မိဘ-ဆရာသမား များအား ဝန်ချကန်တော့ကြသော ကိစ္စရပ်များ၌ရင်း ဖောဖော သီသီပင် အသုံးချလျက် ရှိကြလေကုန်သည်။

**အထူး အားဖြင့်**........ဤဩကာသလင်္ကာကို မြန်မာနိုင်ငံ၌ သင်္ကြန်အခါ-ဝါဆိုဦး-ဝါကျွတ်အခါ-ကာလထူး များ၌ တရို တသေ သွားရောက်၍ ဆရာသမား မိဘဂိုဏ်းဘွားများနှင့် မိမိတို့ ထက် အသက် သိက္ခာ ဂုဏ်ဝါ ကြီးမြင့် ကြကုန်သော ပုဂ္ဂိုလ် တို့အား အထက်ပါ နေ့ထူး ရက်ထူးကြီးများ၌ တနှစ်လျှင် သုံးကြိမ် ပူဇော်ကန်တော့လေ့ရှိကြကုန်၏။

ဤကဲ့သို့ ရှိခိုးပူဇော် ခရီးဦးကြိုဆိုခြင်း အမှုကိစ္စ များသည် လောကဝတ်-ဓမ္မဝတ် နှစ်မျိုးပင်ရှိလေသည်။ လောကဝတ်ပြုလုပ် မှုများသည် ပြုလုပ်လိုသော စိတ်ဆန္ဒ မရှိသော်လည်း တစုံတခု သောရည်ရွယ်ချက်ကြောင့်ရင်း၊ အစဉ်အလာဓလေ့ကြောင့်ရင်း ပြုလုပ်၍နေကြရကုန်၏။ ဓမ္မဝတ်လုပ်ဆောင်ချက်မျိုးသည် အသိ တရားရှေ့သွားဖြင့် ကြောင်းမှန်ကျိုးရ သူတော်သူကောင်းတို့၏

အဘိုးတန် လုပ်ငန်းရပ်ဖြစ်၍ ကောင်းကျိုးကို လိုလားသူတိုင်း လုပ်ဆောင်အပ်သော အပြုအမူမျိုးပင် ဖြစ်သည်။

ဤဓမ္မဝတ်ဆောင်ရွက်ခြင်း အပြုအမူများသည်လည်း အစစ် အတု ဟူ၍ နှစ်မျိုးပင်ရှိပြန်သည်။ အစစ်ပြုလုပ်မှုမျိုးဆိုသည်မှာ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ကို ရှိခိုးပူဇော်ခြင်း၊ ခရီးဦးကြို ပြုခြင်း၊ အရိုအသေ ပေးခြင်း တို့ပင် ဖြစ်သည်။ ထို့ကြောင့်....

အဘိဝါဒေတဗ္ဗန္တိ အဘိဝါဒနာရဟံ ဗုဒ္ဓံ ဝါ ဗုဒ္ဓပစ္စေကံ ဝါ အရိယသာဝကံ ဝါ ပစ္စုပဋ္ဌာနာဒီသုပိ ဧသေဝနယော-

ဟု ဥပရိပဏ္ဏာသအဋ္ဌကထာဆရာ ဖွင့်ဆိုအပ်ပြီ။

အတုပြုလုပ်မှုမျိုး ဆိုသည်မှာ မဂ္ဂဖလပဋိပန္နကပုဂ္ဂိုလ်မျိုးနှင့် လောက၌ ဂုဏ်အသရေကြီးမားမှုကို ထောက်ရှု၍ ရှိခိုးခြင်း၊ အပူဇော်ပြုခြင်း၊ ပေးကမ်းခြင်း၊ ခရီးဦးကြိုဆိုခြင်း အပြုအမူ အရာတို့ပင်ဖြစ်သည်။

ဤသြကာသလက်ာသည်လည်း လောကဝတ် ဓမ္မဝတ်နှစ်မျိုး လုံးတို့၌ အရာကျယ်စွာ သုံးစွဲနေမှုကြောင့် သုံးကျွန်းလင်းခိုက်- တကျွန်းမိုက် ထွန်းလင်း တောက်ပြောင် နေသော နေမင်းကြီး သဖွယ်ဖြစ်၍ များသောအားဖြင့် လူတိုင်းအပေါ်မှာ တန်ခိုးကြီး မားလျက်ပင် ရှိသည်။

သို့သော် သြကာသလက်ာ၏ အနက်-အဓိပ္ပါယ်-သဘော သဘာဝများကို တွေးဆကြံစည်၍ လုပ်ငန်းကိစ္စအား လျော်စွာ အရာဌာန အလိုက် အသုံးချတတ် သူကား တကယ်ပင် ရှားပေ လိမ့်မည်။ အသုံးချရာကိစ္စနှင့် ထိုကိစ္စအားလျော်စွာ အသုံးချ တတ်သော ပုဂ္ဂိုလ်တယောက်ဖြစ်ရန်မှာ ဖြစ်ပေါ်လာသောကိစ္စ

မာခုဍ္ဍ အမှုမဲ့အမှတ်မဲ့ မဖြစ်စေဘဲ ဆင်ခြင်တွေးဆ အောက်မေ့ အမှတ်ရသော သတိသမ္ပဇဉ်ပြည့်ဝသူများ ဖြစ်ရပေလိမ့်မည်။

ဤသြကာသ လက်ာသည် ဗုဒ္ဓဘာသာဝင် လူများစုနှင့် သက်ဆိုင်နေသည် ဖြစ်၍ သရုပ်-အဓိပ္ပါယ်-သဘော-သဘာဝ များကို သိရှိနားလည်ရန် လိုအပ်သောကြောင့် အောက်ပါ အမေးပုစ္ဆာ စကားများကို ဖြေကြားသင့်ပေသည်။

## မေးခွန်းများ

၁။ ဩကာသ လင်္ကာသည် ဘယ်ခေတ်ကာလ ဘယ်လက်ထက်ကစ၍ ပေါ်ပေါက်ပြီးလျှင် အဘယ်ပုဂ္ဂိုလ်စ၍ တီထွင်အပ်ပါသနည်း။

၂။ ယခုလက်ရှိ ဩကာသလင်္ကာ ဘယ်နှစ်မျိုးရှိပါသနည်း။

၃။ မိမိရရှိသော ဩကာသလင်္ကာတပုဒ်ကို မှန်ကန်စွာ ရေးသားပြပါ။

၄။ မိမိရရှိသော ဩကာသလင်္ကာ၏ လိုရင်းအဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

၅။ သင်ရေးသားထားသော ဩကာသ လင်္ကာ၏ အနက်အဓိပ္ပါယ် သရုပ် သဘောကို အသုံးချပုံကို အသီးသီး ခွဲခြားဝေဘန်ပြခဲ့ပါ။

၆။ ဆိုင်ရာ လုပ်ငန်း ကိစ္စရပ်များ၌ ဩကာသ လင်္ကာကို လက်တွေ့ အသုံးချပြပါ။

၇။ ယခုလက်ရှိ ဩကာသ လင်္ကာတွေထက် ကောင်းမွန်၍ မင်္ဂလာ၏ ဥပနိဿယ ဖြစ်နိုင်လောက်သော ဩကာသ လင်္ကာသစ်တခုကို တီထွင်ရေးစပ်ခဲ့ပါ။

## ဗုဒ္ဓဘာသာသင်ခန်းစာ (အမှတ်-၁) ၏အဖြေလွှာများ

၁။ ယခုလက်ရှိ ဩကာသ လင်္ကာများသည် ပုဂံခေတ် အနော်ရထာမင်းစော လက်ထက် လောက်ကစ၍ ပေါ်ပေါက်သည်ဟု ယူဆရပါသည်။ ဤဩကာသလင်္ကာကို အဘယ်ပုဂ္ဂိုလ်စတင်ရေးသားသည်ဟု မတွေ့မိဘူးချေ။

၂။ ယခုသုံးစွဲနေသော ကြိယာသလက်ာသည် တကြောင်း တဂါထာ တရွာတပုဒ်ဆန်း ဆိုသကဲ့သို့ များပြားလှသော ကြောင့် အမျိုးအစား မမှတ်သားနိုင်ခြေ။

၃။ …………(လ)…………

၄။ ယခုရွတ်ဆိုနေကြသော ကြိယာသလက်ာ၏ အနက် အဓိပ္ပါယ်မှာ ရှိခိုးသောနေရာ၊ ပူဇော်သောနေရာ၊ အပြစ်ရှိ၍ အပြစ်အားလျော်စွာ ဝန်ချတောင်းပန်သောနေရာ၊ ဤနေရာ သုံးဌာနတို့၌ လက်ာတပုဒ်တည်းဖြင့် ရောပြွမ်း၍ အသုံးချနေ ခြင်း ဖြစ်သည်။

အကျဉ်းချုပ်ကား ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ကန်တော့ခြင်း တို့ကို ပြုလုပ်ကြပေကုန်သည်။

၅။ (က) ကြိယာသလက်ာ သရုပ်အဓိပ္ပါယ်တို့ကို ရေး သားပေတော့အံ့။

ကြိယာသဟူသော စကားလုံးသည် မြန်မာစကားမဟုတ်၊ ပါဠိစကားသက်သက် ဖြစ်သည်။ ကြိယာသ၏ အနက်များကို ထုတ်ဆောင်ပြရသော်–

၁။ အရပ်ဟူသောအနက်။
၂။ ဖြစ်ရာဟူသောအနက်။
၃။ တည်ရာဟူသောအနက်။
၄။ နေရာကွက်လပ်ဟူသောအနက်။
၅။ အကြောင်းဟူသောအနက်။
၆။ ကြိယာသကာရကဟူသောအနက်။
၇။ အခွင့်ဟူသောအနက်။

အားဖြင့်ခုနစ်မျိုးသောအနက်သည် ပိဋကတ်တော်၌ထင်၏။ ဤဩကာသလက်ာ၌ ယူသင့်သော အနက်ကို ရွေးကောက်ရသော် အခွင့်ဟူသောအနက်သည် အလျော်ဆုံးဖြစ်၏။ ဤစကားရပ်၌ အခွင့်ဟူသော အနက်ကို ယူရုံမျှဖြင့် စကားဝါကျမပြည့်စုံနိုင်ပေ၊ ခွင့်တောင်းပါ၏၊ ခွင့်ပြုပါဟု သုံးစွဲသောစကားဝါကျသည် ပြည့်စုံလုံလောက်၍ ဩကာသံဒေဟိ, ဩကာသံယာစာမိ, ဩကာသံကရောတု-ဟူသော ဘုရားဟောပါဠိတော်စကားတော်ကြီး များနှင့် တပြေးတည်း ညီညွတ်ပေသည်။ ဩကာသသုံးကြိမ်ဆိုခြင်းသည် မိမိပြုလုပ်သော လုပ်ငန်းကိစ္စရပ်၌ အထူးသဖြင့် စိတ်ဝင်စား၍ ပေါ့ပေါ့တန်တန် သဘောမထားဘဲ လေးနက်သော အသွင်ကိုဆောင်စေ၏။

(ခ) ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-ဟူသော ကိုယ်အမှုဖြင့် ကျူးလွန်ပြစ်မှားခြင်းသည် ကာယကံမည်၏။မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ-ဟူသော နှုတ်အမှုဖြင့် ကျူးလွန်ပြစ်မှား ခြင်းသည် ဝစီကံမည်၏။အဘိဇ္ဈာ,ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ-ဟူသော စိတ်အမှုအရာဖြင့် ကျူးလွန်ပြစ်မှားခြင်းသည် မနောကံမည်၏။

(ဂ) သဗ္ဗဒေါသ ဆိုသည်မှာ-အထက်ပါ အပြစ်သုံးမျိုးကို ပေါင်းစုပြခြင်းဖြစ်၍ သဗ္ဗ-အလုံးစုံဟူသောအနက်၊ ဒေါသ-အပြစ်ဟု နားလည်၍ သပ္ပဒေါသ-ဟု မရွတ်ဖတ်ရ၊ သဗ္ဗဒေါသဟု အမှန်ရွတ်ဖတ်ပါ။

(ဃ) တကြိမ်, နှစ်ကြိမ်, သုံးကြိမ် ဆိုသော စကားသည် ရှိခိုးသောနေရာကို ရည်ရွယ်ဆိုသောကြောင့် တိက္ခတ္တုံ နမော-

ဆိုသော ပါဠိတော်စကားအရ၊ လေးလေးစားစား ထိခြင်းကြီး ငါးပါးဖြင့် ရှိခိုးဝတ်ချသည်ကိုပြသည်။

အခါတပါးပြဟ္မာယုပုဏ္ဏားကြီးသည် ဘုရားထံလာရောက်၍ တရားနာမှုကိစ္စ ပြီးစီးသောအခါ၌ အားရ ပါးရ ရှင်လန်း နှစ်သက်စွာဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ–ဟု သုံးကြိမ်ရွတ်ဆို ရှိခိုးသော အစဉ်အလာအတိုင်း ယခုအခါသြကာသ,သြကာသ,သြကာသ ဟု သုံးကြိမ်ရွတ်ကြခြင်းသည် ရှေးသူတော်ကောင်းပညာရှိကြီး တို့၏ လုပ်ထုံးလုပ်ရပ်နှင့် လျော်ကန်ညီညွတ်လှပေသည်။

(င) ဤသြကာသလက်ာဝယ် ရှိခိုးပူဇော် ဖူးမျှော် မာန် လျှော့–ဟူသောအထက်ပါစကားကိုထောက်ဆပါက ကန်တော့ ခန်း,ကန်တော့ကျိုး လက်ာဟု ထင်မှတ်ရ၏။ အောက်ပါစကား ရပ်တို့ကို ထောက်ဆပါက ဝန္ဒနာပူဇာချိုး,ဝန္ဒနာပူဇာလက်ာဟု ထင်မှတ်ရ၏။ဗလုံးဗထွေး ရောနှောရှိနေပေသည်။ သတိသမ္ပဇဉ် ဖြင့် ကိစ္စအားလျော်စွာသုံးတတ်ပါမှ အသုံးချမှုမှန်နိုင်ပေသည်။

ရှိခိုးဟူသောစကားရပ်၌ ခြေ,လက်,နဖူး,ဒူး–ဟူသောထိခြင်း ကြီး ငါးမျိုး သက်သက်ဖြင့် ရှိခိုးခြင်းသည် ကာယဒွါရဝန္ဒနာ ကိုယ်ဖြင့် ရှိခိုးသည်မည်၏။

ဣတိပိ သော ဘဂဝါ အရဟံ-စသည်ဖြင့် နှုတ်မြွက်ရှိခိုး ခြင်းသည် ဝစီဒွါရဝန္ဒနာ နှုတ်နှင့် ရှိခိုးခြင်း မည်၏။ ရတနာ သုံးပါး၏ဂုဏ်တော် ကျေးဇူးတော်တို့ကို စိတ်ဖြင့် အောက်မေ့၍ နေခြင်းသည် မနောဒွါရဝန္ဒနာ စိတ်ဖြင့် ရှိခိုးသည် မည်၏။ ကိုယ်ဖြင့်ရှိခိုးခြင်း၊ နှုတ်ဖြင့်ရှိခိုးခြင်း၊ စိတ်ဖြင့်ရှိခိုးခြင်း၊ ကိုယ်, နှုတ်,စိတ် သုံးပါးဖြင့် ရှိခိုးခြင်းဟု သုံးမျိုးရှိပေသည်။

ပူဇော်ဟူရာ၌ ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်း ဟူသော အာမိသပူဇာ, သီလ ဆောက်တည်ခြင်း၊ ဝတ်ကြီး, ဝတ်ငယ် ပြုခြင်း၊ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းဟူသော ဘုရားရှင်၏ အဆုံးအမကို လိုက်နာမှုမျိုးသည် ဓမ္မပူဇာမည်၏။ အယုတ်ဆုံး အားဖြင့် ပရိတ်ရွတ်ခြင်း, သမ္ဗုဒ္ဓေဂါထာ ရွတ်နေခြင်းသည် ဓမ္မပူဇာပင်မည်၏။စာပေကျမ်းဂန် တတ်မြောက်သော ပုဂ္ဂိုလ်တို့ ပစ္စည်းလေးပါးထောက်ပံ့ခြင်းသည်လည်း ဓမ္မပူဇာမည်၏။

(၈) မာန်လျှော့ ကန်တော့ဟူသောစကား၌ ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် ဆွေမျိုး၏ ပြည့်စုံခြင်း၊ သားသမီး အခြံအရံပြည့်စုံခြင်း၊ ပစ္စည်းဥစ္စာ ပြည့်စုံခြင်း၊ အတတ်ပညာ ပြည့်စုံခြင်း၊ ရာထူးဂုဏ်သိမ် ပြည့်စုံခြင်း-စသော အကြောင်း တရားတို့ကြောင့် မပြစ်မှားသင့်ကုန်သော သီလ,သမာဓိ,ပညာ ပြည့်စုံလုံလောက်ကုန်သော ပုဂ္ဂိုလ်ကြီးတို့၌ မသိရှိ၍ရင်း၊ မလို မုန်းထားရှိ၍ရင်း၊ တစုံတရာ ရည်ရွယ်ချက်ကြောင့်ရင်း ကိုယ်, နှုတ်,စိတ်တို့ဖြင့် ပြစ်မှားကျူးလွန်မိကြရာ၌ အသိမှန်,အမြင်မှန် ဖြင့် နောင်တရကြ၍ အပြစ်ဒဏ်မှကင်းလွတ်ရအောင် သို့မဟုတ် သက်သာမှုရှိအောင် မိမိတို့၏ သန္တာန်၌ ကိန်းအောင်းနေသော မာန်မာနကို ဂါရဝ,နိဝါတတရားဖြင့် လျှော့နှိမ့်ချ၍ ကျူးလွန် ပြစ်မှားမှုကို မအောက်မေ့တော့ဘဲ နောင်တဖန် မကျူးလွန် မိအောင် ကန်ထုတ်ပြစ်ပယ်လိုက်ခြင်းမျိုးပင်တည်း။

အထူးအားဖြင့်——မဂ်ဉာဏ်,ဖိုလ်ဉာဏ် ပေါက်ရောက် ဖြစ် ထွန်းနေသော အရိယာပုဂ္ဂိုလ်များကို ကဲ့ရဲ့ရှုတ်ချ ပြစ်မှားမိကြ ခြင်းသည် ကြီးလေးသော အပြစ်ကံရှိကြ၍ အချို့သော ပုဂ္ဂိုလ်

များသည် ယခုလူ့ဘဝပစ္စက္ခ၌ လူချင်းမတူ သူချင်းမမျှဖြစ်၍ နောင်သံသရာ၌ အပါယ်လေးပါး၌ ကျရောက်ကြရကုန်၏။

## ဩကာသအစိပ္ပါယ်ကြည့်ရှုရန်

လောက၌ ဝန်ချကန်တော့ထိုက်သောအရာသည် ယခုခေတ်၌ များစွာမြင်တွေ့ရ၏။သားသမီးများသည် မိဘအပေါ်, တပည့်သည် ဆရာသမားအပေါ်မှာ တနှစ်လျှင် အနည်းဆုံး ဝါဆိုဦး, ဝါကျွတ်,နှစ်သစ်ကူးလများ၌ တနှစ်အတွင်းမှာသုံးကြိမ်လောက် ကန်တော့သင့်၏။ဗုဒ္ဓဘာသာ တရားတော်၌ တဦးသော ပုဂ္ဂိုလ် အပေါ်၌ တဦးသော ပုဂ္ဂိုလ်က လွန်ကျူး ပြစ်မှားမိသော အပြစ်ကို ဝန်ချခြင်း၊ အပြစ်ဟု ဝန်ခံခြင်း၊ မှားမိပါသည်ဟု ကန်တော့ခြင်း အလေ့အထသည် အလွန် ကောင်းမြတ်သော နည်းလမ်းတခု ဖြစ်ပေသည်။

ဤလောက၌ တဦးနှင့်တဦးတစုံတခုသောကိစ္စဖြင့် ပေါင်းဆုံ လုပ်ကိုင်ရမှာအချင်းချင်း ဆုံစည်း စကားပြောရာများ၌ ကိုယ်, နှုတ်,စိတ် တပါးပါးဖြင့် လွန်ကျူးပြစ်မှား တတ်လေသည်။ ဤသို့သော အပြစ်များမှာ သေးငယ် လှသည်ပင် ဖြစ်စေကာမူ ပြစ်မှား လွန်ကျူးမိ များလတ်သော် လွန်ကျူး ခံရသူမှာ သည်းမခံနိုင် ဖြစ်လေသည်။

သည်းမခံနိုင်၍ ခုခံပြောဆိုသော် အချင်းချင်း မညီမညွတ် ဖြစ်တတ်လေသည်။ဤသို့အားဖြင့် သားသမီးနှင့် မိဘ, ဆရာနှင့် တပည့်,သခင်နှင့်ကျွန်,အလုပ်သမားနှင့်အလုပ်ရှင်,လင်နှင့်မယား အချင်းချင်း စကားများကြ၍ တဦးနှင့်တဦး မတဲ့မရှု ငြင်းခုံ ခိုက်ရန်ဖြစ်ပွားကြရသည်မှာ အမှန်အားဖြင့် တဦးက လွန်ကျူး

ပြစ်မှားမိ၍ ထိုအပြစ်ကို တောင်းပန် ဝန်မချမှုနှင့် ထုချေရှင်း လင်းပုံ နေရာမကျ၍ပင် ဖြစ်ကြရလေသည်။

အပြစ်ကို လွန်ကျူးတတ်ခြင်း ထိုအပြစ်ကို ထုချေပုံ နေရာ မကျခြင်း၊ သို့မဟုတ် အပြစ်ကို အပြစ်ဟု ဝန်မခံကြခြင်း၊ သည်းခံ ဘို့ရန် မတောင်းပန်ခြင်း တို့သည် ခိုက်ရန် ဖြစ်ပွားကြောင်းဟု စင်စစ်မှတ်သင့်၏။ကျူးလွန်သည်ကို ခံရသူဘက်မှလည်း သည်းခံ ရေးညံ့ဖျင်းခြင်း၊ အပြောအဆို နေရာမကျခြင်း၊ နားလည်မှုမရှိ ခြင်းတို့ကြောင့်လည်း ခိုက်ရန်ငြင်းခုံ ဖြစ်ပွားနိုင်လေသည်။ ဤသို့ အားဖြင့် နှစ်ဦးနှစ်ဘက် ညီညွတ်ခြင်း မဖြစ်မူ၍ ကွဲပြားကြရ သည်မှာ အမှန်အတိုင်း ဆိုသော် အပြစ်ကို အပြစ်ဟု ဝန်မခံ တတ်ခြင်းကြောင့် ဖြစ်လေသည်။

အကြောင်းတရားကို ဆိုသော် ဤကမ္ဘာလောက၌ နေသူ လူ မှန်သမျှအပြစ်ကို လွန်ကျူးကြသည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ အပြစ် ကင်းမဲ့သူ ဟူ၍ မရှိနိုင်ချေ။ မုန်းလျှင်အပြစ်-ချစ်လျှင် အကျိုး-မြတ်နိုးလျှင်သဒ္ဓါ ဟူသကဲ့သို့ အပြစ် ရှာလျှင် အပြစ် တွေ့ရမြဲ ပင်တည်း။ သို့ဖြစ်သောကြောင့် အပြစ်ကို အပြစ်ဟု ဝန်ခံရန် မှားမိပါသည်ဟု ဝန်ချရန် ဦးမလေးသူများ ဖြစ်သင့် သည်။ ထိုသို့ အပြစ်ကို ဝန်ခံကန်တော့ခဲ့လျှင် ပြစ်မှားခံရသူက ကျေနပ်နိုင်ရပေမည်။ယင်းသို့ အပြစ်ကို ကျေနပ်နိုင်တတ်သူဖြစ် ရန်လည်း အရေးကြီးလေသည်။ ထို့ကြောင့် အပြစ်ကျူးလွန် မိသော် ဝန်ချကန်တော့ခြင်း၊ ကန်တော့ခံရသော် ကျေနပ်တတ် ခြင်း နှစ်မျိုးကို အချင်းချင်း ညီညွတ်ရေး တရားဟု သိမှတ် ရမည်။

ကန်တော့ရသောကြောင့် ရအပ်သော အကျိုးထူးမှာ.... အပြစ်ကို လွန်ကျူးမိခဲ့သော် မှားပါပြီဟု ဝန်ချခြင်းတည်း။ ပစ္စက္ခဝန်သာကြေ၍ ကြီးပွားကြောင်းဖြစ်သည်မဟုတ် သံသရာ၌လည်း အပြစ်ကင်းလွတ်ရေးစင်စစ်ဖြစ်လေသည်။ ဤလောက၌ အချို့မှာ ကြီးပွားဖြစ်ထွန်းထိုက်သည့် ရူပနိကာယ် သဒ္ဒနိကာယ် ရှိ၍ ဘုန်းရှင်–ကံရှင် ဖြစ်ကြသူတို့သည် ဘုရား–တရား–သံဃာ–ဆရာ–အမိအဘ စသည့် မပြစ်မှား ထိုက်သူ တို့အား ပြစ်မှားထားကြသဖြင့် ပစ္စက္ခတွင်ပင် မကြီးပွားဘဲ ဆင်းရဲတွင်း၌ နစ်ကြရလေကုန်၏။ မရထိုက်သောရောဂါ ရခြင်း၊ မကျခံသင့်သော မင်းပြစ်မင်းဒဏ်သင့်ခြင်း၊ မဆုံးရှုံးသင့်သောဥစ္စာစီးပွား ဆုံးရှုံးရခြင်း စသည် ဖြစ်ကြကုန်၏။

ပညာရှိ သူတော်ကောင်း တို့ကလည်း အပြစ်လွန်ကျူးသူထက်ပင် အပြစ်ကို ဝန်မချသူအပေါ်၌ ပိုလွန်၍ အပြစ်တင်တတ်ကြကုန်၏။ အထင်အမြင် သေးကြကုန်၏။ ထို့ပြင် အပြစ်ဝန်ချတတ်သူကို အထူးကျေနပ်နှစ်သက်ကြကုန်၏။ လူတော်လူကောင်း တယောက်ဟု ချီးမွမ်းစကား ပြောကြား ကြကုန်၏။ ဘုရား စသော အရိယာသူတော်ကောင်း တို့သည် လွန်ကျူးမိသော အပြစ်ကို ဘယ်သောအခါမှ ဖုံးဘိ၍မထားတတ်ကြကုန်၊ ထုတ်ဖော်ပြောကြား တတ်ကြကုန်၏။ ဤသို့သော တောင်းပန်မှုကြောင့်ကိုယ်–နှုတ်–စိတ်သုံးမျိုးဖြင့် မကောင်းမှုကို လွန်ကျူးမိစေကာမူ လွန်ကျူးမိမှုအတွက် အပါယ်ကျခြင်းအပြစ်မှ ကင်းလွတ်ကြကုန်၏။

အပြစ်ထင်ရှားမသိ မမှတ်မိရာ၌ မှန်းဆရည်ရွယ်၍ သကြံန်, သီတင်းကျွတ်,အခါကြီးရက်ကြီးများ၌ ကန်တော့ရန်–

## ကန်တော့သူ ဆိုရန်

မိခင်အတွက် ကျေးဇူးအဆုံးမထင်သောမိခင်၏ (သို့မဟုတ်) ဘခင်၏(သို့မဟုတ်)မိဘနှစ်ပါး၏ ကျွေးမွေးသုခ်သင် ပဲ့ပြင်ဆုံးမစောင့်ရှောက်ခဲ့ သမျှသော ကျေးဇူးများကို ရည်စူး၍ (ဤမှုံသေတ္တာဖြင့်– ဤ အဝတ်ဖြင့်–ဤ ဖယောင်းတိုင်ဖြင့်) ရိုသေလေးစားစွာ ကန်တော့ပါ၏၊ ဤကန်တော့ရသော ကောင်းမှုကြောင့် ပြစ်မှားမိသောအပြစ် တစုံတခုရှိခဲ့သော် ထိုအပြစ်ကိုအပြစ်ဟု ဝန်ချကန်တော့သည့်အတိုင်း ပြေပျောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနေနိုင်သူ ဖြစ်ရပါလို၏။

## ကန်တော့ခံရသူက ဆိုရန်

ဤကန်တော့ရသော ကုသိုလ်ကြောင့် သား၏ (သို့မဟုတ်) သမီး၏(သို့မဟုတ်)မြေး၏တောင့်တသော ဆုကောင်းဆုမြတ်နှင့် ပြည့်စုံ၍လောကမင်္ဂလာ ပါးနပ်လိမ္မာသော အမျိုးကောင်းသား အမျိုးကောင်းသမီး ဘဝတိုင်းဘဝတိုင်းဖြစ်ခါ အလိုရှိအပ်သော ကောင်းကျိုးတရားများနှင့် တွေ့ကြုံခံစားနိုင်ပါစေသတည်း။

## သက်ကြီး ဝါကြီး အတွက်

အဘိုး၏ (အဘိုး–အဘွား) ကြီးရင့်သောအသက်နှင့် ကိုယ်ကျင့် သိက္ခာကို ရည်စူး၍ (ဤ အဝတ်ဖြင့်– ဤမှုံဖြင့်) ရိုသေလေးစားစွာ ကန်တော့ပါ၏၊ (ဤကန်တော့ရသော ကုသိုလ်ကြောင့်) စသည်ဆို။

## သက်ကြီး ဆုပေး

ဤ ကန်တော့ရသော ကုသိုလ်ကံကြောင့် ငါ့မြေး–ငါ့တူ တောင့်တသော ဆုနှင့် ပြည့်စုံ၍ အမျိုး ဘာသာ သာသနာ

အကျိုးကို စွမ်းဆောင် နိုင်သော အမျိုးကောင်းသား အမျိုးကောင်းသမီး ဖြစ်ကြပါစေကုန်သတည်း။

## ပညာသင်ဆရာ ကန်တော့ရန်

ဆရာ၏ သွန်သင် ဆုံးမခဲ့သော ကျေးဇူးများကို ရည်စူး၍ စသည်ဆို။

## ဆရာဘုန်းကြီး ကန်တော့ရန်

ဆရာတော်၏ သီလ–သမာဓိ-ပညာ ဂုဏ်ကို ရည်စူး၍ ဤဝတ္ထုဖြင့် ရိုသေစွာ ကန်တော့ပါ၏။ (ဤသို့ ကန်တော့ရသော ကုသိုလ်ကြောင့်....စသည်ဆို)။

## လက်ထပ်မင်္ဂလာအခါ၌ လူကြီးတို့၏ ဆုပေး

ကန်တော့ရသော ကုသိုလ်ကြောင့် နို့ရေနှင့်ရေကို ရောနှောသည့်အခါ နှစ်မျိုးနှစ်စား မကွဲပြားဘဲ တသားတည်း တည်နေသကဲ့သို့ တဦးနှင့်တဦး မျှတသောမေတ္တာဖြင့် မိမိတို့၏ကျင့်ဝတ်ကို စောင့်ထိန်းလျက် ကိုယ်ရော စိတ်ပါ ချမ်းသာကြပါစေသား။

မှတ်ချက်။ ။အရာ ၄ါနအားလျော်စွာ အထက်ပါ ဝန်ချကန်တော့နည်း အတိုင်း အပြစ်ရှိသည် အလျောက် ဝန်ချကန်တော့ကြခြင်းသည် ကြက်သရေ မင်္ဂလာ ရှိသော လုပ်ငန်းကောင်း တရပ် ဖြစ်ပေသည်။ ဆင်းရဲကင်း၍ ချမ်းသာရောက်စေနိုင်သော သူတော်ကောင်း ပညာရှိတို့၏ အစွမ်းထက်လှသော အဘိုးတန်ဆေးနည်းကောင်း တလက် ဖြစ်ပေ၏။ ပစ္စုပ္ပန်–သံသရာ နှစ်ဖြာသော ကာလ၌ ဆင်းရဲရောဂါကု ဆေးနည်းကောင်းဟု မှတ်

သွား၍ ရှိခိုးပူဇော်နည်း ကန်တော့ဝန်ချနည်း များကို သိမှတ်၍ မိမိတို့လွန်ကျူးပြစ်မှားချက်များကို ကျိုးကျိုး နွံနွံ ကန်တော့ ဝန်ချတတ်သူ ကန်တော့ ဝန်ချနိုင်သူ ပိုလျှင် နုတ်တတ်သူ လိုလျှင် ဖြည့်တတ်သူ မှားလျှင် ရုပ်သိမ်းတတ်သူများ ဖြစ်ကြရန် နှလုံးထားနိုင်ကြပါစေ သတည်း။

(ဆ) အပါယ်လေးပါးဟူရာ၌ အပါယ် ဆိုသော စကား သည် မြန်မာစကားအစစ်မဟုတ်၊ အပါယ ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသော ပါဠိပုဒ်ပျက် စကား ဖြစ်သည်။ ချမ်းသာ ကင်း၍ အမြဲတမ်း ဆင်းရဲတွင်း၌ ကျရောက် နစ်မြုပ် နေရာ အပါယ်လေးရွာဟု ဆိုသည်။ မကောင်းမှုဒုစရိုက် အကုသိုလ်ကံ တို့၏ အကျိုးသက်ရောက်ရာ ဆင်းရဲကို အမြဲမပြတ် ခံစားနေရ သောဌာနကြီးဖြစ်၍ ထိုအရပ်ဒေသသို့ မကျရောက်အောင် ဒါန, သီလ, ဘာဝနာ စသော ကောင်းမှုအမျိုးမျိုးပြုလုပ်၍ တားဆီး ထားရ၏။

ဆောင်ပုဒ်။ ။ငရဲ–တိရိစ်၊ ပြိတ္တ–သူရကာယ်၊ ဤလေးသွယ်၊ မှတ်ဘွယ် အပါယ်စု။

(ဇ) ကပ်သုံးပါးဟူရာ၌ ကပ္ပ သဒ္ဒါမှလာ၍ ပျက်စီးခြင်း အနက်ကို ဟောသည်။

၁။ ဒုဗ္ဘိက္ခန္တရကပ်–အစားအသောက် ငတ်မွတ်ခေါင်းပါး သောအားဖြင့် ပျက်စီးခြင်း၊

၂။ သတ္တန္တရကပ်–ဒါး, သံလျက်, အမြောက်, စိန်ပုံး တို့ဖြင့် တဝုံးဝုံး ကြဲချ ဖျက်ဆီး၍ သတ်ဖြတ် နေကြသော အားဖြင့် ပျက်စီးခြင်း၊

၃။ ရောဂန္တရကပ်– ပုလိပ်ကပ်နာ ကာလဝမ်းရောဂါအနာ အစရှိသော အမြဲမပြတ် နှိပ်စက်နေသော အနာရောဂါ တို့ဖြင့် ပျက်စီးခြင်း။

ယခုပစ္စုပ္ပန် မျက်မှောက် အကြောင်းတရားများကြောင့် မကောင်းကျိုးဆင်းရဲ ခံစားနေရခြင်းမျိုးပင် ဖြစ်ပေ၏။

ဆောင်ပုဒ်။ ။လက်နက် – ရောဂါ၊ ငတ်မွတ်ရာ၊ မှတ်ပါ ကပ်သုံးပါး။

(ဈ) ရန်သူမျိုးငါးပါးဆိုသည်မှာ ပစ္စက္ခအချိန်အခါ၌ပင် အသက်စည်းစိမ် ဥစ္စာများကိုဖျက်ဆီးတတ်၍ မလိုလားမနှစ်မျိုး့ အပ်သော ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက် သူများ ဖြစ်ကုန်၏။

ဆောင်ပုဒ်။ ။ရေ-မီး-ခိုးသူ၊ မင်းဆိုးရာဇာ၊ ကင်းကွာ နှစ်သက်၊ ရန်မျိုးစွက်၊ ငါးချက် သရုပ်မှာ။

(ည) ဝိပ္ပတ္တိတရား ဆိုဒါ ပါဠိစကား ဖြစ်၍ ပျက်စီးခြင်း၊ ဖောက်ပြန်ချွတ်ယွင်းခြင်းအနက်ကို ဟော၏။ ကောင်းကျိုးပေးခွင့် မရဘဲ ပျက်စီးနိုင်သော ကာလဝိပ္ပတ္တိ–ဂတိဝိပ္ပတ္တိ–ဥပဓိဝိပ္ပတ္တိ– ပယောဂဝိပ္ပတ္တိ–ဟု လေးမျိုးရှိပေကုန်သည်။

၁။ ခေတ်အခါကာလ မကောင်းသော အခါသည်–ကာလ ဝိပ္ပတ္တိ မည်၏။

၂။ အပါယ်လေးပါး၌ ဖြစ်ရခြင်းသည်–ဂတိဝိပတ္တိ မည်၏။
၃။ ခြေ, လက်, နား, နှာခေါင်း–စသည် အင်္ဂါ ချို့ယွင်းခြင်းသည်–ဥပဓိဝိပတ္တိ မည်၏။
၄။ သဒ္ဓါ, ဝီရိယ, သတိ, ပညာ တို့၏ ရော့နည်းခြင်းသည်–ပယောဂဝိပတ္တိ မည်၏။

ဆောင်ပုဒ်။ ။ကာလ–ဂတိ၊ ဥပဓိနှင့်၊ ပယောဂတပြား၊ လေးပါးမှာ၊ ခေါ်ရာ ဝိပတ္တိ။

(၄) ဗျသနတရားငါးပါးဆိုဒါ ကောင်းကျိုး တရား တို့၏ ပျက်စီးဆုံးပါးခြင်းပင်တည်း။

၁။ ဉာတိဗျသန–ဆွေမျိုးပျက်စီးခြင်း။
၂။ ဘောဂဗျသန–စည်းစိမ်ဥစ္စာပျက်စီးခြင်း။
၃။ ရောဂဗျသန–အနာရောဂါဖြစ်ရခြင်း။
၄။ ဒိဋ္ဌိဗျသန–ဖောက်ပြန်သောအယူရှိခြင်း။
၅။ သီလဗျသန–ကိုယ်ကျင့်တရားပျက်စီးခြင်း။

ဆောင်ပုဒ်။ ။ကောင်းကျိုး တရား၊ ဆုံးရှုံးသွား၊ ခေါ်ကြား ဗျသန။
ဘောဂ–ဉာတိ၊ သီလထည့်၍၊ ဒိဋ္ဌိ–ရောဂါ၊ သရုပ်မှာ၊ ငါးဖြာ ဤသို့ရှိ။

(၅) အရပ်ပြစ်ရှစ်ပါးဆိုဒါ ဘုရားရှင်တို့သည် ဟောကြားတော်မူအပ်သော နည်းလမ်းမှန်–တရားစစ် များကို သင်ကြားနာယူခွင့်, ဆွေးနွေးခွင့်, မေးမြန်းခွင့်, ကျင့်ကြံ အားထုတ်ခွင့် အရပ်ဒေသနှင့် အခါကာလ မဟုတ်သော ခေတ်ဆိုးခေတ်ညံ့ တရားထူးမရနိုင်သော ကာလဒေသတို့ပင်တည်း။

ဆောင်ပုဒ်။ ။ပ–ရဲ–ပြိတ်–ဆန်၊ ကင်းရုပ်နာမ်၊ မိဆ်–စန်–
ထိုင်း–ရှစ်၊ အရပ်ပြစ်။

အဓိပ္ပါယ်မှာ...သာသနာပ အခါ၌ လူဖြစ်ရခြင်း၊ ငရဲ၌ကျရောက်နေရခြင်း၊ ပြိတ္တာဖြစ်နေရခြင်း၊ တိရစ္ဆာန်ဖြစ်ရခြင်း၊ ရုပ်သာရှိ၍ နာမ်မရှိ–နာမ်သာရှိ၍ ရုပ်မရှိသော ဘုံဘဝ၌ဖြစ်ရခြင်း၊ ဗုဒ္ဓဘာသာအယူမှ တပါးသော အယူရှိသော မိစ္ဆာဒိဋ္ဌိလူမျိုး၌ဖြစ်ရခြင်း၊ ဘုရား အဆုံးအမ ဩဝါဒကင်းရာ အရပ်ဒေသမျိုး၌ လူဖြစ်ရခြင်း၊ လူပင်ဖြစ်ရပြန်သော်လည်း အသိအလိမ်မာ ဉာဏ်ပညာ ကင်းမဲ့၍ ထူ, ထိုင်း အ, န, သူ ဖြစ်ရခြင်း၊ အထက်ပါရှစ်မျိုးကို ရှစ်ပြစ်ရှစ်ပါးဟုလည်း ခေါ်၏။ အဋ္ဌက္ခဏဟုလည်း ခေါ်၏။

## လူများစု ရနေသော ဩကာသလက်ာ

ဩကာသ,ဩကာသ,ဩကာသ ကာယကံ,ဝစီကံ, မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့မှ ပျောက်ပါ စေခြင်းအကျိုးငှာ ပဌမ,ဒုတိယ,တတိယ, တကြိမ်,နှစ်ကြိမ်,သုံးကြိမ်မြောက်အောင် ဘုရား,တရား,သံဃာ ရတနာမြတ် သုံးပါးတို့အား ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ ။ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

အောက်ပါ ဩကာသလက်ာများသည် အရာဌာနကိစ္စအားလျော်စွာ အသုံးချပြထားပုံဖြစ်သည်။

## ဝန္ဒနာဩကာသ

ဩကာသ,ဩကာသ,ဩကာသ တကြိမ်, နှစ်ကြိမ်, သုံးကြိမ်မြောက်အောင် ရှိခိုးခံထိုက်သော ဘုရား,တရား,သံဃာ ရတနာမြတ်သုံးပါးတို့ကို ရိုသေစွာရှိခိုးပါ၏ အရှင်ဘုရား။ ရှိခိုးရသောကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဒဏ်ဆယ်ပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍ ဘုံဘဝချမ်းသာ ပြည့်စုံပြီးလျှင် ဘဝကင်းရာ မဂ်တရား, ဖိုလ်တရား,နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## ပူဇာဩကာသ

ဩကာသ, ဩကာသ, ဩကာသ အတုမရှိသော သီလ, သမာဓိ,ပညာ တန်ခိုးတော် ဘုန်းတော်တို့ကြောင့် လူ,နတ်တို့၏ ပူဇော်ခံ ဖြစ်ပေကုန်သော ဘုရား,တရား, သံဃာ, မြတ်ရတနာ အပေါင်းတို့အား (လိုရာထည့်ပါ) ဤဆီမီးဖြင့်၊ ဤရေဖြင့်၊ ဤပန်းဖြင့်၊ ဤဆွမ်း ခဲဘွယ်ဖြင့်၊ ဤသီလဆောက်တည်ခြင်းဖြင့်၊ ဤတရား အားထုတ်ခြင်းဟူသော အကျင့်သီလ ပူဇော်ခြင်းတို့ဖြင့် တရိုတသေ ဂါရဝမင်္ဂလာဖြင့် ပူဇော်ပါကုန်၏ မြတ်နိုးပါကုန်၏ အရှင်ဘုရား။

ဤသို့ ပူဇော်ရသော စေတနာတို့ကြောင့် အပါယ်စသော ဘေးဒုက္ခအပေါင်းမှ တကယ်ကင်းဝေးရာ နိဗ္ဗာန်ချမ်းသာမြတ်ကို ရောက်ရပါလို၏ အရှင်ဘုရား။

## ခမာသြကာသ

သြကာသ, သြကာသ, သြကာသ–အနမတဂ္ဂ သံသရာမှစ၍ ယခုဘဝတိုင်အောင် ရတနာမြတ်သုံးပါးနှင့် ဆရာသမား အမိအဘစသောပုဂ္ဂိုလ်အပေါင်းတို့အား ပြစ်မှားမိသော ကာယကံ, ဝစီကံ,မနောကံအပြစ်တို့မှ ကင်းစင်လွှင့်ပျောက် ပါရစေခြင်းအကျိုးငှာ မာန်လျှော့နှိမ်ချ၍ ဝန်ချကန်တော့ တောင်းပန်ပါ၏ အရှင်ဘုရား။

**မှတ်ချက်။** ။ဤသြကာသအခါ၌ ဆုတောင်းရန်မလိုပေ။

အခါကြီး ရက်ကြီးများနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားတို့၌ တပည့်ကဆရာ၊ လူငယ်ကလူကြီး၊ သားသမီးက မိဘ ဘိုးဘွားတို့အား ကန်တော့ကြကုန်ရာ ကိစ္စတို့၌ ပူဇာသြကာသ လက်ာအတိုင်းဆို၍ လက်အုပ်ချီ၍ ကန်တော့သည်ဆိုက ဆရာသမားတို့အား, မိဘဘိုးဘွားတို့အား,သက်ကြီး ဝါကြီးတို့အား လက်အုပ်ချီ၍ ကန်တော့ပါ၏ဟုဆို။ စားဖွယ် သောက်ဖွယ် အထည်ဝတ္ထု တခုခုဖြင့် ကန်တော့သည်ဆိုက ဤစားဖွယ်ဖြင့် ဤဝတ္ထုပစ္စည်းဖြင့် ဆရာသမားတို့အား မိဘတို့အား သက်ကြီး ဘိုးဘွားတို့အား ပူဇော်ပြီး၍ ကန်တော့ပါ၏ဟုဆို။ ဤကဲ့သို့ သူ့နေရာနှင့်သူ အရာဌာနအလိုက် ပြင်ဆင်၍ဆိုရ၏။

## သြကာသလက်ာမူသစ်

သြကာသ,သြကာသ,သြကာသ–ရုပ် နာမ်ခန္ဓာ ဆင်းရဲတို့မှ ကင်းလွတ်၍ ဖြစ်ပျက်ကင်းဆိတ်သော နိဗ္ဗာန်ရောက်ရန် အကျိုးငှာ အလုံးစုံသောတရားတို့ကို အမှန်အတိုင်း မဖောက်ပြန်သော ထိုးထွင်းဉာဏ်ဖြင့် သိမြင်တော် မူသောကြောင့် လူ,နတ်တို့၏

ရှိခိုးပူဇော်အထူးကို ခံထိုက်သော ဘုန်းတော်ရှင်ဘုရား၊ ထိုဘုရားရှင်သည် ဖော်ထုတ်ဟောကြားအပ်သော သတ္တဝါ အပေါင်းတို့၏ အားကိုးရာ မဂ်,ဖိုလ်,နိဗ္ဗာန်,ဓမ္မက္ခန်ဟူသော ဆယ်တန်ဖသော တရားတော်နှင့် မိးဆဲ့တပါး ငြိမ်းပြီးသား ဖြစ်သော အရိယာသံဃာတော်တို့၏ ဂုဏ်တော်ကို ရည်မှန်း၍ ဤအချိန်ဤအခါမှစ၍ နိဗ္ဗာန်ရောက်ရှိသော အဆုံးကာလတိုင်အောင် ရှိခိုးပါ၏၊ မြတ်နိုးပါ၏၊ မှီခိုပါ၏၊ ကိုးကွယ်အားထားပါ၏၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဤသို့ ပြုရသော ဉာဏသမ္ပယုတ္တ ပါရမီကုသိုလ် အဝဝတို့ကြောင့် အချိန်တိုတိုဖြင့် ပညာရှိ သူတော်ကောင်း တို့သည် အဟုတ်အမှန် လိုလားအပ်သော ရာဂမီး,ဒေါသမီး,မောဟမီး,ဇာတိမီး-အစရှိသော မီးတဆဲ့တပါး၊ တေပညာသ နာမ်၊ နိဗ္ဗာန်ဌာရည်၊ဓာတ်အာကာသ၊လက္ခဏာတေး၊ နှစ်ရေးသန္တာန်၊ ဆယ်တန်ကိလေ၊ မြောက်ပေထောင်သာ၊ ငါးရာစုလစ်၊ ကိလေညစ်မျိုး၊ ဝဋ္ဋဆိုးဟူသမျှ ရုပ်,နာမ်ဓမ္မတို့၏ ငြိမ်းရာ နိဗ္ဗုတာအသခံတသို့ သောလျင်စွာရောက်ရပါလို၏ အရှင်ဘုရား။

## ယောဂီဘွဲ့ခံ ပုဂ္ဂိုလ်တို့၏အတွက်-ဩကာသ လင်္ကာ

ဩကာသ-ဩကာသ-ဩကာသ-အနမတဂ္ဂ သံသရာမှစ၍ ယခုဘဝ ယခုအချိန်ကျအောင် သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်, ဓမ္မန္တရာယ် ဖြစ်နိုင်လောက်သော ကံသုံးပါး ကျူးလွန်ပြစ်များရှိပါကကင်းပျောက်ပါစေခြင်း အကျိုးငှာ အနန္တငါးဖြာနှင့် အရိယာပုဂ္ဂိုလ်ဟူသမျှတို့ကို တပည့်တော်သည် မသိ မလိမ်မာ သတိမေ့လျော့သည် အလျောက် ဖြစ်ပေါ်ပြီး ဖြစ်သော ကာယကံ,

ဝစီကံ, မနောကံ အပြစ်တို့ကို အပြစ်ဟု သဘောမထားမူ၍ ကျေနပ်စွာ သည်းခံပါရန် ဝန်ချတောင်းပန် ကန်တော့အပ်ပါ၏ အရှင်သူမြတ်တို့ဘုရား။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အပြစ်တို့ကို တောင်းပန်ဝန်ချ အချင်းချင်း ကျေနပ်မှုရကြ၍ မိမိတို့၏ ပွားများ အပ်သော တရားဓမ္မများကို သဒ္ဓါ,ဝီရိယ အားလျော်စွာ ပွားများကြမည် ဆိုပါက အနှောင့်အယှက် အဖုအထစ်တို့ကို ကြိုတင်ဖယ်ရှားပြီး ဖြစ်သောကြောင့် အထူးအားဖြင့် တရားသား တက်ပြီးလျှင် ဥပနိဿယ လုံလောက်သူ ဖြစ်ပါလျှင် ယခုဘဝတွင်ပင် မဂ်ဖိုလ် ပန်းတိုင်သို့ လှမ်းကိုင် ယူနိုင်သော အရိယာ ပုဂ္ဂိုလ်ကြီးများ ဖြစ်နိုင်ကြပေကုန်သည်။

ဤသြကာသ လင်္ကာသည် အရာဌာန[illegible]ကိစ္စအားလျော်စွာ အသုံးချတတ်သူဖြစ်ပါက လူမှုရေးရာနှင့်တကွ ပစ္စုပ္ပန်ကောင်း ကျိုးချမ်းသာ သံသရာကောင်းကျိုးချမ်းသာ နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးဆောင်ရွက်နိုင်သော သတ္တိထူးရှိပေ၏။

ဤသည်လျှင် သြကာသသင်တန်းပြီး၏။

---

## ဆုတောင်းခဏ်း အဖွင့်

ဆုတောင်းခြင်း ဟူသည် တစုံတခု အာရုံပေါ်၌ စိတ်ဓာတ် ညွှတ်ကိုင်း၍ ရလိုမှု ဖြစ်လိုမှုအတွက် စိတ်အမူအရာ နှုတ်အမူ အရာဖြင့် တောင့်တခြင်းမျိုးပင် ဖြစ်၏။ ထိုတောင့်တခြင်းသည် လောဘ,ဒေါသအကြောင်းခံ၍ အကုသိုလ်မှုမျိုးဖြင့် တောင့်တ ခြင်း၊ ကုသလစ္ဆန္ဒအကြောင်းခံ၍ ပါရမီ ဖြည့်ဆည်းပူးရန်နှင့်

ကုသိုလ်ရရန် တောင့်တခြင်းဟု ကောင်းမကောင်း နှစ်မျိုးပင် ရှိပေသည်။

ထိုနှစ်မျိုးလုံးပင် သူ့အကြောင်းတရား လုံလောက်ပါက တောင့်တတိုင်းရကြကုန်သည်ပင် ဖြစ်ပေကုန်၏။ မကောင်းသော တောင့်တခြင်းမျိုးသည် အထူးအားမထုတ်ရဘဲ လွယ်လွယ်ကူကူပင် ပြည့်စုံ၍နေသော အကြောင်းအရာဝတ္ထုသက်သေ မြောက်မြားစွာပင် ရှိပေကုန်၏။

ကောင်းသောတောင့်တခြင်းမျိုး၌ သဒ္ဓါတရားအကြောင်းခံဖြင့် တောင့်တခြင်း၊ သီလအကြောင်းခံဖြင့် တောင့်တခြင်း၊ အကြားအမြင် သုတအကြောင်းခံဖြင့် တောင့်တခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း အကြောင်းခံဖြင့် တောင့်တခြင်း၊ အသိပညာအကြောင်းခံဖြင့် တောင့်တခြင်းဟု ငါးမျိုးပင်ရှိ၏။ ငါးပါးသောတရားနှင့် ပြည့်စုံပြီး၍ ဆုတောင်းကြလျှင် တောင့်တတိုင်းရနိုင်ကုန်၏ဟု—

> အယံမဂ္ဂေါ အယံပဋိပဒါတိ သဟ ပတ္ထနာယ ပဉ္စဓမ္မာဝ၊ ယဿဟိ ပဉ္စဓမ္မာ အတ္ထိ နပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ၊ ယဿ ပတ္ထနာ အတ္ထိ န ပဉ္စဓမ္မာ၊ တဿပိ အနိဗဒ္ဓါ၊ ယေသံ ဥဘယံ အတ္ထိ၊ တေသံ ဂတိနိဗဒ္ဓါ၊ ယထာဟိ အာကာသေ ခိတ္တဒဏ္ဍော အဂ္ဂေနဝါ မဇ္ဈေနဝါ မူလေနဝါ နိပတိဿတီတိ နိယမော နတ္ထိ၊ ဧဝံ သတ္တာနံ ပဋိသန္ဓိဂ္ဂဟဏံ အနိယတံ၊ တသ္မာ ကုသလံ ကမ္မံ ကတွာ ကေသွိဉ္စိ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဋတိ။

ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်။

အစိပ္ပါယ်မှာ....အကြင် ပုဂ္ဂိုလ်အား သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ–ဟူသော ငါးပါးသော တရားတို့သည် ရှိကုန်၏။ တောင့်တဆုပန်ခြင်းတော့ မရှိပေ၊ ထိုပုဂ္ဂိုလ်မျိုးစား၏ လားရာဘဝသည် မမြဲနိုင်ပေ။ အကြင်ပုဂ္ဂိုလ်အား တောင့်တခြင်းတော့ ရှိပေ၏၊ အထက်ပါ တရားငါးပါး မရှိကုန်၊ ထိုပုဂ္ဂိုလ်မျိုး၏ လားရောက်ရာ ဘဝသည်လည်း မမြဲကုန်။ အကြင်ပုဂ္ဂိုလ်တို့အား ငါးပါးသောတရားလည်း ရှိ၏၊ တောင့်တခြင်းလည်း ရှိ၏၊ ထို အကြောင်းနှစ်ပါးပြည့်စုံသူတို့အား ကောင်းသော လားရောက်ရာဘဝသည် မြဲပေ၏။

ထို့ကြောင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီးလျှင် တခုသော ဘုံဘဝ၌ ဆုတောင်းခြင်းကို ပြုခြင်းငှာသင့်၏။ ဤသို့ဆုတောင်းထားမှသာလျှင် လူနတ်ချမ်းသာ သုဂတိဘုံရောက် မြဲနိုင်သည်။ ဘဝမပြတ်သေးသမျှ ကုသိုလ်ပြုစဉ် မိမိလိုရာဘဝကို ညွှတ်ကိုင်း၍ ပြုအပ်၏။ အမှုမဲ့အမှတ်မဲ့ပြုသော ကုသိုလ်သည် အယုတ်အမြတ် ကျချင်ရာကျသွားနိုင်သည်။

ဥပမာ အားဖြင့် ကောင်းကင်သို့ ဒုတ်ချောင်း ပစ်သော် အရင်းအဖျား အမှတ်အသားမရှိ၊ အရင်းပိုင်းက ကျချင်လည်း ကျပေလိမ့်မည်၊ အဖျားပိုင်းက ကျချင်လည်း ကျပေလိမ့်မည်၊ ဤအတူပင် ဆုတောင်းဖြင့် သတ်မှတ်ချက် ပြုမထားသော သူများသည် ဘဝဂတိ အမြဲအမှတ်မရှိနိုင်ပေ။

ထို့ကြောင့် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ တရားများနှင့် ပြည့်စုံကြပြီးလျှင် သူတော်ကောင်း ပုဂ္ဂိုလ်တို့သည် ပါရမီဖြည့်နိုင်ရန် ဆုတောင်းခြင်းအမှုကို ပြုကုန်ရာ၏။

ကုသိုလ်ရေးဆိုင်ရာ ဆုတောင်းများသည်—

၁။ သမ္မာသမ္ဗောဓိဆု၊

၂။ ပစ္စေကဗောဓိဆု

၃။ အဂ္ဂသာဝကဗောဓိဆု၊

၄။ မဟာသာဝကဗောဓိဆု

၅။ ပကတိသာဝကဆု၊

ဟု ငါးမျိုးပင်ရှိပေကုန်၏။

ဘုရားဆုသည်လည်း—

၁။ ပညာဓိက၊

၂။ သဒ္ဓါဓိက၊

၃။ ဝီရိယာဓိက၊

ဟု သုံးမျိုးရှိသည်။

၁။ ပညာဓိကဘုရားမှာ ကိုယ်, နှုတ်, စိတ်- တို့ဖြင့် ဆုတောင်းပါက အမြဲ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်ရ၏။ စိတ်ဖြင့်ဆုတောင်းသော အချိန်အခါသည် ခုနစ်သင်္ချေ ကြာမြင့်၏၊ နှုတ်ဖြင့် ဆုတောင်းခြင်းသည် ကိုးသင်္ချေ အချိန် ကြာမြင့်မှုကြောင့် အနိယတ အမြဲမရှိသော သင်္ချေအားဖြင့် သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတသိန်း အချိန်ကာလ ကြာမြင့်အောင် ရှေ့ဆွေစသော အပဝတ္တုနှင့်တကွ ကိုယ်အင်္ဂါ အသက် ဤသုံးပါး ကို လှူတ်လှူတ်စွန့်လွှတ်၍ ဒါနစသော ပါရမီဆယ်ပါးကို ဖြည့် ကျင့်နိုင်လျှင် ပညာဓိကဘုရားအဖြစ် အောင်မြင်နိုင်သည်။

၂။ သဒ္ဓါဓိကဘုရားဖြစ်လိုသူသည် ကိုယ်, နှုတ်, စိတ်–တို့ဖြင့် ဆုတောင်း၍ အမြဲပင် ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်းရင်း၊ စိတ်ဖြင့်

ဆုတောင်း၍ ငါးသင်္ချေ၊ ဒုတ်ဖြင့်ဆုတောင်း၍ ကိုးနှစ်သင်္ချေ၊ ဤသို့ အနိယတ အမြဲမရှိ၊ တဆဲ့နှစ်သင်္ချေ အားဖြင့် ပေါင်းသော် သင်္ချေနှစ်ဆယ် ကပ္ပါတသိန်း ကာလပတ်လုံး ပါရမီဆယ်ပါးကို ဖြည့်ကျင့်နိုင်လျှင် သဒ္ဓါဓိက ဘုရားအဖြစ် အောင်မြင်ပေါက်မြောက်သည်။

၃။ ဝီရိယာဓိဘုရား ဖြစ်လိုသူသည် ကိုယ်,နှုတ်,စိတ်-တို့ဖြင့် ဘုရားဆုကိုတောင့်တခြင်း တဆဲ့ခြောက်သင်္ချေနှင့် ကပ္ပါတသိန်း ၎င်း၊ စိတ်ဖြင့်တောင့်တမှု တသင်္ချေ၎င်း၊ နှုတ်ဖြင့်တောင့်တမှု သုံးသင်္ချေ၎င်း ဤသို့ အနိယတ လေးသင်္ချေယူ၍ သင်္ချေနှစ်ဆယ် ကပ္ပါတသိန်း ပါရမီ ဖြည့်နိုင်ပါလျှင် ဝီရိယာဓိက ဘုရားအဖြစ် ပေါက်မြောက်အောင်မြင်နိုင်သည်။

ဘုရားကြီးအဖြစ် ဆိုဒါ ပေါက်မြောက်နိုင်ခဲ၍ လောက ပကာသနအနေ အားဖြင့် ဘုရား၏တင့်တယ်ခြင်းကို သိမြင်ရ၍ ၎င်း, ယောင်ယောင်မှားမှား သူပြောငါပြော ကြားသိ၍၎င်း ဆုတောင်း ဆုပန်ခြင်းသာ များသည်။ တကဲ့ပါရမီဖြည့်ဆည်း ရဘို့ဆိုပါက စိတ်နောက်တွန့်ပြီးလျှင် လျှော့ကြိုးစီးဘဝသို့ ရောက် သွားတတ်သည်။

ပစ္စေကဗုဒ္ဓါဘုရားငယ်ဆု၌လည်း ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက-အားဖြင့် ပုဂ္ဂိုလ်အပြား သုံးပါးရှိကုန်၏။

ထိုသုံးပါးတို့အားလျော်စွာ နှစ်သင်္ချေနှင့် ကပ္ပါတသိန်း, နှစ်သင်္ချေနှင့်ကပ္ပါနှစ်သိန်း, နှစ်သင်္ချေနှင့် ကပ္ပါကုဋေစသော အားဖြင့် သုံးသင်္ချေအတွင်းဝယ် ပါရမီရင့်ရာကာလကိုသိအပ်၏။

**သာဝကဗောဓိဆို၌လည်း** အဂ္ဂသာဝကဆု၊ မဟာသာဝကဆု၊ ပကတိသာဝကဆု–အားဖြင့် သုံးမျိုးပြားသည်၊ တပါးဟပါး၌ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက–ဟု သုံးမျိုး ပြားပြန်သည်။

ထိုသုံးမျိုးတို့တွင် ပညာဓိကအဂ္ဂသာဝကဆု၌ တသင်္ချေနှင့် ကပ္ပါတသိန်း၊ သဒ္ဓါဓိကအဂ္ဂသာဝကဆု၌ တသင်္ချေနှင့် ကပ္ပါနှစ်သိန်း၊ ဝီရိယာဓိကအဂ္ဂသာဝကဆု၌ တသင်္ချေနှင့် ကပ္ပါကုဋေဟု နှစ်သင်္ချေ ကာလအတွင်းဟု ပါရမီဖြည့်ရာ ကာလအပိုင်းအခြားကို သိရာ၏။

**မဟာသာဝကဆု၌လည်း**ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက၊ သုံးပါးပြား၏။ ကပ္ပါတသိန်း၊ ကပ္ပါတသိန်းနှင့် ကပ္ပါတသောင်း၊ ကပ္ပါတသိန်းနှင့် ကပ္ပါနှစ်သောင်း၊ ကပ္ပါနှစ်သိန်း မတိုင်မီအချိန်အတွင်း၌ ပါရမီဖြည့်ရာ ကာလကို သိရာ၏ဟု သုတ္တနိပါတ်အဋ္ဌကထာ၌ နီတတ္ထ၊ နေယျတ္ထ၊ မုချတ္ထ၊ ဥပစာရတ္ထ၊ ဥဇုကတ္ထ၊ ဝင်္ကတ္ထအားဖြင့် ဖွင့်ဆိုတော်မူသည်။

ပကတိသာဝကပုဂ္ဂိုလ်၏ ပါရမီဖြည့်ရာကာလကို ပြဆိုသောကပ္ပသတမ္ပိ၊ ကပ္ပသဟဿမ္ပိ–ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာစကား၌ မမြဲသောအနက်ကို ထွန်းပြသော ပိသဒ္ဒါဆိုလေသောကြောင့် သဒ္ဓါ ဝီရိယ ပညာ သမာဓိတရား ထက်သန်ကြီးမားသောပုဂ္ဂိုလ်တို့၌ ကပ္ပါတရာအောက် ဖြစ်သော ကာလအပိုင်း၌ မဂ်ဖိုလ်ကို ရနိုင်၏ဟု ယူရာ၏၊ ဆုတ်နစ်သော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာရှိပုဂ္ဂိုလ်တို့၌ တထောင်မကသော ဘဝတွေလွန်ရာ၌လည်း မဂ်ဖိုလ်ကို ရ၏ဟု ပြသည်။

ဆောင်ပုဒ်။ ။ကမ္ဘာ ထောင်ရာ၊ ပကတိ သာတည်း၊ မဟာ
သိန်းထား၊ မခြားလုပ်ကျွေး၊ မိထွေးကြည်ဘော်၊ သား

တော်ဘမိ၊ နည်းတူသိလော့၊ ဒက္ခိဝါမ၊ အဂ္ဂတသချေ၊
ပစ္စေနှစ်ထုတ်၊ သမ္ဗုဒ္ဓိစစ်စစ်၊ လေးရှစ် တဆဲ့ခြောက်၊
ပြည့်မြောက် သင့်ဝယ်၊ နှောဆွယ် သိန်းဏာပ်၊ ဆုသုံးရပ်၊
ကျင့်အပ် ပါရမီ။

ဘုရား ဖြစ်ရပါလို၏၊ ပစ္စေကဗုဒ္ဓါဖြစ်ရပါလို၏၊ အဂ္ဂသာဝက ဖြစ်ရပါလို၏၊ မဟာသာဝက ဖြစ်ရပါလို၏ဟု ဆုတောင်း၍ ဒါနစသောပါရမီများကို ဖြည့်ကျင့်ပါက မိမိတို့၏ အသီးအသီး ပါရမီဖြည့်ရာ ကပ္ပါစေ့မှ နိဗ္ဗာန်မဂ်ဖိုလ်ကို ရနိုင်၏၊ ပကတိ သာဝကဖြစ်ရပါလို၏ဟု ဆုတောင်း၍ ကောင်းမှုပြုရာ၌ ကပ္ပါ အပိုင်းအခြား ကာလအပိုင်းအခြား မမြဲသည်ကို သိရာ၏။ အမှန်အားဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို လိုချင်နှစ်သက် ဝမ်းမြောက်သော စိတ်ဖြင့် ဆုတောင်း၍ ဒါနစသော ကောင်းမှုကုသိုလ် ပြုလုပ်ပါက ပကတိသာဝကသာ ဖြစ်နိုင်၏။

ထို့ကြောင့် ဘဝတရာ ဘဝတထောင်အောက် ယုတ်လျော့၍ ပါရမီဖြည့်ကြပြီးလျှင် ပကတိသာဝက ပုဂ္ဂိုလ်တို့၏ မဂ်ဖိုလ် ရနိုင်ကြောင်းကို ဝိနည်းအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ ရှေးရှေးဘဝများက ဝိဝဋ္ဋနိဿိတ ကုသိုလ် မဖြည့်ဆည်းပူးဘဲ တဘဝ နှစ်ဘဝမျှဖြင့်ပင် မဂ်ဖိုလ်ရကြောင်းကို လာသော ဘား နတ်သားဝတ္ထုကိုရှင်း,

မူလပဏ္ဏာသ စူဠသစ္စကသုတ်အဋ္ဌကထာ၌ ကာလဗုဒ္ဓရက္ခိတ ရဟန္တာကြီး အလောင်းသည် ရှေးရှေးဘဝ ဖြည့်ဆည်းပူးအပ်သော ဝိဝဋ္ဋနိဿိတကုသိုလ်မရှိဘူးဘဲ အနှစ် နှစ်ရာကျော်အတွင်း တတိယဘဝ၌ မဂ်,ဖိုလ်ရကြောင်းလာသော သစ္စကပရိဗိုဇ် ဝတ္ထုကိုရှင်း,

မိလိန္ဒပဉှာ ပါဠိတော်၌ ဓုတင်ကိုကျင့်၍ ပါရမီဖြည့်လျှင် နှစ်ဘဝနှင့် မဂ်,ဖိုလ်,နိဗ္ဗာန်ရကြောင်း လာသည်ကိုရင်း,

မဟာသတိပဋ္ဌာနသုတ် ဋီကာတို့၌ နှစ်ဘဝ သုံးဘဝနှင့် ပကတိသာဝကပါရမီပြည့်နိုင်ကြောင်းလာသည်ကိုရင်း ထောက်ဆ၍ ပါရမီပြည့်စုံနိုင်ကြောင်း သိရာ၏။

ကပ္ပါတရာ, ကပ္ပါတထောင် လွန်၍လည်း ပကတိသာဝက ပုဂ္ဂိုလ်တို့၏ ပါရမီ ဖြည့်ကျင့်ပြီးလျှင် မဂ်,ဖိုလ် ရကြောင်းကို အပဒါန် ပါဠိတော်၌ လာသော ဓမ္မရုစိထေရ်, သုမနထေရ်, အဘ္ဘုဋ္ဌနထေရ်, ဝိဓူပနဒါယကထေရ်- စသော အရာမကသော ထေရ်တို့၏ဝတ္ထုကို ထောက်၍ သိအပ်သတည်း။

သမ္မာသမ္ဗောဓိဆု, ပစ္စေကဗောဓိဆု, အဂ္ဂသာဝကဆု, မဟာသာဝကဆု,ပကတိသာဝကဆုတို့တွင် တခုခုကို မှတ်၍ ဝိသေသ အားဖြင့်ရင်း,မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရပါလို၏ဟု သာမညအားဖြင့် ရင်း ဆုမတောင်းဘဲ စိတ်ကလည်း မညွတ်ကိုင်းဘဲ ပြုအပ်သော ဒါနသည် မဂ်,ဖိုလ်,နိဗ္ဗာန်ကို မပေးနိုင်ဟု သုတ္တသင်္ဂဟ အဋ္ဌကထာ၌ ဖွင့်ဆိုသည်။ (သတိပြုပါ)။

ဆုတောင်းတိုင်းရ ဆိုသော်လည်း သီလ,သမာဓိရှိ၍ ပါရမီဖြည့်သော ပုဂ္ဂိုလ်များကိုသာ ရည်၍ဆိုသည်၊ သီလ မစင်ကြယ်သော ပုဂ္ဂိုလ်သည် စိတ်မစင်ကြယ်မှုကြောင့် ဆုတောင်းတိုင်း ရလိမ့်မည် မဟုတ်ပေ။

## ဘုရားကြီးဖြစ်ရန် ဆုတောင်း

ယနေ့ ယခုပြုစုရသော ဤကောင်းမှုကြောင့် မိမိသည် သိရှိနားလည်၍ ရည်ရွယ်သတ်မှတ်ထားသော သမ္မာသမ္ဗောဓိ ဆုထူး

ဆုမြတ်ကို ကောန်မှုချရအောင် ကြိုးစား နိုင်ရပါလို၏။ သမ္မာ သမ္မောဓိ မရရှိမပြည့်စုံမီ ဟိုဘဝ ဤဘဝ ပါရမီဖြည့်ဆည်းနေ စဉ်ကာလ၌ တွေ့ကြုံရသူတိုင်း၏ အမှုကိစ္စနှင့် စိတ်နှလုံးကို အပူ ငြိမ်းအောင် ပြုလုပ်နိုင်သော တကယ့်ပညာရှိ သူတော်ကောင်း တို့ကို ဘဝတိုင်း တွေ့ကြုံရ၍ ဆုံးမသွန်သင်မှုကို လိုက်နာနိုင်သူ ဖြစ်ရပြီးလျှင် ပညာရှိ သူတော်ကောင်းတို့ နှင့်သာ အမြဲမပြတ် ပေါင်းသင်းဆက်ဆံ ရပါလို၏။

သံသရာတခွင်မှာ အကယ်၍ကျင်လည်နေရပါက အပေါင်း အသင်း မှားယွင်းမှာကို စိုးရိမ်ကြပြီးလျှင် အချို့ ဆရာတော် ဘုရားကြီးများသည် တောထဲ တောင်ထဲ၌ ဘဝမကူးရသော အသက်ရှည် ရက္ခစိုးနတ်ကြီးအဖြစ် ဆုတောင်း၍ ထိုမှတဆင့် တရားအားထုတ်ကြ ပြီးလျှင် သို့မဟုတ် နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျ ဘုရား၏ တရားတော်ကို နာယူကြ၍ နိဗ္ဗာန် ဟူသော မသေရာစခန်းသို့ ကြွလှမ်းတော်မူကြလေကုန်ပြီ။

ဘုရားကလေးနှင့် အဂ္ဂသာဝက, မဟာသာဝက ဆုတောင်း များလည်း ဤအတူပင် ဆုတောင်းကြ၍ ပါရမီ ဖြည့်နိုင်ကြ ပါသည်။ ပကတိသာဝကဆုမှာ လျှော့ကုံစီးသမားဖြစ်၍ အဆင့် ဆင့် ဆုတောင်းရန် မလိုပေ၊ တိုတိုပင် နိဗ္ဗာန် မဂ်ဖိုလ်ရရန် ဆုတောင်းရ၏။

## ပကတိသာဝကရဟန္တာ ဆုတောင်း

ယနေ့ ယခုပြုစုရသော ဤကောင်းမှုကြောင့် ရုပ်,နာမ် ခပ်သိမ်း ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို လျင်မြန်ခဏ ရောက်ရ ပါစေသား။

## အဂ္ဂသာဝက ဆုတောင်း

ယနေ့ပူဇော်ရသော ကုသိုလ်မှုကြောင့် ရှင်သာရိပုတ္တရာကဲ့သို့ လျင်သော ဉာဏ်ပညာ ရွှင်သော ဉာဏ်ပညာ နက်နဲသောဉာဏ် ပညာ ကိလေသာကို ဖောက်ခွဲဖျက်ဆီးနိုင်သော ဉာဏ်ပညာရှိ၍ သူများ ကောင်းကျိုး သည်ပိုးဆောင်ရွက် နိုင်သော ပညာရှိ တယောက် ဖြစ်ရပါစေသား။

ယနေ့ ပူဇော်ရသော ကုသိုလ် ကောင်းမှုကြောင့် ရှင်မဟာ မောဂ္ဂလာန် မထေရ်ကြီးကဲ့သို့ မြေလျှိုးမိုးပျံ တန်ခိုးအဘိဉာဏ် ဈာန်နှင့် ပြည့်စုံသော ဣဒ္ဓိမျိုးစုံ၍ သစ္စာလေးအင် အရိယာတို့၏ အသိအမြင်ကို လျင်မြန်ခဏ ရောက်ရပါစေသား။

## အမျိုးသမီးများ ဆုတောင်း

ယနေ့ပူဇော်ရသော ကုသိုလ်ကြောင့် ခေမာထေရီမကဲ့သို့ အသိ အလိမ်မာ ဉာဏ်ပညာရှိခြင်း၊ ဥပ္ပလဝဏ် ထေရီမကဲ့သို့ တန်ခိုး ဣဒ္ဓိပါဒ်ရှိခြင်း ဟူသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာပြည့်စုံ ပြီးလျှင် မြတ်သော အရိယာ သူတော်ကောင်း တို့သည် သိမြင် အပ်သော မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်ကို လျင်မြန်ခဏ ရပါ စေသား။

ဆုတောင်းခြင်းသည် ဘုံဘဝ ဖြစ်ရေး စိတ်ချရ၍ ချမ်းသာ မျိုးစုံ ပြည့်စုံပြီးလျှင် သူတော်ကောင်း တရားကို ပွားများနိုင်မှု ကြောင့် နိဗ္ဗာန်တိုင်အောင် မြဲမြံစွာ ကောင်းကျိုးဆောင်နိုင်၏။ ထို့ကြောင့် ငါးပါးသောတရားနှင့် ပြည့်စုံကြပြီးလျှင် ကုသိုလ် ပြုတိုင်း ဆုတောင်းရ၏။

ဓဆောင်ပုဒ်။ ။ယုံကြည်သဒ္ဓါ၊ ကျင့်သီလာနှင့်၊ ကြားမြင်ဗဟု
သုတ၊ စာဂစွန့်ကြဲ၊ နက်နဲပဋိဘာန်၊ ဉာဏ်အမြင်သန့်၍၊
ခြေခံ ကြောင်း တရား၊ ရှိသူများ၌၊ လိုငြား ဆုကို၊
တောင့်တဆိုလျှင်၊ ကောင်းကျိုးမုချအမြဲတည်း။

ယုံကြည် ဆိုရာမှာ ဩကပ္ပနသဒ္ဓါကို ဆိုသည်၊ အနည်းဆုံး လူဖြစ်က ငါးပါးသီလ၊ ရဟန်းဖြစ်က စတုပါရိသုဒ္ဓိသီလ ပြည့်စုံရ၏။ ဘုရားရှင် ဟောကြားအပ်သော တရားဓမ္မနှင့် ဗဟုသုတများ ရ၏။ ပစ္စည်းလေးပါး ဟူသော ပစ္စယာမိသ, တရား ကျင့်ဆောက်တည်ခြင်း ဟူသော ဓမ္မာမိသဖြင့် စွန့်ကြဲရ၏။ ကံ–ကံ၏ အကျိုးကို ယုံကြည်မှု ဟူသော ကမ္မဿကတ ဉာဏ်နှင့် ပြည့်စုံရ၏။ ဤငါးပါးသော တရား ပြည့်စုံ၍ ဆုတောင်းလျှင် တောင့်တတိုင်းသော ချမ်းသာသုခ တရားများသည် မုချကေန် ပြည့်စုံရန်ဖြစ်ပေကုန်၏။

အကယ်၍ ဆုမတောင်းကြကုန်ဘဲ အမှုမဲ့ အမှတ်မဲ့ ကုသိုလ်ကောင်းမှု ပြုကြမည်ဆိုလျှင် အကျိုးစီးပွား မဖွံ့ဖြိုးဘဲ လိုအပ်သော ကောင်းကျိုးတရား နည်းပါးလှ၏။

ပုထုဇဉ်ပုဂ္ဂိုလ်များကို မဆိုထားဘိ အရိယာပုဂ္ဂိုလ်ကြီးများပင် အကျိုးတရား များသင့်သလောက် မများနိုင်ပေ။ ထိုစကား မှန်၏။ ဗိမ္ဗိသာရ မင်းကြီးသည် အရိယာ ပုဂ္ဂိုလ် ဖြစ်ပါလျက် အကြားအမြင်နည်းပါး၍ ကုသိုလ်ကောင်းမှုပြုစဉ် ဆုမတောင်းမှုကြောင့် သေသည့်အခြားမဲ့၌ စတုမဟာရာဇ် နတ်ပြည်ဝယ် အညံ့ဆုံး ဇနဝသဘနတ်သားကလေး ဖြစ်ရ၏။

အကယ်၍သာ ထိုအရိယာပုဂ္ဂိုလ်ကြီးသည် နတ်ပြည်ခြောက်ထပ်တွင် ကြိုက်နှစ်သက်ရာ ဘုံဘဝ၌ စိတ်ညွတ်၍ ဆုတောင်း

ပါက သီလ,သမာဓိ ရှိပြီးသား ဖြစ်ခြင်းကြောင့် မိမိလိုရာ ဘုံဘဝသို့ ရောက်နိုင်ပေကုန်သည်၊ ဆုတောင်းမှုသည် ဤမျှ လောက် အရေးကြီးပေသည်။ ဆုမတောင်းက ရောက်ချင်ရာ ရောက် ဆုတောင်းက မိမိပြည့်စုံသော အကြောင်းတရား အား လျော်စွာ သုဂတိဘုံဘဝသို့ ရောက်နိုင်၏ဟု မှတ်ရာသည်။

## ဆုတောင်းပုံ ဟန်မရကလည်း သံသရာဘဝ၌ ကြာရှည်စွာ ကျင်လည်ရသည်ကို ပြဆိုခြင်း

အချို့သူများသည် ဆုတောင်းစဉ် အခိုက်အတန့်ကာလ၌ပင် ရုပ်,နာမ်အပြစ်ကို အမှန်အတိုင်းမမြင်နိုင်ဘဲ ဘုံဘဝတို့၌ သာယာ မက်မောခြင်းဟူသော ကာမရာဂ သံယောဇဉ်အစေး ကပ်ငြိ နေမှုကြောင့် လွှတ်လွှတ်ကျွတ်ကျွတ် ဆုမတောင်းနိုင်မှု၍ ကာမ ဂုဏ် စည်းစိမ်ခံစံမှုကို များစွာမက်မော နေမှုကြောင့် ဇောတိက သူဌေးတို့လို သံသရာ၌ ကြာမြင့်စွာ ကျင်လည်ပြီးမှ နိဗ္ဗာန် ဟူသော အမတသုခကြီးကို ရရှိကြပေကုန်သည်။

လွန်လေပြီးသောအခါ ကိုးဆဲ့ တကပ္ပါထက်၌ ဗန္ဓုမတီ ပြည်တွင် သူကြွယ်ညီနောင် နှစ်ယောက်တို့သည် ကြီးစွာသော ကြံခင်းကို လုပ်ကြကုန်၏။တနေ့သ၌ ညီသည် ကြံခင်းသို့သွား၍ ညီအစ်ကိုနှစ်ယောက် တချောင်းစီ သုံးဆောင်အံ့ဟု ကြံအောက် မေ့လျက် ကြံနှစ်ချောင်းကို ခုတ်ဖြတ်ဖွဲ့စည်း၍ အိမ်သို့ဆောင်ယူ ခဲ့၏။ထိုကာလ၌ကား ကြံကိုမညှစ်ရ၊အရင်းက ဖြစ်စေ,အဖျားက ဖြစ်ခစေ ဖြတ်၍ထောင်သည်ရှိသော် ဓမ္မကရိုဏ်ရေစစ်မှ ရေသည် လျှောကျသကဲ့သို့ အရည်ဟူသမျှ အကုန်လျှောကျ ကြဲထွက်၏။ ထိုကြောင့် ကြံကိုဆောင်ယူသော သူတို့သည် အရည်မထွက်စေ

ခြင်း၄၁ ခုတ်ဖြတ်ရာတွင် စည်းနှောင်၍သာ ဆောင်ယူရသည်၊ ယခုကာလနှင့်မတူ အထူးဖြစ်လေသည်။

ကြံခင်းမှ ကြံနှစ်ချောင်းကို ဆောင်ယူ၍ ထိုသူကြွယ် ပြန်သောအခါ ဂန္ဓမာဒနတောင်၌ သီတင်းသုံးနေသော အရှင်ပစ္စေကဗုဒ္ဓါ တပါးသည် နိရောဓသမာပတ်မှထ၍ ယနေ့ ဘယ်သူအား ချီးမြှောက်ရအံ့နည်းဟု ကြည့်ရှုသည်ရှိသော် ထိုသူကြွယ်ကို မြင်၍ သပိတ်, သင်္ကန်းတို့ကို ကောင်းစွာစွဲကိုင် ဝတ်ရုံလျက် တန်ခိုးအဘိညာဏ်ဖြင့် ကောင်းကင်ခရီးက လာ၍ ထိုသူကြွယ်၏ ရှေ့မှောက် မြင်လောက်ရာ ကောင်းကင်၌ ရပ်တော်မူ၏။

သူကြွယ်လည်း အရှင်ပစ္စေကဗုဒ္ဓါကိုမြင်လျှင် ကြည်ညိုသော စိတ်ရှိသဖြင့် အပေါ်ရုံပုဆိုးကို မြင့်မြတ်ရာ မြေထက်ဖြန့်ခင်း၍ အရှင်ဘုရား ဤနေရာမှာသီတင်းသုံးတော်မူပါဟု လျှောက်၏။

ရှင်ပစ္စေကဗုဒ္ဓါလည်း ကောင်းကင်က သက်ဆင်း၍ သီတင်းသုံးနေတော်မူသောအခါ ကြံတချောင်းကို သပိတ်၏ အထက်က ထောင်လျက် ထားပြီးလျှင် ခုတ်ဖြတ်ရာတွင် အဖွဲ့အစည်းကို ဖြေသည်ရှိသော် တခဏချင်း အရည်ရှိသမျှလျှောဆင်း၍ သပိတ် ပြည့်လေ၏၊ ထိုသပိတ်ကို အရှင် ပစ္စေကဗုဒ္ဓါအား ကပ်လျှင် ကြံရည်ကို သုံးဆောင်တော်မူ၏၊ အရှင်ပစ္စေကဗုဒ္ဓါ သုံးဆောင်တော်မူသည်ကို သူကြွယ်မြင်လျှင် အတိုင်းထက်အလွန် ကြည်ညို ပြန်သဖြင့် အစ်ကိုသူကြွယ်အစု ချန်ထားသော ကြံတချောင်းကိုလည်း ရှေးနည်းပင် လှူပြန်၏၊ လှူပြီးလျှင် အရှင်ဘုရားအား ဤကြံရည်ကို လှူရသော ကောင်းမှုကြောင့် အကျွန်ုပ်သည် လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားပြီးမှ အဆုံးစွန်သော ဘဝ၌ ကိုယ်တော်အရှင်မြတ် သိတော်မူသော သစ္စာလေးပါး

တရားကို သိ၍ နိဗ္ဗာန်ချမ်းသာကို ရပါလို၏ဟု ဆုတောင်း၏၊ အရှင်ပစ္စေကဗုဒ္ဓါလည်း ဒါယကာ တောင်းတိုင်း ပြည့်စုံစေသောဟု ဆုပေးပြီးလျှင် ငါ့နေရာသို့ ရောက်သည့် တိုင်အောင် ဤဒါယကာ မြင်စေသောဟူ၍ ဓိဋ္ဌာန်သဖြင့် ကြံရည်ကိုဆောင်ယူလျက် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူ၍ ရောက်သောအခါ ထိုကြံရည်ကို အရှင်ပစ္စေကဗုဒ္ဓါ(ငါးရာ) တို့အား ပေး၏။

သူကြွယ်လည်း ထိုတန်ခိုးအာနုဘော်ကို မြင်သဖြင့် အလွန်ဝမ်းမြောက်သည်ဖြစ်၍ အိမ်သို့ ပြန်သွားလေ၏၊ ရောက်သောအခါ အစ်ကိုသူကြွယ်က ငါ့ညီ အဘယ်အရပ်သို့ သွားသနည်းဟု မေး၏။ ကြံခင်းသို့ အကြည့်အရှု သွားကြောင်းကို ပြောဆိုသည်ရှိသော် ကြံခင်းသို့ ရောက်လျှင် တချောင်းဖြစ်စေ, နှစ်ချောင်း သုံးချောင်း ဖြစ်စေ, သုံးဆောင်စရာ မဆောင်ယူခဲ့သလောဟု မေး၏။ ဆိုလျှင် ညီအစ်ကိုနှစ်ယောက် တချောင်းစီ သုံးဆောင်ရအောင် ကြံနှစ်ချောင်းကို ယူခဲ့ပါသည်၊ လမ်းခရီးမှာ အရှင်ပစ္စေကဗုဒ္ဓါတပါးကို တွေ့၍ ရှေးဦးစွာ အကျွန်ုပ်အဘို့ ကြံတချောင်းကို လှူပြီးလျှင် ကြံဘိုးနှင့် ကုသိုလ် အဘို့ နှစ်ပါးတွင် နှစ်သက်ရာ တပါးပါးကို သာဓုပေးတော့မည်ဟု ကြံစည်အောက်မေ့လျက် အစ်ကို၏အဘို့ ကြံတချောင်းကိုလည်း နောက်ထပ်၍ လှူပြန်လိုက်ပေသည်၊ ကြံဘိုးကို ယူလိုသလော, ကုသိုလ်အဘို့ကို ယူလိုသလော၊ ကိုယ်ကနှစ်သက်ရာ မိန့်ပါဟု ဆို၏။ ထိုပြောဆိုသော စကားကို ကြား၍ ထိုကြံရည်ကို အရှင်ပစ္စေကဗုဒ္ဓါသခင် ဘယ်သို့ပြုတော်မူသနည်းဟု အစ်ကို သူကြွယ်က မေးမြန်းလျှင် ကျွန်ုပ်အဘို့ ရှေးဦးစွာ လှူသော ကြံရည်ကို

သုံးဆောင်တော်မူ၍ အစ်ကိုအဘို့ နောက်လှူသော ကြံရည်ကိုကား ဂန္ဓမာဒနတောင်သို့ ဆောင်ယူ၍ အရှင်ပစ္စေကဗုဒ္ဓါ (ငါးရာ)တို့အား ပေးဝေတော်မူသည်ဟု ဆို၏။

ထိုစကား အစ်ကိုသူကြွယ် ကြားလျှင် တကိုယ်လုံး နှံ့သော ပီတိရှိသည်ဖြစ်၍ ကုသိုလ် အဘို့ကိုသာ ယူသဖြင့် ကြံလှူရသော ကုသိုလ်ကြောင့် အရှင်ပစ္စေကဗုဒ္ဓါ သိတော်မူသော သစ္စာလေးပါး တရားကို သိ၍ နိဗ္ဗာန် ချမ်းသာကို ရစေသောဟု ဆုတောင်း၏၊ ညီအစ်ကိုနှစ်ယောက် တို့တွင် ညီမှာ ချမ်းသာ သုံးပါးလုံးကို ဆုတောင်းပတ္ထနာ ပြု၏။ အစ်ကိုမူကား နိဗ္ဗာန် ချမ်းသာတပါးတည်းကို ဆုတောင်းပတ္ထနာပြုသည်။

ထိုညီအစ်ကိုနှစ်ယောက်တို့သည် အသက်အတိုင်းနေ၍ စုတေသည်ရှိသော် အရှင်ပစ္စေကဗုဒ္ဓါအား ကြံလှူရသော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ကုန်၏။ ထိုညီအစ်ကိုနှစ်ယောက်တို့သည် နတ်ပြည်၌ တည်နေစံပျော်စဉ်ပင် ဝိပဿီမြတ်စွာဘုရားပွင့်တော်မူ၏။ တဘန် နတ်ပြည်က စုတေခဲ့ကြပြန်၏။ ဗန္ဓုမတီပြည်တွင် ရှေးအတိုင်း သူကြွယ်သားညီနောင်ပင် ဖြစ်ပြန်လေကုန်၏။

ထိုညီနောင်တို့တွင် အစ်ကိုကား မဟာသေန အမည်တွင်၏၊ ညီကား အပရာဇိတ အမည်တွင်၏၊ ထိုညီနောင်နှစ်ယောက် အယွယ်ရောက်၍ စည်းစိမ် ဥစ္စာကို သိမ်းဆည်း စောင့်ရှောက်လျက် နေကြသည်ရှိသော် တနေ့သ၌ ဗန္ဓုမတီပြည်သူပြည်သားတို့သည် ညချမ်းအခါ နံ့သာပန်းမာလ်လက်စွဲလျက် တရားနာခြင်းငှာ ကျောင်းတော်သို့ သွားသည်ကို မဟာသေနသူကြွယ် မြင်လျှင် အဘယ်အရပ်သို့ သွားကြမည်နည်းမေး၍ ဘုရားအထံ

တော်သို့ တရားနာသွားမည်ဟုဆိုသော် ကျွန်ုပ်လည်း လိုက်မည်ဟုဆို၍ ထိုသူတို့နှင့် အတူတကွသွားသဖြင့် တရားနာလေ၏။

ဝိပဿီမြတ်စွာဘုရားလည်း မဟာသေနသူကြွယ်၏ အလိုနှင့်လျော်စွာ တရားဟောတော်မူလေ၏။ ထိုသူကြွယ်လည်း တရားကိုကြားနာရလျှင် ရဟန်းပြုလိုသောစိတ်ရှိသဖြင့် ရဟန်းပြုတော်မူပါဟု မြတ်စွာဘုရားအား တောင်းပန်၏။ မြတ်စွာဘုရားသခင်သည်လည်း ပန်ကြားကောင်းသော ဆွေမျိုး ရှိသလောဟု မေးတော်မူ၍ ရှိကြောင်းကို လျှောက်လျှင် ပန်ကြားပြီးမှ လာခဲ့တော့ဟု မိန့်တော်မူသောကြောင့် ညီအပရာဇိတသူကြွယ်ထံသွား၍ ဤအိမ်၌ရှိသမျှ သက်ရှိ သက်မဲ့ ဥစ္စာ ရတနာတို့ကို ငါ့ညီ ယူတော့ဟု ပေးအပ်ဆောင်နှင်း၏။ ညီလည်း ထိုစကားကိုကြားလျှင် အစ်ကိုကား ဘယ်သို့ပြုမည်နည်းဟု မေး၍ ဘုရားထံတော်မှာ ရဟန်းပြုတော့မည်ဟု ဆိုလျှင် မိဘ သေလွန်သည့်နောက် အစ်ကိုကြီးကိုပင် မိဘကဲ့သို့ ထင်မှတ်ရပါသည်၊ ကျွန်ုပ်ကိုပစ်၍ ရဟန်း မပြုပါနှင့်၊ ဤအိမ်မှာလည်း စည်းစိမ်ဥစ္စာများစွာရှိပါသည်၊ အိမ်၌နေလျက်ပင် ကုသိုလ်ကောင်းမှု အစ်ကိုအလိုရှိတိုင်း ပြုပါဟု တောင်းပန်၏။ မဟာသေနသူကြွယ်သည် ညီချစ်–ငါသည် ဘုရားထံတော်မှာ တရားနာရသည်၊ ထိုတရားတော်ကို လူ့ဘောင်၌နေ၍ ပြည့်စုံအောင် မကျင့်နိုင်ရာ၊ ငါ့ညီ မတားမြစ်နှင့်တော့၊ ယခုပင် ရဟန်းပြုမည်ဆို၍ ဝိပဿီမြတ်စွာဘုရားအထံတော်သို့ သွား၍ ရဟန်းပြုသဖြင့် မကြာမြင့်ခင်ပင် ရဟန္တာ ဖြစ်လေ၏။

ညီအပရာဇိတ သူကြွယ်သည်လည်း အစ်ကို သေနသူကြွယ် ရဟန်းပြုသည်ကို ပူဇော်လို၍ ဘုရားအမှူးရှိသော သံဃာတော်

တို့ကို ပင့်ပြီးလျှင် ခုနစ်ရက်ပတ်လုံး အလှူကြီးပေး၍ နောင်တော် မဟာသေနမထေရ်မြတ်ကို ရှိခိုးလျက် အရှင်ဘုရား ကိုယ်တော်မြတ်ကား ဘဝသုံးပါးမှ ထွက်မြောက် ခြင်းကို ပြုစွမ်းနိုင်ပေသည်၊ တပည့်တော်မှာမူကား ကာမဂုဏ်ငါးပါးကို တပ်မက်မောသောကြောင့် လူ့ဘောင်က ထွက်၍ ရဟန်း ပြုခြင်းငှာ မတတ်နိုင်ပါ၊ လူ့ဘောင်၌နေလျက်ပင် ကုသိုလ် ကောင်းမှုကို ပြုလိုပါသည်၊ တပည့်တော် ပြု၍ သင့်လျော်မည် ဖြစ်သော ကုသိုလ်ကောင်းမှုကို မိန့်တော်မူပါဟု လျှောက်၏။

ထိုအခါ သေနမထေရ် မြတ်သည် ငါ့ညီကား ကုသိုလ်ကောင်းမှုပွားမည့်အကြောင်းကို လျှောက်ပေသည်။ ဉာဏ်ပညာရှိပေစွ၊ ပစ္စုပ္ပန်သံသရာ အကျိုးစီးပွားကို အလိုရှိလျှင် မြတ်စွာဘုရား သိတင်းသုံးတော်မူရန် ဂန္ဓကုဋိတိုက် ဆောက်လုပ်ရမည်ဟု အမိန့်ရှိ၏။

အပရာဇိတ သူကြွယ်လည်း ကောင်းပါပြီ အရှင်ဘုရားဟု ဝန်ခံ၍ အထူးထူးသော သစ်တို့ကို ဆောင်ယူစုရုံး ပြီးလျှင် ချောမွေ့ကောင်းမွန်စွာ ရွေးစေလျက် တိုင်ဟူသမျှကို ရွှေ၊ ငွေ၊ ပတ္တမြားစသော ရတနာ ခုနစ်ပါးဖြင့် စီချယ်မွမ်းမံ၍ ဂန္ဓကုဋိတိုက်ကို ဆောက်လုပ်ပြီးသော် ရတနာခုနစ်ပါးတို့ဖြင့် တင့်တယ်စွာ မွမ်းမံစီချယ်သော ရတနာအုဋ်ကိုပင် ရစ်လည်၍ မိုး၏။ ထိုဂန္ဓကုဋိတိုက်၌ ရတနာ ခုနစ်ပါးဖြင့် ပြီးသော လေသာပြူတင်းကြီး သုံးခုတို့ကို လုပ်ပြီးလျှင် ထိုပြူတင်းကြီး သုံးခုတို့၏ ရှေးရှုဖြစ်သော အောက်အရပ်၌ အုဋ်အင်္ဂတေတို့ဖြင့် အပြေအပြစ် စီမံလိမ်းကျံ၍ ရေကန်သုံးခုတို့ကို ပြုလုပ်သဖြင့် ထိုရေကန် သုံးခုမှာ နံ့သာမျိုး လေးပါးကို အပြည့် ထည့်သွင်းလျက် အဆင်း

ငါးပါးရှိသော ပန်းပင်တို့ကို စိုက်ပျိုး၏။ အဘယ်ကြောင့်နည်းဟူမူ ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော် မူသော မြတ်စွာဘုရား၏ ကိုယ်တော်ကို လေဟုန်ကြောင့် လွင့်သော ပန်းဝတ်ဆံ, ပန်းဝတ်မှုံတို့ဖြင့် ပြွမ်းနှော ရောထွေး၍ မွှေးကြိုင်စေခြင်းငှာ စိုက်ပျိုးလေသတည်း။

ဂန္ဓကုဋိတိုက်၌ တပ်သော ထုပိကာသည် ရဲရဲနီသော ရွှေစင်ဖြင့် ပြီး၏၊ အထက်ကား သန္တာဖြင့် ပြီး၏၊ အောက်အပြင်၌ကား ပတ္တမြားဖြင့် ပြီးသော အုဋ်ကို စီ၏၊ ထိုဂန္ဓကုဋိတိုက်သည် ရွှေဥဒေါင်း က,ဘိသကဲ့သို့ အလွန်တင့်တယ်သည်၊ အပရာဇိတသူကြွယ်သည် ဂန္ဓကုဋိတိုက် ပြီးသောအခါ ရတနာခုနစ်ပါးတို့ကို ခွဲစိတ်ကောင်းသမျှ ခွဲစိတ်လျက် ဂန္ဓကုဋိတိုက်ကို လှည့်လည်၍ ပုဆစ်ခန့်မျှမြင့်အောင် ပရဝုဏ်အပြည့် ကြဲပြီးသော် နောင်တော် သေနမထေရ်မြတ်ထံ သွား၍ အရှင်ဘုရား ဂန္ဓကုဋိတိုက် ပြီးပါပြီ၊ သုံးဆောင်တော် မူခြင်းကို အလိုရှိပါသည်ဟု လျှောက်၏။

အရှင်သေန မထေရ်လည်း ဘုရားထံတော်သို့ သွား၍ ဘုန်းတော်ခြောက်ပါးရှင် သခင်ဘုရား ဤသူကြွယ်သည် ကိုယ်တော်အရှင်မြတ်ကို ရည်မှတ်၍ ဂန္ဓကုဋိတိုက် ဆောက်လုပ်ပါသည်၊ ယခုပြီးသောကြောင့် သုံးဆောင်တော်မူခြင်းကို အလိုရှိပါသည်ဟု လျှောက်၏။ ဝိပဿီ မြတ်စွာဘုရားလည်း နေရာမှ ထတော်မူ၍ ဂန္ဓကုဋိတိုက်သို့ ကြွတော်မူသည်ရှိသော် ပရဝုဏ်အတွင်း၌ ကြဲထားသော ရတနာစုကို ကြည့်ရှုတော်မူလျက် မဝင်ဘဲ ပြင်၌ နေတော်မူ၏။

ထိုအခါ အပရာဇိတ သူကြွယ်သည် ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ဝင်တော်မူပါဟု လျှောက်သော်လည်း မဝင်ဘဲ ရပ်၍သာ နေတော်မူ၏။ သုံးကြိမ်မြောက် လျှောက်သောအခါ သေနမထေရ်ကို ကြည့်တော်မူ၏။ အရှင်သေနလည်း ဘုရားအလိုတော်ကို သိ၍ ညီအပရာဇိတသူကြွယ်ကို ခေါ်ပြီးလျှင် ဤရတနာတို့ကို ဘုရားတပည့်တော်ပင် စောင့်ပါမည်၊ ကိုယ်တော်အရှင်မြတ်မှာ ကြောင့်ကြမဲ့သာ နေတော်မူပါဟု လျှောက်ရမည်ဆိုလျှင် အပရာဇိတ သူကြွယ်သည် ဝိပဿီမြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ လူ့နတ်တို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား–ဤလောက၌ လူတို့သည် သစ်ပင်ရင်း၌ နေပြီးလျှင် ထိုသစ်ပင်ကို ငဲ့ခြင်းမရှိ သွားကုန်ဘိသကဲ့သို့ ၎င်း၊ လှေဘောင်ဖြင့် မြစ်ကိုကူးသောသူတို့သည် တဘက်ကမ်းသို့ ရောက်လျှင် ထိုလှေဘောင်ကို ငဲ့ခြင်းမရှိ သွားကုန်ဘိသကဲ့သို့၎င်း ထို့အတူ ကိုယ်တော်အရှင်မြတ်သည် ဤရတနာတို့ကို ငဲ့ခြင်းကင်းလျက် သီတင်းသုံးတော်မူပါ၊ ရတနာစုကိုကား ဘုရားတပည့်တော် စောင့်ရှောက်ပါမည်၊ လွတ်သော စိတ်ဖြင့်သာ ဝင်တော်မူပါဟု လျှောက်၏။

ယင်းသို့ လျှောက်ရာတွင်မှ ဝင်တော်မူသည်၊ အဘယ့်ကြောင့် မဝင်ဘဲ ရပ်၍ နေတော်မူသနည်းဟူမူ...ဘုရား အထံတော်သို့ နံနက်အခါ၊ ညချမ်းအခါ များစွာသောလူတို့သည် လာရောက်မြဲဖြစ်သည်၊ ထိုလူတို့သည် ရတနာကို ယူ၍ သွားသည်ရှိသော် ငါတို့လည်း မတားမြစ်ကောင်းချေ။ ပရဝုဏ်အပြည့် ကြဲထားသောရတနာကို အလုပ်အကျွေးတကာတို့ ဆောင်ယူသွား၍ တားမြစ်ကောင်းပါလျက် မတားမြစ်ဘဲ နေနိုင်လေသနည်းဟူ၍

သူကြွယ် ပြစ်မှားသည်ရှိသော် အပါယ်လားရာ ချေသည်ဟု နှလုံးသွင်း၍ မဝင်ဘဲ ရပ်၍နေတော်မူသည်။သူကြွယ် လျှောက်သောအခါ၌ကား ဝန်ကင်းသောကြောင့် ဝင်တော်မူသည်။

အပရာဇိတသူကြွယ်လည်း ထက်ဝန်းကျင်မှ အစောင့်ထား၍ လူအပေါင်းတို့ ဤရတနာစုကို ခါးပိုက်အိတ်တို့ဖြင့် ဆောင်ယူလျှင် တားမြစ်ရမည်၊လက်ဖြင့်ဆောင်ယူမူကား မတားမြစ်နှင့်ဟု ဆို၏။ထိုသူတို့သည် သူကြွယ်ဆိုတိုင်း တားမြစ် စောင့်ရှောက်နေကြကုန်၏။ ဗန္ဓုမတီပြည်တွင်လည်း ငါသည် ဂန္ဓကုဋိတော် ပရဝုဏ်မှာ ရတနာခုနစ်ပါးတို့ကို ကြဲထားသည်၊ ဘုရားထံတော်မှ တရားနာ၍ အိမ်သို့ ပြန်သောအခါ ဆင်းရဲသူကား လက်နှစ်ဘက်ဖြင့် ပါသမျှ ယူကြကုန်ဟူ၍ ကြွယ်ဝသူတို့ကား လက်တဘက်ဖြင့် ပါသမျှ ဆောင်ယူကြကုန်ဟူ၍ ကြွေးကြော်စေ၏။

အဘယ့်ကြောင့် ကြွေးကြော်စေသနည်းဟူမူ သဒ္ဓါကြည်ညိုသူတို့ကား တရားတော်ကိုနာလို၍ လာရာသည်၊ မသဒ္ဓါမကြည်ညိုသူတို့ကား ဥစ္စာရတနာကိုရမှ လာရာသည်၊ ဥစ္စာရတနာကိုပင် မက်မောသဖြင့် လာ၍ပင် တရားကို နာသည်ရှိသော် တရားနာသော ကုသိုလ်ကြောင့် သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ပါလေစေဟု နှလုံးသွင်း၍ မသဒ္ဓါမကြည်ညိုသူတို့ကို ချီးမြှောက်ခြင်းအကျိုးငှာ ရတနာကို ကြဲ၍ ကြွေးကြော် စေသတည်း။ လူအပေါင်းတို့လည်း သူကြွယ်ဆိုတိုင်းပင် ရတနာတို့ကို ယူကုန်၏။ ရှေးဦးစွာကြဲသော ရတနာ ကုန်လျှင် ရှေးအတိုင်း တဘန်ကြဲပြန်သည်။ နှစ်ကြိမ်မြောက် ကြဲသော ရတနာစုကုန်ပြန်လျှင် ရှေးအတိုင်း သုံးကြိမ်မြောက် ထပ်၍ ကြဲပြန်သည်။ ဝိပဿီ

မြတ်စွာဘုရား ခြေတော်ရင်း၌ကား ဘုရား အရောင်တော်နှင့် ပတ္တမြားအရောင်တော်ယှက်ကူး၍ ဖူးမြင်သူတို့ မရောင့်ရဲနိုင်စေ ခြင်းငှာ သခွားပြေပုတ်သီး ပမာဏ အဘိုးအနဂ္ဃ ထိုက်သော ပတ္တမြား ရတနာကို ထား၏။ လူအပေါင်း တို့လည်း ပတ္တမြား ရတနာအရောင်နှင့် ဘုရား အရောင်တော်သည် တပေါင်းတည်း ရောယှက်၍ အတိုင်းထက်အလွန် တောက်ပသည်ကို ရောင့်ရဲ မပြေ ကြည့်ရှုကြကုန်၏။

တနေ့သ၌ မိစ္ဆာအယူရှိသော ပုဏ္ဏားတယောက်သည် ပတ္တ မြားရတနာကို ခိုးယူခြင်းငှာ ကျောင်းတော်သို့ သွား၍ ဘုရား ကိုရှိခိုးလိုသောအမူအရာဖြင့် ပရိသတ် အလယ်သို့ ဝင်လေ၏။ အပရာဇိတသူကြွယ်လည်း ထိုပုဏ္ဏား၏အမူအရာကိုသိ၍ ပုဏ္ဏား သည် ပတ္တမြားရတနာကို မခိုးမယူပါမူကား ကောင်းလေစွ ဟု ကြံအောက်မေ့စဉ်ပင် မြတ်စွာဘုရားကို ရှိခိုးယောင်ပြု၍ ဘုရား ခြေတော်ရင်း၌ လက်ကိုအတွင်းထားလျက် ပတ္တမြားရတနာကို ယူပြီးလျှင် ခါးပိုက်တွင်းထည့်၍ ဆောင်ယူသွားလေ၏။ အပရာ ဇိတသူကြွယ်လည်း ပတ္တမြားရတနာကို ပုဏ္ဏား ခိုးယူလေသော ကြောင့် နှလုံးမသာမယာရှိသဖြင့် တရားတော် ဆုံးသောအခါ မြတ်စွာဘုရား၏အနီးသို့ကပ်ပြီးလျှင် ဘုန်းတော်ကြီးလှပါသော သခင်ဘုရား--တကာတော်သည် ဂန္ဓကုဋီ ပရဝုဏ်အပြည့် ပုဆစ် ပမာဏ သုံးကြိမ်ကြဲသော ရတနာခုနစ်ပါးကို လူအပေါင်းတို့ ဆောင်ယူသွားသောအခါ နှလုံးမသာခြင်းမရှိ၊ အလွန်တရာ ဝမ်းမြောက်ပါသည်။ ယခုမူကား ပုဏ္ဏားသူယုတ်သည် မယူစေ လိုသော ပတ္တမြားရတနာကို ခိုးယူသွားသောကြောင့် နှလုံး မသာရှိပါသည်ဟု လျှောက်၏။

ထိုအခါ ဝိပဿီမြတ်စွာဘုရားသခင်သည် တကာသူကြွယ် ကိုယ့်ဥစ္စာကို သူတပါးတို့ မဆောင် မယူ နိုင်အောင်သာ ကြံ ကောင်းသည် မဟုတ်လောဟု နည်းပေးတော်မူ၏။ အပရာဇိတ သူကြွယ်လည်း ဘုရားနည်းပေးတော်မူသည်ကို သိရှိ၍ ရှိသေစွာ ရှိခိုးလျက် ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား-ယနေ့မှစ၍ ဘုရားတပည့်တော်၏ ဥစ္စာကို မြိတ် ဆာချည်တမျှင်မျှပင်ဖြစ်သော်လည်း အရာမကသောမင်း အရာ မကသောခိုးသူတို့သည် နှိပ်စက်လုယက်၍ မယူနိုင်သည် ဖြစ်စေ သော၊ ရေ,မီး,တို့ သည်လည်း မဖျက်မဆီး နိုင်သည် ဖြစ်စေ သောဟု ဆုတောင်းသည်ကို မြတ်စွာဘုရား အနုမောဒနာ ပြုတော်မူ၏။ အပရာဇိတ သူကြွယ်သည်လည်း ဂန္ဓကုဋိတိုက်ကို အပ်လှူသောအခါ ခြောက်သန်း ရှစ်သိန်းသော ရဟန်းသံဃာ တို့ကို ထိုကျောင်းတွင်း၌ ကိုးလပတ်လုံး အလှူကြီးပေး၏။ အလှူ ပြီးသောနေ့၌ ခပ်သိမ်းသော ရဟန်းတို့အား တိစီဝရိက်သက်န်း လှူ၏၊ အငယ်ဆုံး မထေရ် ရသော သက်န်းသုံးထည်ပင် သော် လည်း အသပြာတသိန်း ထိုက်၏။

ယင်းသို့ ဆိုအပ်ခဲ့ပြီးသော အလှူကြီး ပေးပြီးသည့် နောက် ကာလ၌သည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထို ဘဝမှ စုတေသောအခါ နတ်ပြည်၌ဖြစ်လေ၏။

ဆုတောင်းပုံ မျိုးသည် တိုတို ဆုတောင်းခြင်း, ရှေရှေဆု တောင်းခြင်း နှစ်မျိုးရှိရာတွင် အထက်ပါအကြောင်းအရာတို့ကို ကြည့်ရှုပါက ဇောတိက သူဋ္ဌေးလောင်း၏ ဆုတောင်းခြင်းမျိုး သည် ဝဋ္ဋ ဝိဝဋ္ဋ နှစ်မျိုးရော၍ ဆုတောင်းခဲ့မှုကြောင့် ဘုံဘဝ သံသရာဖြစ်ရမှု၌ ကြာမြင့်ပြီးလျှင် နိဗ္ဗာန်မဂ်ဖိုလ်ကို ရပေသည်။

အစ်ကိုဖြစ်သူ၏ ဆုတောင်းသည် အရှင်ဘုရား သိမြင်အပ်သော တရား သိမြင်ရပါလို၏ဟု ခပ်တိုတိုပင် ဆုတောင်းမှုကြောင့် မကြာမြင့်မီ ပွင့်လာသော ဝိပဿီဘုရား၏ အရိယာသာဝက ဖြစ်၍ နိဗ္ဗာန်သို့ ဘဝတိုတိုနှင့် ကူးသွားလေသည်။

ဤသို့အားဖြင့် သံယောဇဉ် မပြတ်သား၍ ဆုတောင်းပုံ ဟန်မကျ ဖြစ်ပါက ဆင်းရဲရှည်ကြာ၍ သံသရာမှာ ကြာမြင့်ပေသည်၊ ဆုမတောင်းဘဲလည်း နိဗ္ဗာန်မဂ်ဖိုလ်ဒရနိုင်၊ ထို့ကြောင့် သတိသမ္ပဇဉ်ယှဉ်ကြ၍ ဆုတောင်းမှု၌ လိမ်မာပါးနပ်ကုန်ရာ၏။

ဤသည်လျှင် ဆုတောင်းခဏ်းအဖွင့် ပြီး၏။

## လေ့ကျင့်ခန်း မေးခွန်း

၁။ ဆုတောင်းခြင်း ဘယ်နှစ်မျိုး ရှိပါသနည်း။
၂။ ဆုတောင်းမှု ပြည့်စုံရန် အကြောင်းအင်္ဂါ ဘယ်နှစ်ပါးရှိသနည်း။
၃။ ဂတိမြဲကြောင်းတရား ဘယ်နှစ်ပါးနည်း။
၄။ ဆုတောင်းနည်း ဘယ်နှစ်မျိုးရှိပါသနည်း။
၅။ ဘယ်နှစ်သချေ်ျ ဖြည့်ပါမှ သဒ္ဓါဓိကဘုရား ဖြစ်နိုင်ပါသနည်း။
၆။ သာဝကဗောဓိဆု ဘယ်နှစ်ပါး ရှိသနည်း။
၇။ ပကတိသာဝကသည် အဘယ်မျှကြာအောင် ပါရမီဖြည့်ရပါသနည်း။
၈။ ဘယ်ပုဂ္ဂိုလ်မျိုးစားသည် ဆုတောင်းတိုင်း ပြည့်ပါသနည်း။
၉။ ပကတိသာဝကရဟန္တာဆုတောင်းကိုရေးသားပါ။
၁၀။ ကမ္မဿကတဉာဏ်ဟူသည် အဘယ်နည်း။
၁၁။ ဗိမ္ဗိသာရမင်းကြီးသည် စတုမဟာရာဇ် နတ်ပြည်၌ အဘယ်ကြောင့် နတ်အညွှံ့စားကလေး ဖြစ်ရပါသနည်း။
၁၂။ ဇောတိကသည် အဘယ့်ကြောင့် သံသရာ၌ များစွာ ကျင်လည်ရသနည်း။
၁၃။ ဇောတိက သူဌေး လောင်း၏ ဆုတောင်း ပုံကို ဖော်ပြပါ။
၁၄။ ဇောတိကပစ္စည်းများကို ရန်သူမျိုးငါးပါး အဘယ့်ကြောင့် မဖျက်ဆီးနိုင်သနည်း။

## သရဏဂုမ်သင်တန်း

သရဏဂုမ်-ဟူသောစကားသည် သရဏဂမနဟူသော ပါဠိဘာသာစကားမှ ဆင်းသက်လာသော ပါဠိပုဒ်ပျက် စကားဖြစ်၍ စကားနှစ်ရပ်ပေါင်းစပ်၍ သရဏဂုမ်ဟု ခေါ်ဝေါ်ပြောဆိုခြင်း ဖြစ်လေသည်။

ထို့ကြောင့် စိတ်ဖြာ၍ အနက်ယူသော်"သရတိ ဟိံသတီတိ သရဏံ၊ ဂစ္ဆိယတေ ဂစ္ဆတီတိ ဝါ ဂမနံ၊ သရဏဿ ဂမနံ သရဏဂမနံ-ဟု နိရုတ္တိဝစန ထုတ်ဆိုပြ၍ သရဏဟူသည် ဘေးအန္တရာယ်ဟူသမျှကို ကင်းပပျောက်ပျက် စေခြင်းငှာ စွမ်းနိုင်သော ဘုရား, တရား, သံဃာ ရတနာ မြတ်ဟူသော အထွဋ်အမြတ်ဆုံး အာရုံရ၏။

ဂမနဟူရာ၌ ရတနာသုံးပါးဟူသော မွန်မြတ်သော အာရုံကို ယူတတ်သော သဒ္ဓါပညာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်, မဂ်စိတ္တုပ္ပါဒ် ဟူသော အာရမ္မဏိက တရားကို ကောက်ယူရမှုကြောင့် ဗုဒ္ဓဘာသာဝင်တို့ခံယူဆောက်တည်ကြသော သရဏဂုမ်ဆိုဒါ အကျဉ်းချုပ်အားဖြင့် ဘေးမရှိ ကင်းဝေးအောင် ပြုလုပ်ခြင်းမျိုးသာ ဖြစ်သည်။

အဲဒီတော့ ကပ္ပါသူ,ကပ္ပါသား သတ္တဝါအများ၌ အမြဲတမ်းဘေးအန္တရာယ်တွေ့ကိန်း၍ အမြဲတမ်း ဘေးသင့်နေတယ် ဆိုဒါ သတိတရားရှိသူတိုင်း သိသာထင်ရှားသည်။ ဘေးအန္တရာယ်တွေရှိနေပါလျက်နှင့် ထုံ,ထိုင်း,အ,န၍ အကင်းမပါးသော သူတို့သည် နားမလည် နိုင်မှုကြောင့် ဘေးသင့်နေမှန်းကို မရိပ်မိကုန်ဘဲ သံသရာဝဋ်ထဲ၌ တဏှာအာရုံမှိုင်းသင့်ပြီးလျှင် အပျော်ကြီး ပျော်နေကြကုန်၏။

ထိုဘေးရန်ကြီးတွေကို အမှန်ကင်းပျောက်နိုင်အောင် ကုစားနိုင်ဒါကတော့ ရတနာသုံးပါးမှလွဲ၍ ကုစားနိုင်သူ မရှိနိုင်ပေကုန်။ အခြား ကုစားသူဆိုလျှင် ခေတ္တခဏ သက်သာသယောင် ကုစားခြင်းမျိုးဖြစ်၍ ဘေးရန် အန္တရာယ်တွေကို အမြစ်ပြုတ်အောင် ကုစားနိုင်သူတို့ မဟုတ်ကြကုန်။အမြင်မှား၍ ကုစားခြင်းမျိုးသာ ဖြစ်ကြပေကုန်၏။ အစစ်အမှန် ကုစားနိုင်ခြင်း ဆိုဒါ ဘုရား,တရား,သံဃာ ရတနာသုံးဖြာဖြစ်၍ အသိဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည် ငါတို့၏ အားထားရာသည် ရတနာသုံးပါးဘဲဟု သဘောပေါက်ကြ၍ မိမိတို့၏ အသက်မျှမက ရတနာသုံးပါးကို ချစ်ကျွမ်းဝင်ကြပြီးလျှင် သုပ္ပဗုဒ္ဓကုဋ္ဌိတို့ကဲ့သို့ မတုန်မလှုပ် မပျက်ပြားသော ကိုးကွယ်ဆည်းကပ်မှု ရှိကြကုန်၏။

ကပ္ပါပေါ်၌ ဘာသာ အသီးအသီး ဝင်ရောက်ကြခြင်းသည် ဘေးအန္တရာယ်တွေ ကြောက်လန့်မှုကြောင့် အားကိုးရာ ရှာမှီးကြခြင်း ဖြစ်သည်။ အားနည်းပါးသူသည်အားကြီးသူ အားကိုးရာကို ရှာကြံသကဲ့သို့ သရဏဂုံဆောက်တည်သော ဉာဏ်ရှိသော ဗုဒ္ဓဘာသာဝင် တယောက်သည်လည်း ဆင်းရဲမှုကို အသိအမြင်အတိုင်း ကြောက်လန့်မှုကြောင့် ဘုရား,တရား,သံဃာ သရဏဂုံယူခြင်း ဟူသော အားကိုးအားထား ခံယူခြင်းဖြစ်၏။

ဤအားကိုးမှီခိုမှုမျိုးသည်လည်း အမှားကို အားကိုး အားထားပြုခြင်း, အမှန်ကို အားကိုး အားထား ပြုခြင်းဟု နှစ်မျိုးနှစ်စား ရှိပြန်သည်။ အမှားကို အားကိုး မိပါက ဆင်းရဲအတန်တန် ဘေးရန်အန္တရာယ် အလွန်များပြား၍ အဆုံးမသတ်နိုင်သော ဝဲသြဃသံသရာ၌ နစ်မြုပ်၍ ကောင်းကျိုး မဖြစ်နိုင်ပေကုန်။

အခါတပါး အင်္ဂုဒတ္တ အမည်ရှိသော ပရိဗိုဇ် ရဟန်းတို့ကို သရဏဂုံကိစ္စနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားကိုယ်တော်တိုင် ဟော ကြားအမိန့်ရှိသည်မှာ....

မေး–အင်္ဂုဒတ္တ သင်၏တပည့်သာဝကတို့အား ဘယ်ပုံ ဆုံးမ ညွှန်ကြားပေးသနည်း။

ဖြေ–တပည့်တို့ သင်တို့သည် တော, တောင်, အာရာမ်, သစ်ပင် တို့ကို ကိုးကွယ် ဆည်းကပ် ကြကုန်။ ဤသို့ တော တောင် စသည်ကို ကိုးကွယ်ခြင်းသည် အလုံးစုံ ဝဋ်ဆင်းရဲမှ လွတ်ကင်း နိုင်ပေ၏ဟု ဤသို့ အားဖြင့် ဖြေကြားပေသည်။

ထိုအခါ ဗုဒ္ဓဘုရားသည် အင်္ဂုဒတ္တ–သင်ယူဆသည့် အတိုင်း သစ်ပင်, တော, တောင်, အာရာမ်, ဥယျာဉ်ကို အားထားမှီခို ကိုးကွယ်ရုံမျှဖြင့် ဆင်းရဲဒုက္ခမှ အမှန်စင်စစ် မလွတ်ကင်းနိုင်ကုန်။ သင်တို့ကို ကရုဏာရှေ့ထား၍ အမှန် အားထားမှီခိုလောက်သော သရဏဂုံတရားကို ယခုဟောကြားအံ့ ရှိသေစွာ နာယူကြကုန်။

လူအပေါင်းတို့သည် ဘေးဖြင့် ထိတ်လန့်ကြ၍ရင်း, သား သမီး ရလိုကြ၍ရင်း သစ်ပင်, တော, တောင်တို့ကို အားထားမှီခို ကိုးကွယ်ခြင်း ဟူသော သရဏဂုံကို ခံယူ ဆောက်တည်ခြင်း ပြုကြကုန်၏။ ဤသို့ပြုသော်လည်း ပြုရာမရောက် အားကိုးသော် လည်း အားကိုးရာမရောက် ဘေးရန် မပျောက်နိုင်ဘဲ ဘေးရန် တွေ့သာ တနေ့တခြား တလတခြား တနှစ်တခြား တဘဝတခြား ပိုမို၍ များပြားလာဘွယ်ရာ ရှိကုန်သည်။

သင်တို့၏ ကိုးကွယ်ပုံ သရဏဂုမ်သည် တဦးတယောက်မျှပင် ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ ဘေးအဝဝတို့မှ ကင်းဝေးလွတ် မြောက်နိုင်ရန် မဖြစ်နိုင်ပေကုန်။

ဤသို့အားဖြင့် အားကိုး မှိခိုအားထား မှားယွင်းမှုကြောင့် အကျိုးမများ ဖောက်ပြန် မှားယွင်းသော သရဏဂုမ် တရားကို အဆက်ဆက်သော ရှေးအခါ ကာလများကပင် ထင်ရှားရှိကြ ဘူးကုန်၏။ ယခုခေတ်၌လည်း မိမိတို့ ဉာဏ်မှီသလောက် အထင် အမြင်ရောက်၍ မှောက်မှောက်မှားမှား ကိုးကွယ် အားထားမှု များသည် နိုင်ငံ အသီးသီး၌ပင် ကမ္ဘာ့အနှံ့အပြား ထင်ရှားရှိပေ ကုန်၏။

တကယ် ဘေးရန်ကင်းလွတ်ရန်မှာ မိမိကိုယ်တိုင်က ခေတ်ခံ အသိဉာဏ် နက်နဲစွာတွေးခေါ်နိုင်၍ အမှန်မြင်နိုင်သော ဆရာ ကောင်းနှင့် တွေ့ကြုံ ဆုံစည်းသောအခါ ဥပကတို့လို အတွေး အခေါ်ရှိပါမူ ဤကမ္ဘာကြီး၌ ဆင်းရဲဒုက္ခ ကင်းဝေးနိုင်တယ် ဆိုဒါ ဆင်းရဲဒုက္ခအမျိုးမျိုးကို သိမြင်ကြ၍ ဆင်းရဲဖြစ်ကြောင်း နှင့် ဆင်းရဲမှလွတ်ကြောင်း တရားမှန်နှင့် ဆင်းရဲလွတ်ရာကို တကယ် နားလည်ကြကုန်သော ဗုဒ္ဓဘာသာဝင် ထိပ်တန်းစား ဉာဏ်ကြီးရှင်တို့၏ အရာသာဖြစ်ကြကုန်၏။

အဆိုပါ ဉာဏ်ကြီးရှင်တို့သည် အမှန်တရားကို အမှန်တရား အတိုင်း အမှားတရားကို အမှားတရား အနေဖြင့် ပိုင်းခြား ဝေဘန် သိမြင်နိုင်မှုကြောင့် တရားမှန်ကိုလည်း တရားမှန်ဟု သိမြင်၍ ဓမ္မံ သရဏံ ဂစ္ဆာမိ– သရဏဂုမ်သည် မိမိသန္တာန်ဝယ် ရှေးဦးစွာ သံသရာတခွင်က မသိမမြင်ဘူးသေးသော အသိထူး တရား ဖြစ်ပေါ်လာတော့၏။ ထိုဓမ္မံ သရဏံ ဂစ္ဆာမိ သရဏဂုမ်

တည်လာပြီဆိုလျှင် ကိုယ်တိုင်သိမြင် သတ္တဝါတို့ကို သိမြင်စေနိုင်သော ဘုရားသဗ္ဗညုကို ကျေးဇူးရှင်တပါး အနေဖြင့် အသိဉာဏ်ပေါက်၍ ချီးမြှောက်ပူဇော်တတ်တော့၏။ တပည့်သာဝကသံဃာတော် ကိုလည်း အသိထူး အမြင်ထူး ရောက်ရှိပြီးသား ပုဂ္ဂိုလ် တွေဘဲဟု သဘောပေါက်၍ သံဃာစစ် သံဃာမှန်ကို စစ်တမ်းထုတ်၍ ကိုးကွယ် ဆည်းကပ်မှုဖြစ်လာသော သရဏဂုမ်သည် တပါးသူတို့ မဖျက်ဆီးနိုင်သော အဘိုးတန် သရဏဂုမ်ခံယူမှုမျိုးဖြစ်၍ ဗုဒ္ဓဘာသာဝင် အစားစား ရှိရာတွင် မြင့်မြတ်သော ဗုဒ္ဓဘာသာဝင်တယောက် ဖြစ်မြောက်လာပေတော့၏။

ဤဆိုအပ်ခဲ့ပြီးသော သရဏဂုမ် ယူမှုမျိုးသည် ပဋိပတ်တရားကို ယုံကြည်သော သဒ္ဓါတရားဖြင့် မနေမနား ကြိုးစားအားထုတ်မှုကြောင့် ကိုယ်တွေ့ကိုယ်ကြုံ ကိုယ်ယုံကိုယ်သိ ကာလသုံးပါး၌ ရုပ်တရား, နာမ်တရား, ပရမတ်တရားတို့ကို အမြင်ခေတ်အထူးရှိလာ၍ ဩော်–ဘုရားဆိုဒါ ဒီလိုပါလား, သံဃာဆိုဒါ ဒီလိုပါလားဟု တရားရတနာ အစဖြာ၍ ရတနာသုံးရပ်တို့ကို အစဉ်လျှောက်၍ အစအဆုံး မထင်နိုင် မမြင်နိုင်သော သံသရာတခွင်က မတွေ့မကြုံ မသိမမြင်ကုန်၍ မတွေ့မြင် မခံစံဘူးသော အမွန်အမြတ်ဆုံးတရား အရသာထူးကြီးကို ပြောပြလို့အားမရ ပြောပြလို့ မဖြစ်နိုင်လောက်အောင် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပေါ်ပြီး၍ ဤရတနာသုံးပါးသည်သာ ငါတို့၏အိုမှု, နာမှု, သေမှု, ရောဂါရမှုစသည်တို့ကို အစစ်အမှန်ကင်းဝေးအောင် ပြုလုပ်နိုင်၏။ အခြားတပါး ကင်းဝေးအောင် ပြုလုပ်နိုင်သော အရာဝတ္ထု မရှိ၊ အမိအဘ, ဆရာသမား စသည်တို့သည် ငါတို့၏ တသက်တာ တဘဝစာအတွက်သာ ချမ်းသာသုခ ဖြစ်ပေါ်ရန်

တတ်စွမ်းနိုင်၏။ ဘဝများစွာ သံသရာများစွာ၌ ချမ်းသာသုခ ရရန်အတွက် ပေးစွမ်းနိုင်သော သတ္တိထူး မရှိနိုင်ပေကုန်။ အိုမှု, နာမှု,သေမှုကင်းရာနိဗ္ဗာန်မဂ်ဖိုလ် ချမ်းသာဆိုဒါ ဘုရားသဗ္ဗညုမှ လွဲ၍ ဤလောကဓာတ်ကြီး၌ မည်သူ တဦးတယောက်မျှ ထုတ်ဖော်ညွှန်းပြနိုင်ကြသည် မဟုတ်ကြပေကုန်။

ဤသို့အားဖြင့် မိမိကိုယ်ပိုင် အသိတရားဖြင့် ခံယူဆောက်တည်လာသော သရဏဂုံသည် ဝိပဿနာဉာဏ်အမြင်မှန်ပေါက်ရောက်လာ၍ တဆင့်ထက်တဆင့် အသိဉာဏ် မြင့်တက်လာကြကုန်သော ဝေနေယျယောဂီ အကြီးစားတို့၏ တရားသိမြင်သည်မှစ၍ သရဏဂုံကို စွဲစွဲမြဲမြဲမပျက်မစီးနိုင်ဘဲ ခံယူဆောက်တည်လာတော့၏။

ဤကဲ့သို့ တရားသိမြင်မှု သရဏဂုံမျိုးကို ခံယူဆောက်တည်နိုင်အောင် ဓာတ်ဉာဏ် ပရမတ်ဉာဏ် ပေါက်အောင် အထူးကြိုးစားရ၏။ ဤပြဆိုခဲ့ပြီး ဖြစ်သော သရဏဂုံ မျိုးသည် အတိုင်းမသိသောအကျိုးရှိမှုကြောင့် ဗုဒ္ဓဘုရား၏အလိုတော်ကျဖြစ်၍ အားရနှစ်သက်တော်မူလှ၏။

အခါတပါး ဘုရားရှင်သည် ရဟန်းအများတို့ကို အောက်ပါတရားစကားတော်ကို ဟောကြားတော်မူ၏။

ရဟန်းတို့ အကြင် ပုဂ္ဂိုလ်သည် သူများ စည်းစိမ်ကို လိုချင်မက်မောမှု အဘိဇ္ဈာများသူ, ကာမဂုဏ် တရားတို့၌ အားကြီးသော တဏှာရာဂရှိသူ, ဖောက်ပြန်သောစိတ်ရှိသူ, ပြစ်မှားလိုသော စိတ်အကြံအစည်ရှိသူ, လွတ်သောသတိရှိသူ,ဆင်ခြင်ဉာဏ်မရှိသူ, မတည်ကြည်သူ, တုန်လှုပ်သောစိတ်ရှိသူ, မစောင့်စည်းသောဣန္ဒြေရှိသူ ဖြစ်ခဲ့ပါမူ ထိုသူသည် ငါဘုရား၏ သင်္ကန်း

စွန်းကိုကိုင်၍ ငါဘုရား ခြေရာတော်၌ ထပ်တူထပ်မျှ ခြေကို ချနင်းလျက် နောက်မှနောက်မှ အစဉ်အတိုင်းလိုက်ပါနေသော် လည်း ထိုရဟန်းသည် ငါဘုရားမှဝေးသည်သာတည်း။ ငါဘုရား သည်လည်း ထိုရဟန်းမှ ဝေးသည်သာတည်း" အဘယ့်ကြောင့် ဆိုသော် ရဟန်းတို့ ဤပုဂ္ဂိုလ်မျိုးသည် တရားတော်ကို မမြင်၊ တရားတော်ကိုမမြင်ပါက ငါဘုရားကို မမြင်သည်မည်တော့၏။ ထိုပုဂ္ဂိုလ်မျိုးစားသည် အဘယ်မှာ အဘိုးတန် သရဏဂုမ် တည် နိုင်ပါတော့အံ့နည်း။

ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် အဘိဇ္ဈာမများမူ၍ ကာမဂုဏ် တရားတို့၌ အားကြီးသော ကာမရာဂမရှိသူ, ဖောက်ပြန်သော စိတ်မရှိသူ, ပြစ်မှားလိုသောစိတ်အကြံအစည်မရှိသူ, ထင်သော သတိရှိသူ, ဆင်ခြင်ဉာဏ်ရှိသူ, တည်ကြည်သူ, မတုန်လှုပ်သော စိတ်ရှိသူ, စောင့်စည်းသော ဣန္ဒြေရှိသူဖြစ်ပါမူ ထိုသူမျိုးသည် ယူဇနာ တရာ ဝေးကွာသော အရပ်၌ နေထိုင်ပါသော်လည်း သဘာဝတူ၍ ငါဘုရားနှင့် နီးသည်သာတည်း။ ငါဘုရားသည် လည်း ထိုပုဂ္ဂိုလ်မျိုးနှင့် နီးသည်သာတည်း။ အဘယ့်ကြောင့် ဆိုသော် ရဟန်းတို့ ထိုသူသည် တရားကို မြင်၏၊ တရားကိုမြင် သည်ရှိသော် ငါဘုရားကိုမြင်သောကြောင့်ပင်တည်း။ ဤအနက် သဘောကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤသုတ်ပါဠိတော်၌ အောက်ပါအနက်သဘောကို အကျဉ်း အားဖြင့် မှတ်သားအပ်၏။

အလိုကြီး၍ ညှဉ်းဆဲတတ်သော တဏှာအလိုသို့ အစဉ်လိုက် နေသူသည် တုန်လှုပ်မှု တဏှာကင်းသော မြတ်စွာဘုရားသို့ အစဉ်လိုက်နေသော်ငြား,ကိလေသာ မငြိမ်းသေးသော သူသည်

ကိလေသာ ငြိမ်းအေးပြီးသော မြတ်စွာဘုရားသို့ အစဉ်လိုက်နေသော်ငြား, မက်မောသူသည် မက်မောခြင်း ကင်းသော မြတ်စွာဘုရားသို့ အစဉ်လိုက်နေသော်ငြား သဘာဝ မတူမှုရှိ၍ မြတ်စွာဘုရားနှင့် အလွန်ဝေးသည်သာ ဖြစ်ပေ၏။

အကြင်ပညာရှိသည် သစ္စာလေးပါးတရားမြတ်ကို ဝိပဿနာ ဉာဏ်အထူးဖြင့် သိ၍ သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့်သိ၍ လေငြိမ်ရာ၌ တည်ရှိသော ရေအိုင်ကဲ့သို့ တုန်လှုပ်မှု တဏှာ ကင်းသည်ဖြစ်၍ ငြိမ်သက်၏။

တဏှာနည်းပါးသော ထိုပုဂ္ဂိုလ်သည် တဏှာကင်းသော မြတ်စွာဘုရားနှင့် နေထိုင်ရာ အရပ်ဝေးနေသော်ငြား, ငြိမ်းအေး သောပုဂ္ဂိုလ်သည် ငြိမ်းအေးသော မြတ်စွာဘုရားနှင့် နေထိုင်ရာ အရပ်ဝေးသော်ငြား, မက်မောမှု နည်းပါးသောသူသည် မက်မောမှု ကင်းဝေးသော မြတ်စွာဘုရားနှင့် တည်ရာအရပ် အားဖြင့် ဝေးသော်ငြား သဘာဝတရား တူမျှ၍ အလွန့်အလွန် နီးကပ် သည်သာတည်း။

ထိုအခြင်းအရာ သဘောတရားကို ရှုပါလော့၊ ဤအနက် သဘောတရားကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဤသို့ အားဖြင့် တရားကို သိမြင်ကြပြီးသော ပုဂ္ဂိုလ်တို့၏ ဘုရားကို ကြည်ညိုမှု, ရှိခိုးမှု, ပူဇော်မှု, အားကိုး အားထား ပြုလုပ်မှုနှင့် သံဃာတော်ကို အားကိုးအားထား ပြုလုပ်မှုမျိုးသည် ဘေးကင်း ရန်ကင်း ဖြစ်နိုင်၍ မြင့်မြတ်သော ချမ်းသာသုခ ပြည့်ဝစေ နိုင်သော သရဏဂုမ်ခံယူဆောက်တည်ခြင်းမျိုး ဖြစ်၏။

ဤမြင့်မြတ်သောသရဏဂုမ်လုံခြုံနေသောသူတို့သည် သေပြီး နောက်ကာလ ဘဝသစ်တပါး ရောက်သောအခါ သရဏဂုမ်

တင်စရာပင် မလိုတော့ပေ၊ သေ့သောအခါ သရဏဂုံတင်ရမှု သည် ရုပ်,နာမ်တရားမှန်ကို အမြင်မပေါက်သေး၍ ဘာသာ အယူဝါဒပြောင်းမှု၌ စိတ်မချသောကြောင့် သရဏဂုံ တင်ရ ခြင်း ဖြစ်၏။

ဤသည်လျှင် ပရမတ်ဘုရား,ပရမတ်တရား,ပရမတ်သံဃာကို တွေ့မြင်သိရှိနိုင်၍ မှန်မြတ်သော ဝိပဿနာဉာဏ်,မဂ်ဉာဏ်သရဏ ဂုံနှစ်စား၏ သဘောသွားကိုအကျဉ်းဖော်ပြချက်ပြီး၏။

ရုပ်,နာမ်တရား အသိကင်း၍ သဒ္ဓါတရား သက်သက်ဖြင့် ဖြစ်ပေါ်လာသော သရဏဂုံခံယူပုံနှင့် ယောင်ယောင်ဝါးဝါး အတုအပခံယူမှုများသည် 'အခြားသော သရဏဂုံဆိုင်ရာ ကျမ်း စာတို့၌ ပါရှိပြီးဖြစ်၍ ဤ၌ အကျယ်မပြတော့ပေ။

ဤ ရုပ်,နာမ် သိမှုမပါသော သရဏဂုံ မျိုးသည် ရုပ်ပုံ သဏ္ဌာန်အထည်ကိုယ် ဒြပ်မှု တဆင့် ဂုဏ်ဘော် ကျေးဇူးတော်သို့ အစဉ်လျှောက်၍ ကြည်ညိုသဒ္ဓါစိတ် ပေါ်ပေါက်လာအောင် ဆွဲဆောင်မှုမျိုးဖြင့် သရဏဂုံခံယူခြင်း ဖြစ်၏။ထိုခံယူမှုမျိုးသည် ကမ္မဿကတဉာဏ် အခြေခံရှိ၍ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိနှင့် ကောင်းကောင်းကြီး ပြည့်စုံနိုင်ကုန်၏။

ဤသရဏဂုံမျိုးသည် ခိုင်ခံ့သောအသိဉာဏ်မပါ၍ ဘာသာ တပါး ပြောင်းသွား၍ ဖြစ်စေ,သေခြင်းသို့ ရောက်သည်ဖြစ်စေ ပျက်ပြားသွားနိုင်၍ မမြဲသော သရဏဂုံဆောက်တည်ခြင်းမျိုး ဖြစ်၏။ ထို့ကြောင့် မိမိ၏ အားထားမှီခိုမှု လုံလောက်သော မြဲသော သရဏဂုံ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ကြိုးစား အားထုတ်ရာ၏။

ဤသရဏဂုံမှုသည် ဒါန, သီလ, ဘာဝနာ သုံးမျိုးရှိရာတွင် ဘာဝနာတရား၌ အတွင်းဝင်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, ဓမ္မာနုဿတိကမ္မဋ္ဌာန်း, သံဃာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများရခြင်းနှင့် အကျိုးထပ်တူထပ်မျှ ရှိ၍ ကောင်းမွန်သော ဘဝချမ်းသာ စည်းစိမ်ချမ်းသာ ခြွေရံသင်းပင်းနှင့်တကွ မဂ်, ဖိုလ်, နိဗ္ဗာန်တိုင်အောင် ချမ်းသာသုခ အဆင့်ဆင့် မြင့်မြတ်နိုင်ကုန်၏။

ယခုအခါ၌ သရဏဂုံယူကြပုံသည် တဏှာမေတ္တာ အခြေခံဖြင့် ခံယူခြင်းနှင့် အမှုမဲ့အမှတ်မဲ့ ခံယူမှုမျိုး များသောကြောင့် သရဏဂုံကိစ္စ အောင်မြင်မှု နည်းပါးပေလိမ့်မည်။

သရဏဂုံကိစ္စသည် နားလည်မှု အသိဉာဏ်တရားနှင့် ယှဉ်စပ်နေသောကြောင့် သဒ္ဓါပညာပြဋ္ဌာန်းသော ခံယူမှုမျိုးသာ သရဏဂုံကိစ္စ အောင်မြင်နိုင်၍ ဗုဒ္ဓဘာသာဝင် ဖြစ်လာနိုင်ပေသည်။အခြားသော နည်းလမ်းခံယူမှုမျိုးသည် ဗုဒ္ဓဘာသာဝင် ဖြစ်ဘို့ရန် မလွယ်ကူချေ။

## သရဏဂုံ အပြား နှစ်ပါး

သရဏဂုံသည် လောကီသရဏဂုံ လောကုတ္တရာသရဏဂုံ ဟု နှစ်စားရှိ၏။

ဆောင်ပုဒ်။ ။လောကီ, လောကုတ္တရ၊ ဤနှစ်ဝ၊ သရဏ အပြားလာ။

ဤလောကီ သရဏဂုံ သည်လည်း အသိဉာဏ် မပါသော ကိုးကွယ်ခြင်း ဟူသော ဉာဏဝိပ္ပယုတ် သရဏဂုံ, အသိဉာဏ် ပါသော ကိုးကွယ်ခြင်း ဟူသော ဉာဏသမ္ပယုတ် သရဏဂုံဟု နှစ်စားရှိလာပြန်သည်။

ဆောင်ပုဒ်။ ။အသိဉာဏ်ပါမပါ၊ လောကီမှာ၊ နှစ်ဖြာ အထူးလာ။
သောကီမှာပင်၊ ဉာဏ်ယှဉ်တဖန်၊ ဉာဏ်မယှဉ်ပြန်၊ နှစ်တန် အထူးလာ။

ရတနာသုံးပါး၏ဂုဏ်တော်နှင့် ကံ, ကံ၏အကျိုးတရား မိဘ၏ ကျေးဇူးဂုဏ် တရား တို့၌ ယုံကြည်မှု သက်သက်ဖြင့် ကိုးကွယ် ဆည်းကပ် ကြခြင်းသည် အသိဉာဏ် မပါသော ကိုးကွယ်ခြင်း၊ ဉာဏဝိပ္ပယုတ်သရဏဂုံခံယူဆောက်တည်ခြင်းမည်၏။

ရုပ်, နာမ်တရားတို့၏ သဘောသဘာဝ ဖြစ်ခြင်းပျက်ခြင်းကို အထိုက်အလျောက် သိမြင်နေသော လောကီသမ္မာဒိဋ္ဌိဝိပဿနာ ဉာဏ်အမြင်ယှဉ်စပ်၍ ဆည်းကပ်ကိုးကွယ် ကြခြင်းသည် အသိဉာဏ်ပါသော ကိုးကွယ်ခြင်း ဉာဏသမ္ပယုတ်သရဏဂုံ ဆောက်တည်ခြင်းမည်၏။

ဤ လောကီ သရဏဂုံသည် သတ္တဝါ တို့၏ ဘဝ ကူးရာ၌ ပါမလာဘဲ ပျက်စီးချို့ယွင်း မမြဲခြင်း သဘောတရားကြောင့် အဓုဝ အနိယတ သရဏဂုံလည်းမည်၏။

ဆောင်ပုဒ်။ ။ဘဝတပါး၊ မလိုက်ငြားဘဲ၊ ပျက်ပြားတတ်မှု၊
အကြောင်းပြု၊ ခေါ်မှုအနိယတာ။
လောကီအာရုံ၊ သရဏဂုံ၊ လုံးစုံ ပျက်ပြား၏။

လောကုတ္တရာသရဏဂုံမှာအလွန်ခိုင်ခံ့သောအသိဉာဏ်ပညာ နှင့် ယှဉ်စပ်မှုကြောင့် မပျက်ပြားနိုင်ဘဲ မဂ်ခဏ၌ နိဗ္ဗာန်လျှင် အာရုံရှိ၍ သစ္စာလေးရပ် တရားမြတ်ကို တပ်အပ်သေချာ သိမြင် ကြကုန်သော အရိယာ သူတော်စင်တို့၏ စိတ်အစဉ်၌ မဂ်ဉာဏ်

နှင့် တပြိုင်နက် ပေါ်ပေါက် လာသည် ဖြစ်၍ လောကုတ္တရာ သရဏဂုံမည်၏။

ဆောင်ပုဒ်။ ။ဘုရား မမှား၊ တရား မမှား၊ သံဃာ မမှား၊ မြဲတည်ငြား၊ မှတ်သား လောကုတ္တရာ။
ဘုရားမလွဲ၊ တရားမလွဲ၊ သံဃာမလွဲ၊ တည်မြဲ သေချာ၊ လောကုတ္တရာ။

## သရဏဂုံခံယူပုံ အခြင်းအရာ လေးပါး

ဓမ္မပဒဋ္ဌကထာလာတိုင်း သရဏဂုံဆောက်တည်ပုံကို အကျဉ်းအားဖြင့် ပြပါအံ့။

လောကီသရဏဂုံဆောက်တည်ပုံအခြင်းအရာသည်လည်း...

၁။ မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းခြင်း၊

၂။ မိမိကိုယ်ကို ရတနာသုံးပါးသာလျှင် မှီခိုရာဟု အမှတ်ထားခြင်း၊

၃။ ယနေ့ကို အစပြု၍ သံသရာ ဆုံးသည် တိုင်အောင် မိမိကိုယ်ကို ရတနာ သုံးပါး၏ ရင်းနှီးသော တပည့်-ဟု အမှတ်အသားထားခြင်း၊

၄။ ယနေ့ကို အစပြု၍ သံသရာဘဝ ဆုံးသည့် တိုင်အောင် ရှိခိုးခြင်းစသော အမှုကိစ္စကို ရတနာသုံးပါး တို့၌သာလျှင် အထွဋ်အမြတ် ထား၍ ပြု၏ဟု အမှတ်အသား ထားခြင်း။

ပြဆိုခဲ့ပြီးသော သရဏဂုံယူမှု အခြင်းအရာ လေးပါးတို့တွင် မိမိတို့ နှစ်သက်သော ခံယူမှုတမျိုးမျိုးကို ရဟန်း, သာမဏေ, သံဃထံ၌ ဖြစ်စေ၊ စေတီတော်မြတ်ထံ၌ ဖြစ်စေ၊ သိကြား

လိမ်မာသော လူယောကျ်ား, လူမိန်းမ, ဖိုးသူတော်, မယ်သီလ, ရသေ့, ပရိဗိုဇ်ထံ၌ ဖြစ်စေ၊ မိမိဘာသာ ခံယူ၍ ဖြစ်စေ သရဏဂုံ ခံယူဆောက်တည်နိုင်၏။

ဤသို့ အားဖြင့် သရဏဂုံ ယူပုံသည် လေးပါး အပြားရှိ၏။

ဆောင်ပုဒ်။ ။ခြင်းရာ လေးပါး၊ တပါးပါး ပင်၊ ယူလျှင် ပြည့်စုံ၊ သရဏဂုံ၊ ကြည်ယုံမှတ်အပ်စွ။

ရှိခိုးခြင်း, ပူဇော်ခြင်း, လက်အုပ်မိုးခြင်း, ခရီးဦးကြိုဆိုခြင်း, အရိုအသေပေးခြင်း အမှုကို ပြုသော သရဏဂုံသည် ဆွေဝတ်မျိုးဝတ်အနေအားဖြင့်ရင်း၊ ပစ္စုပ္ပန် ဘေးအန္တရာယ် ကင်းလိုမှု အနေအားဖြင့်ရင်း၊ ဆရာဝတ် တပည့်ဝတ် အနေအားဖြင့်ရင်း၊ မြတ်သောဂုဏ်အနေ အားဖြင့်ရင်း ရည်ရွယ်ချက် လေးမျိုးတွင် တမျိုးမျိုးဖြင့် ပြုလုပ်ကြရပေကုန်၏။

ဤသရဏဂုံမှု လေးမျိုးတို့တွင် မြတ်သောအနေ အားဖြင့် ရှိခိုးပူဇော်ခြင်း စသည်ကို ပြုခြင်းသည်သာ သရဏဂုံဆောက်တည်မှု အောင်မြင်၏၊ ကြွင်းသုံးပါးဖြင့် ခံယူမှု မျိုးသည် သရဏဂုံ မအောင်မြင်နိုင်၍ ဗုဒ္ဓဘာသာဝင် တယောက် မဖြစ်မြောက်နိုင်ပေ။

မြတ်သောအနေ အားဖြင့် ယခုကာလ ခံယူ ဆောက်တည်နေကြကုန်သော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ–ဟူသော ကျိုးနွံရိုသေမှု သရဏဂုံသည် ခံယူပုံ သရဏဂုံ လေးမျိုးတို့တွင် ဓမ္မပဒ မဟာဋီကာဆရာ၏အလိုအားဖြင့် မိမိကိုယ်ကို ရတနာသုံးပါးအား စွန့်လွှတ်ခြင်း ဟူသော အတ္တသန္နိယျာတန သရဏဂုံသို့ ဝင်၏ဟု ဖွင့်ဆို၏။

## သရဏဂုံယူရန်

အများယူနေကျ ဖြစ်သော အတ္တနိယျာတန သရဏဂုံကို ပြဆိုပေအံ့။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ } ကျက်ပါ
သံဃံ သရဏံ ဂစ္ဆာမိ

ဒုတိယမ္ပိ
တတိယမ္ပိ } ဆက်ဆိုပါ

ဤသို့အားဖြင့် သရဏဂုံပါဠိကို သုံးကြိမ် ရွတ်ဆိုပါလေ။

ဗုဒ္ဓံ၊ ဂုဏ်တော်အနန္တ ကျေးဇူးတော်အနန္တရှင်ဖြစ်သော သက်တော်ထင်ရှား မြတ်စွာဘုရားကို။ သရဏံ၊ တသက် ပန်လုံး တသံသရာပန်လုံး ဘေးကို ဖျောက်တတ်သော ကိုးကွယ်ရာ လည်းလျောင်းရာ ပုန်းအောင်းရာ အား ထားရာ အားကိုးရာ ဟူ၍။ ဂစ္ဆာမိ၊ လာရောက်ပါ၏၊ မှီခိုပါ၏၊ မှီဝဲဆည်းကပ်ပါ၏ ဘုရား။ (ဝါ) သိပါ၏ ဘုရား။

သဒ္ဓါစိတ်တွေ ယိုဖိတ်လာအောင် အနက်ကို သိ၍ ရွတ်ပါ လေ၊ သို့မှသာလျှင် မပျက်မစီးနိုင်ဘဲ တသက်ပန်လုံး တည်မည်။

ဓမ္မံ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ် ဆယ်ပါး သော တရားတော် မြတ်ကို။ သရဏံ၊ သံသရာပတ်လုံး ဘေးကို ဖျောက်တတ်သော မြတ်သောကိုးကွယ်ရာ မှီခို ပုန်းအောင်းရာ ဟူ၍။ ဂစ္ဆာမိ၊ လာရောက်ပါ၏၊ မှီခို ပါ၏၊ ဆည်းကပ်ပါ၏ဘုရား။ (ဝါ)၊ သိပါ၏ဘုရား။

တရားတော်၏ဂုဏ်ကို သိစွမ်း မြင်စွမ်း နိုင်သော ဉာဏ်တွေ စိတ်သန္တာန်၌ပေါ်လာအောင် အနက် အဓိပ္ပါယ်ကို ဆင်ခြင်၍ စိတ်ကြည်လင်ပါစေ။

သံဃံ၊ မြတ်စွာဘုရား၏လက်ထက်တော် ရှိကြကုန်သော ရှင်ကောဏ္ဍညအစ သာသနာတော်ငါးထောင်အတွင်း၌ ရှိပြီး ရှိဆဲ ရှိလတံ့ ဖြစ်သော မရေတွက်နိုင် သိန်းကုဋေ သင်္ချေမကသော သံဃာတော်မြတ်အပေါင်းကို။ သရဏံ၊ တသက်ပန်လုံး တသံသရာပန်လုံး ကိုးကွယ်ပုန်းအောင်း ရာဟူ၍။ ဂစ္ဆာမိ၊ လာရောက်ပါ၏၊ မှီခိုဆည်းကပ်ပါ၏။ (ဝါ)၊ သိပါ၏။

ခိမိစိတ်ကို ငြိမ်ငြိမ်သက်သက် ထား၍ သံဃာတော် ဂုဏ်၌ ယုံကြည်သောစိတ်တွေ သိသောပညာတွေ ပေါ်ပေါက်လာစေ၍ သရဏဂုံ ဆောက်တည်အပ်၏၊ တည်ကြည်သောစိတ်ကို ခိုင်ခိုင် ထား၍ ခံယူရ၏၊ သို့မှ အကျိုးရသည်၊ စိတ်တခြားစီဖြစ်နေ၍ သရဏဂုံတည်ပြီဟု ပညာ နည်းပါးသူတို့ ထင်နေသော်လည်း သရဏဂုံနှင့် ဝေးကွာနေတတ်၏။(သတိပြုပါ)။

## ဗုဒ္ဓသရဏဂုံအတွက် ကြည့်ရှုရန်

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ–၌ အနက်အဓိပ္ပါယ်အကျယ်မှာ အကျွန်ုပ် သည် ကိုယ်တော်တိုင် ဝဋ်ဆင်းရဲ လွတ်ကင်းကြောင်း တရား တို့ကို သိမြင်တော်မူ၍ ကိုယ်တော်အလား သတ္တဝါအများ အားလည်း သိစေတော်မူတတ်သော သဗ္ဗညုဘုရားကို ဆည်း ကပ်ပါ၏၊အားထားမှီခိုပါ၏၊ပစ္စက္ခဘဝကောင်းကျိုး, တမလွန် ဘဝကောင်းကျိုး, နိဗ္ဗာန်အမြတ် ပရမတ်ကောင်းကျိုးကို ပေး

စွမ်းနိုင်သည်ဟူ၍ ယုံကြည်ပါ၏၊ ယုံကြည်သည် အလျောက် အားကိုး အားထားပါ၏၊ မှီခိုပါ၏၊ အသက်အန္တရာယ် ဟူသော အကြောင်းကြောင့်လည်း မပျက်မကွက် မဖယ်မလွဲ အမြဲပင် ကိုးစားပါ၏။ ဘုရားသဗ္ဗညုမှတပါး အခြားကုန်သော သစ်ပင်, တော, တောင်စသော ကိုးကွယ်ရာ မှီခိုရာကို ရှာကြံ၍ အလျှင်း မပြုလုပ်ပါ၊ အတုမရှိဘုရားကိုသာ ကိုးစားပါ၏၊ မှီခိုပါ၏။

ဤသို့အားဖြင့် အနက်အဓိပ္ပါယ်ပေါ်အောင် ဗုဒ္ဓသရဏဂုမ် ဆောက်တည်အပ်၏။ ဤအရာ၌ ဘုရားဆိုဒါ ဘယ်ဟာလဲဟု ထပ်ဆင့်မေးမြန်းစရာ ပေါ်လာပြန်၍ ရှင်းလင်း၍ ကျဉ်းကျဉ်း ကလေး ပြဆိုရပေဦးမည်။

ဘုရားစစ် ဘုရားမှန်သည် တရားအလုံးစုံကို အကြွင်းမရှိ မှန်ကန်စွာ အလိုလိုသိနိုင်သော သဗ္ဗညုတဉာဏ် စသော အဆုံး အဆမထင်သော ဉာဏ်တော်တို့၏ တည်ရာ သတ္တဝါတို့အား ဆင်းရဲ လွတ်မြောက်ကြောင်း တရားကို ကပ္ပါလောကကြီး၌ ရှေးဦးစွာ ဟောဖော်ညွှန်းပြနေသော ထူးမြတ်သော ခန္ဓာ ငါးပါးကို စွဲမှီဖြစ်ပေါ်လာသော ဗုဒ္ဓပညတ်သာဖြစ်၏။

> သဗ္ဗညုတ၊ ဉာဏစကား၊ ဂုဏ်တော်များ၏၊ တည်ရာခန္ဓာ၊ စွဲမှီရာခေါ်၊ ပညတ်တော်ပင်၊ ခေါ်တွင်ဘုရား၊ သမုတ် ထား၏။

## ဓမ္မသရဏဂုမ်အတွက် ကြည့်ရှုရန်

ဓမ္မံသရဏံဂစ္ဆာမိ–၌ အနက်အဓိပ္ပါယ်အကျယ်မှာ အကျုံးဝင် သည် ဘုန်းတော်ကြီးသော ဘုရားရှင်၏ ညွှန်းပြ ဟောကြား ဆုံးမထားအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ် တရားတော်

မြတ်ကို သုတဘာဝနာ ဉာဏ်နှစ်ဖြာဖြင့် ကိုးကွယ်ပါ၏၊ မှီခို အားထားပါ၏၊ မျက်မှောက် ပစ္စုပ္ပန်ဘဝကောင်းကျိုး နောင် တမလွန်ဘဝကောင်းကျိုး နိဗ္ဗာန်အမြတ် ပရမတ် ကောင်းကျိုး ကို ပေးစွမ်းနိုင်၏ဟု ယုံကြည်ပြီး ရှိသည့်အတိုင်း မှီခိုအားထား ကိုးကွယ်ပါ၏၊ အသက်ဟူသော အကြောင်း ကြောင့်လည်း မပျက်မကွက် မပစ်မသယ် မဖယ်မလွဲ အမြဲအားကိုးပါ၏။

ဗုဒ္ဓဘုရား ဟောညွှန်ကြားအပ်သော ဆုံးမသြဝါဒ တရား မြတ်မှ လွဲဖယ်၍ အခြားကုန်သော နက္ခတ်၊ ဗေဒင် စသည်တို့ကို လေးစားပူဇော် ဖူးမျှော် ရှိခိုးမှုမျိုးကို ဘယ်အခါမျှ မြတ်သော အနေဖြင့် မပြုလုပ်ဘဲ အတုမဲ့ဘုရား ဟောကြား ညွှန်းပြအပ် သော ဆုံးမသြဝါဒတရားကိုသာ အားထားမှီခိုပါ၏။

ဓမ္မ၏သရုပ်သဘောကို ဆက်လက်၍ ပြဆိုရပေဦးမည်။

**တရားတော် အစစ်အမှန်သည်** မဂ်၊ နိဗ္ဗာန်နှင့် ကာလံမခြား ဖိုလ်တရားကို ယူငြားမုချ ထိုကိုရကြောင်း ဥပတ္ထမ္ဘကအကြောင်း ဟူသော ဒါန၊ သီလ၊ သမထ၊ ဘာဝနာ၊ ဝိပဿနာ များစွဲ သောင်းပြောင်း ဗောဓိပက္ခိယတရား အပေါင်းဟူသမျှသည် ဓမ္မံသရဏံ ဂစ္ဆာမိ-၌ ဓမ္မ၏သရုပ်သဘော အရကောက် တရား များ ဖြစ်ပေကုန်၏။

ဆောင်ပုဒ်။ ။အပါယ်လေးတန်၊ ဝဋ္ဋဒုက္ခနှင့်၊ နှစ်တန်နှစ်စား၊ နှစ်မျိုးအားဝယ်၊ မကျရောက်စေ၊ ဆောင်တတ် ပေငြား၊ မဂ်တရားနှင့်၊ တပါး နိဗ္ဗာန်၊ ဉာဏ်နှစ် တန်၊ ခေါ်ရန် တရားစစ်။

အဆင့်ဆင့်အား၊ ထောက်ပံ့ထားသည့်၊ ဒါ့,သီ့,
ဘာဝနာ၊ ကြောင်းများစွာပင်၊ တင်စားလျှင်၊
ခေါ်တွင် ဓမ္မချည်း။

## သံဃာသရဏဂုံအတွက် ကြည့်ရှုရန်

အကျွန်ုပ်သည် ဘုန်းတော်သခင်ဘုရားရှင်၏ ကောင်းမြတ်သော ကျင့်ဝတ်ပဋိပတ်နှင့် ပြည့်စုံပေသော မဂ္ဂဋ္ဌာန်,ဖလဋ္ဌာန် ရှစ်တန်အရိယာ မြတ်သံဃာတော်နှင့် မဂ်ဖိုလ်ဓမ္မရရန် အတွက် ကျင့်ကြံအားထုတ်ဆဲ သံဃာတော် မြတ်တို့ကို မှီခိုအားထားပါ၏၊ ပစ္စက္ခဘာဝကောင်းကျိုး, နောင်တမလွန်ဘာဝကောင်းကျိုး, နိဗ္ဗာန်ဟူသော ပရမတ်ကောင်းကျိုးကြီးများကို ပေးစွမ်းနိုင်သူ ဟူ၍ ယုံကြည်အားထားသည်အားလျော်စွာ ကိုးကွယ်မှီခို အားထားပါ၏၊ အသက်ဘေးရန်ဟူသော အကြောင်းရှိသော်လည်း ပျက်ပြားနိုင်မှု မပြုလုပ်ဘဲ အမြဲအားကိုးပါ၏။ ဘုရားရှင်၏ အရိယာသံဃာနှင့် ပဋိပန္နက သံဃာမှတပါး တခြားကုန်သော နတ်,ဗြဟ္မာ အယူကွဲပြားမှု ရှိကုန်သော ပုဂ္ဂိုလ်အများတို့ကို အလေးအမြတ်အားဖြင့် ရှိခိုးပူဇော် ဖူးမျှော်ခြင်းအမှုလုံးဝမပြုလုပ်ဘဲ အတုမဲ့ဘုရား၏ တပည့်သားတို့ကိုသာ ကိုးကွယ်အားထား မှီခိုဆည်းကပ်ပါ၏။

သံဃံသရဏံဂစ္ဆာမိ–၌ သံဃာ၏သရုပ်သဘော အရကောက် တရားကိုယ် တရားဓမ္မကို ထုတ်ပြရပေလိမ့်ဦးမည်။

သရဏဂုံခံယူရာ၌ ရုပ်,နာမ် နားမလည်သော အန္ဓပုထုဇဉ် ရဟန်းတော်များ မပါဝင်နိုင်ပေ၊ ပါဝင်နိုင်သော သံဃာဆိုသည်မှာ မဂ်တရား, ဖိုလ်တရားနှင့် ပြည့်စုံသော သက်နီးဝတ်သူသာ

သံဃာအရ အစစ်အမှန် ပါဝင်၏။ မဂ်တရား, ဖိုလ်တရားကို မရစေကာမူ မဂ်ဖိုလ်ရကြောင်း အကျင့်သီလ ကောင်းကောင်း ရှိသော သင်္ကန်းဝတ် ပုဂ္ဂိုလ်ကိုလည်း တင်စားသော အနေဖြင့် သံဃာဟု ခေါ်ဆိုအပ်၏။

ဆောင်ပုဒ်။ ။ဆင်းရဲမပွား၊ ချမ်းသာများ၍၊ ကိုးစားရာမှန်၊ ပဋိပန် ကျင့်သုံး၊ စိတ်နှလုံး ဖြူစွာ၊ အရိယာ ပရမတ်၊ သံဃာမြတ်၊ မှတ်အပ်သံဃံဝယ်။

ပုထုဇဉ်ကလျာ၊ မြတ်သံဃာကို၊ တဖြာတင်စား၊ ခေါ်ဝေါ်ထား၊ မှတ်သားသံဃံဝယ်။

အကယ်ပင် လောကမီး ငြိမ်းပြီးသား ဖြစ်သော သင်္ကန်း ဝတ်အရိယာပုဂ္ဂိုလ်သာ သံဃာမည်၏။

ထို့ကြောင့် လူရေးတန်းရေးကိစ္စတို့၌ မရနိုင်သော် မခွဲခြမ်း မဝေဘန်နိုင်သော် အရိယာ သံဃာတော်တို့၏ ဂုဏ်ကို အောက် မေ့၍ သာမညရဟန်းများကိုပင် သံဃာတော်ဂုဏ်၌ လာသော သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော-စသော ဂုဏ်တော် ကိုးပါးကို စိတ်ဖြင့်မျှော်မှန်း၍ လူဒါန်းကိုးကွယ်ရတော့၏။

ဤသို့ အားဖြင့် စိတ်ချောက် ပြီးတော့ ကိုးကွယ် နိုင်လျှင် ပုဂ္ဂိုလ်ရွေးစရာမလိုတော့ဘဲ အလွန်ကြီးကျယ်သောကောင်းကျိုး တရား ဖွံ့ဖြိုးတိုးပွားနိုင်၏။ သို့သော် ဤကိစ္စကား လွယ်ကူသည် မဟုတ်၊ စိတ်နေစိတ်ထားမြင့်မြတ်သူ အသိဉာဏ်ရှိသူတို့၏ အရာ သာ ဖြစ်၏။

သံဃာဆိုဒါ ပုဂ္ဂိုလ်ဂိုဏ်း မဟုတ်၊ ဆရာသမား မဟုတ်၊ ကျောင်းထိုင် ဘုန်းကြီး ဆရာတော် သမားတော် မဟုတ်၊ ညီအစ်ကို ဆွေမျိုး သားချင်း မဟုတ်၊ စင်စစ်အမှန်သော် သံဃာ ကျင့်ဝတ်အတိုင်း လိုက်နာနေထိုင်၍ သက်န်းကိုဝတ်ရုံနေသူတို့၏ တရားကောင်း တရားမြတ် အကျင့်ပဋိပတ်တို့၏တည်ရာ ခန္ဓာကို စွဲမှီ ခေါ်ဝေါ် ထားသော ပညတ်သာ ဖြစ်၏။ ဤသည်လျှင် သရဏဂုမ်သံ်ဏ်းစာ ချုပ်သင်ကြားရန် ဖွင့်ပြချက်ပြီး၏။

## သရဏဂုံ၌ လေ့ကျင့်ခဏ်းမေးခွန်း

၁။ သရဏဂုံဆိုဒါ ဘာကိုခေါ်သနည်း။

၂။ သရဏအရနှင့် ဂမနအရကို ခွဲခြားပြပါ။

၃။ သရဏဂုံတည်အောင် ဘယ်ပုံဆောက်တည် ရပါသနည်း။

၄။ သရဏဂုံကို ဘယ်ပုဂ္ဂိုလ် များထံ ခံယူနိုင်ပါသနည်း။

၅။ သရဏဂုံ သီလများကို အခြားပုဂ္ဂိုလ်တို့က ပေးနိုင်ပါသလော။

၆။ သရဏဂုံအပြား ဘယ်နှစ်ပါး ရှိပါသနည်း။

၇။ သရဏဂုံကို ရွတ်ဆိုရုံမျှနှင့် ပြီးစီးနိုင်ပါ၏လော။

၈။ အသိဉာဏ်နားလည်မှု အဆင့်ဆင့်ဖြင့် ဗုဒ္ဓဘာသာဝင် အမျိုးမျိုး အဆင့်အတန်း အားလျော်စွာ ဖြစ်လာပုံကို ပြည့်စုံစွာ ဖော်ပြပါ။

၉။ သရဏဂုံ၏ အနက် အဓိပ္ပါယ်ကို နားမလည်လျှင် ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်ပါမလား။

၁၀။ သရဏဂုံခံယူပုံ အခြင်းအရာတွင် ယခု လူအများ ခံယူနေကြသော သရဏဂုံသည် အဘယ် သရဏဂုံမျိုး ဖြစ်ပါသနည်း။

၁၁။ သရဏဂုံ ပျက်စီးနိုင်မှု အကြောင်း ဘယ်နှစ်မျိုး ရှိပါသနည်း။

၁၂။ သီလဆောက်တည်ပုံနှင့် သရဏဂုံဆောက်တည်ပုံ ထူးခြားပါသလော။

၁၃။ သရဏဂုမ် ပျက်ပုံနှင့် သီလပျက်ပုံ တူသလော, ထူးသလော။
၁၄။ ရတနာသုံးပါး၏ အနက် အဓိပ္ပါယ် သဘောကို အသီးအသီး ခွဲခြားပြဆိုပါ။
၁၅။ ဘုရားဆိုဒါ ဘာကိုခေါ်သနည်း၊ ပုံသဏ္ဌာန် သက်သက်ဟာ ဘုရားခေါ်သလော။
၁၆။ တရားဆိုဒါ ဘာကိုခေါ်သနည်း၊ စာပေ ကျမ်းဂန်ကို ခေါ်သလော။
၁၇။ သံဃာဆိုဒါ ဘာကို ခေါ်သနည်း၊ ယခုကာလ သင်္ကန်းဝတ်ကို ခေါ်သလော။

---

## လူဝိနည်းတရား
## ကျင့်ဝတ်ငါးပါးသီလ သင်တန်း

ငါးပါးသီလသည် လူသမိုင်း တလျှောက်၌ လူရယ်လို့ ဖြစ်လာပါက ရှောင်ကြဉ် သင့်သော လူ့ကျင့်ဝတ် လူ့စည်းကမ်းများ ဖြစ်ပေကုန်၏။

လူတို့သည် လိုက်နာအပ်သော လူ့ကျင့်ဝတ် လူ့စည်းကမ်း ဥပဒေကို ဖောက်ဖျက်ပါက မိမိတို့ စောင့်စည်းရမည့် စည်းကမ်းကာလနားကို ကျော်လွန်မှုကြောင့် ဖောက်ပြန်ရေးသမားဟု လူအများက အသိအမှတ်ပြုကြပေလိမ့်မည်။

လောက၌ ဘီလူးစည်း လူစည်း ပြောဆိုကြကုန်သကဲ့သို့ လူသည် လူတို့၏ အတွေးအခေါ် အသိအမြင် လူတို့၏ ဝေလေ့စရိုက်အားဖြင့် လူသိ–သိ၍ လူတို့၏ အလေ့အထအတိုင်း ပြုလုပ်ပြောဆို ဆောင်ရွက်ကြပြီးလျှင် လူတို့၏ စည်းကမ်းငါးချက်ကို

လူအခေါ်အဝေါ် ခံနေသော ဘာသာဝင်တိုင်း လိုက်နာမှုမရှိပါက လူအချင်းချင်း ခိုက်ရန်ဒေါသဖြစ်ကြ၍ ချမ်းသာကင်း၍ ဆင်းရဲဒုက္ခ ပြည့်နှက် နေသော အပါယ်လေးဘုံနှင့် တူပေလိမ့်မည်၊ လိုက်နာရမည်သာ ဖြစ်ကုန်၏။

လူသိ မသိ လူ့အလေ့အကျင့် လူ့စည်းကမ်းကို မလိုက်နာ မဆောင်ရွက်ဘဲ ချွတ်လွဲ ဖောက်ပြန် လူမဆန်ခဲ့သော် လူ့အစစ် မဟုတ်တော့ဘဲ အခေါ်အဝေါ် နာမည်မျှသာ ကျန်တော့သော လူချင်း မတူသော လူဖြစ်နေ၍ လူ့အသိုင်းအဝိုင်း၌ မပါဝင်နိုင်မှုကြောင့် လူ့လေးမျိုးစာရင်းရှိရာတွင် လူတိရစ္ဆာန်, လူပြိတ္တာ, လူငရဲကြီးသာ ဖြစ်နေ၍ ရှက်ဖွယ်လိလိ နေထိုင်ရပြီးလျှင် ဆင်းရဲဒုက္ခ ဝဋ်ဂယက်၌ တကယ်ပင် နစ်မြုပ်ရပေလိမ့်မည်။

တနည်းအားဖြင့် ကျင့်ဝတ်မှောက်မှား လူ့တမျိုးကြီးများကို မြုပ်လူ, ငုပ်လူ, ပေါ်လူ, ကုန်းထိပ်ရောက် လူလေးမျိုးတွင် လူချင်းမတူ သူချင်းမမျှ ဂုဏ်အသရေ နိမ့်မဲ့လှသော မြုပ်လူ, ငုပ်လူ, အပါယ်လူသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ပွဲပြီးဖျာသိမ်း ဆိုသော လူညံ့လူဖျင်း ထုံထိုင်းအ,န လူ့ဗာလ မဖြစ်ရအောင် ပြဆိုလတ္တံ့သော လူ့ကျင့်ဝတ်များကို စောင့်သိရှိသေပါက အပူဇော်ခံ လူ့အထက် တန်းစားဖြစ်၍ ကုန်းထိပ်ရောက်လူ မဖြစ်နိုင်သေးသော်လည်း သုဂတိဘုံရောက် ပေါ်လူစားမျိုး တယောက်တော့ ကေန်မုချဖြစ်နိုင်ပေ၏။

အသင်လူသားသည် အဘိုးတန် လူတယောက်ဖြစ်လိုပါက အောက်ပါမေးခွန်းကို ဖြေဆိုရမည် ဖြစ်၏။

၁။ ရှောင်ကြဉ်အပ်သော လူ့ကျင့်ဝတ်တရားကို ပုဂ္ဂိုလ် သတ္တဝါတို့က ချမှတ်ထားသလော။
၂။ လူမျိုးတိုင်း ဘာသာဝင်တိုင်းမှာ လိုက်နာ ရှောင် ကြဉ်အပ်သော တရားဘယ်နှစ်ပါး ရှိသနည်း။
၃။ လူလိုသိတယ်ဆိုဒါ ဘာကို ခေါ်သနည်း။
၄။ လူသိ,မသိသော တိုင်းနိုင်ငံနှင့် လူမျိုးသည် ဘာနှင့် တူသနည်း။

၁။ လူ့ကျင့်ဝတ် လိုက်နာမှုမျိုးသည် သိရှိနားလည် သဘောကျ၍ လိုက်နာမှု။
၂။ ရိုသေအပ်သော ပုဂ္ဂိုလ်ကို လေးစား၍ ဆောက် တည်ပြီးလျှင် လိုက်နာမှု။
၃။ ရှောင်ကြဉ် အပ်သော အရာဝတ္ထုနှင့် ပက်ပင်း တွေ့ကြုံလာသောအခါ ကိုယ်ချင်း စာနာသော အားဖြင့် လိုက်နာမှု။
၄။ လူမျိုး၏ အလေ့အကျင့်အားဖြင့် လိုက်နာမှု....

ဟု လေးမျိုးလေးစားပင် ရှိပေကုန်၏။

(၁) နံပါတ် ရှောင်ကြဉ် လိုက်နာ နေနိုင်မှု မျိုးသည် တော်တော်နက်ရှိုင်းသော အသိအမြင်နှင့် ယှဉ်စပ် နေမှုကြောင့် သာမန် လူသား တို့သည် လိုက်နာ နိုင်သော အဆင့်အတန်းမျိုး မဟုတ်သေးကုန်။

(၂) နံပါတ်၊ (၃) နံပါတ်၊ (၄) နံပါတ်အတိုင်း လိုက်နာ သည်ဆိုလျှင် တက်လူကောင်း တယောက် ဖြစ်နေ၍ ပစ္စုပ္ပန် သံသရာ ဤနှစ်ဖြာဝယ် လူအများ၏ အလယ်၌ တင့်တယ်

သာယာ၍ မြင့်မြင့်မြတ်မြတ် လူ့အဆိုးတန် တယောက် ထွန်းပေါက်ဖြစ်ထွန်းနိုင်ပေသည်။

တနည်းအားဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ အသုံးအနှုန်း စကားလုံးသက်သက်ဖြင့် ဖော်ပြရသော ငါးပါးသီလ မလုံခြုံသူသည် လူ့အောက်တန်းစားဖြစ်၍ စောင့်ထိန်းမှုဖြင့် လုံခြုံသူဖြစ်ပါက လူလတ်တန်းစားဟု အသိအမှတ်ပြုကြပေသည်။

ထို့ကြောင့် ငါးပါးသီလကို ရှေးမှုမပျက် လူအဆင့်အတန်းမှီရာ ခံယူဆောက်တည်ရမည်ဖြစ်၏။

၁။ ဩကာသ လက်ာဆို၊

၂။ ဘုန်းကြီးကဆုပေး၊

၃။ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ (ဒုတိယမ္ပိ တတိယမ္ပိ ဆက်၍ဆိုပါ)။

မြန်မာလိုဆိုသော် တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလဟုဆိုအပ်သော လူတို့၏ ကိုယ်ကျင့်တရားကို ပေးသနားရန် တောင်းပန်ပါ၏ အရှင်ဘုရား။ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ သီလကို ပေးတော်မူပါကုန်ဘုရား။

နှစ်ကြိမ်မြောက်လည်း တောင်းပန်ပါ၏။

သုံးကြိမ်မြောက်လည်း တောင်းပန်ပါ၏။

၄။ ယ မဟံ ဝဒါမိ တံ ဝဒေထ၊ ငါဆိုတိုင်း လိုက်၍ ဆိုရမည်။

၅။ အာမ ဘန္တေ၊ လိုက်၍ဆိုပါမည်ဘုရား။

## ဘုရားရှိခိုး

၆။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (သုံးခေါက်ဆိုပါ)။

### မြန်မာဘာသာပြန်

အလုံးစုံသော တရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း ထိုးထွင်း၍ သိမြင်တော်မူသောကြောင့် လူ,နတ်,ဗြဟ္မာ တို့၏ ပူဇော်အထူးခံ ဘုန်းတော်ရှင် ဘုရားအား သုံးလိဒွါရ ပဏာမဖြင့် ညွတ်တွရိုသေ ရှိခိုးပေ၏။

## သရဏဂုမ် ယူခြင်း

၇။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိ။(ဒုတိယမ္ပိ၊တတိယမ္ပိ ဆက်၍ဆိုပါ)။

### မြန်မာဘာသာပြန်

(က) အလုံးစုံသောတရားကို အသိမှန်အမြင်မှန်ရနေသော ဗုဒ္ဓဟုခံ သဗ္ဗညု ဘုရားရှင်ကို ပစ္စုပ္ပန် သံသရာ ဤနှစ်ဖြာ၌ မှီခိုအားထားလောက်၏ဟူ၍ အသိဉာဏ်တွေးခေါ် ပူဇော်ဆည်းကပ်ပါ၏။

(ခ) ဗုဒ္ဓဘုရားသည် ဟောကြား အပ်သော သတ္တဝါအများ၏ တကယ် အားထားလောက်သော မိမိကြိုးစားပါက မိမိလက်ငင်းတွေ့ကြုံ ခံစားနိုင်သော ဒုက္ခမီးငြိမ်းကြောင်း မဂ်, ဖိုလ်, နိဗ္ဗာန် တရားစစ်တရားမှန်ကို ပစ္စုပ္ပန် သံသရာ ဤနှစ်ဖြာမှ ထွက်မြောက်ရအောင် အားထားမှီခိုရာဟူ၍ အသိဉာဏ်ကပ် ကိုယ်တိုင်ကျင့်အပ်သောအားဖြင့် မှီဝဲပါ၏။

( ဂ ) အပုမ်ိးငြိမ်းပြီးသား အရိယာသံဃာများကို တပည့် တော်များ၏ ပူဇော် အားထားလောက်ရာ ဟူ၍ သဒ္ဓါတရား ရှေ့စယ်သွား၍ အသိတရားဖြင့် ဆည်း ကပ်ပါ၏။

ဂ။ သရဏဂမန် ပရိပုဏ္ဏံ။ ဒါယကာ ဒါယိကာမတို့အား ကျောင်းသား သူငယ် တို့အား ကိုရင် သာမဏေ တို့အား သရဏဂုမ်ပြည့်စုံလေပြီ။
အာမ ဘန္တေပါ ဘုရား။ သရဏဲဂုမ်သုံးပါးခံယူမှု ယခုအခါပြည့်စုံပါပြီဘုရား။

သီလ ခံယူခြင်း

ဃ။ (က) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
( ခ ) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။
(ဂ) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ဃ) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။
( င ) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မြန်မာပြန်

သူတပါးအသက် သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ အရှင် ဘုရား။

သုတပါးဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။

အုပ်ထိန်း စောင့်ရှောက်မှု ရှိသော သုတပါး၏ သား သမီး မယားကို ကျူးလွန် သွားလာခြင်းမှ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။

သူတပါး အကျိုးစီးပွား နစ်နာအောင် လိမ်ညာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။

စိတ်ဓာတ်ထိုင်းမှိုင်း၍ လုပ်ငန်းကောင်းဟူသမျှ၌ မေ့လျော့ ပေါ့ဆကြောင်း သေရည် သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။

## တိုက်တွန်းသောစကား

တိသရဏေန သဟ ပဥ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

## မြန်မာပြန်

သရဏဂုဏ် သုံးပါးနှင့်တကွ ငါးပါးသီလဟု ဆိုအပ်သော ကိုယ်ကျင့် တရားမြတ်ကို ရှိသေစွာပြု၍ လူ့ကျင့်ဝတ် တရားလိုက်နာ လိုကုန်သော လူတော် လူကောင်းတို့သည် မကျိုးမပေါက် မဖောက်မပြားကြကုန်ဘဲ ပေါ့ပေါ့တန်တန် မနေကြကုန်မူ၍ ကောင်းစွာကိုလို ပြည့်စုံကြစေကုန်လော့။

အာမ ဘန္တေပါ ဘုရား။

မကျိုးမပေါက်ရအောင် သတိတရားထား၍ စောင့်ရှောက် ထိန်းသိမ်းပါမည် ဘုရား။

ငါးပါးသီလခံယူဆောက်တည်ပုံပြီး၏။

အထက်ပါ ငါးပါးသီလကို အကျိုးအပြစ် အမျိုးမျိုးနှင့်တကွ အင်္ဂါပယောဂတို့ကို သိရှိနားလည်ကြပြီးလျှင် စောင့်ထိန်းနိုင်သူ နိုင်ငံသူ နိုင်ငံသားတို့မှာ ယခုပစ္စက္ခ အချိန်၌ပင် ဥက္ကောင်းထက်၌ ကြီးစွာသော ရေခဲတုံးကြီးကို တင်ထားသည့် ပမာ မြို့ရွာ တိုင်းနိုင်ငံတို့သည် ချမ်းသာယာ၍ အထူးအားဖြင့်–

၁။ စာရိတ္တကောင်းမွန်ခြင်း။

၂။ ကိုယ်ချင်းစာကရုဏာ ပြည့်စုံခြင်း၊ သူခိုးဓားပြ သူပုန်နည်းပါး၍ ရာဇဝတ်မှု လျော့ပါးနိုင်ခြင်း။

၃။ အသိအလိမ္မာ ဉာဏ်ပညာ ရင့်သန်၍ လူရိုင်းပပျောက်နိုင်ခြင်း။

၄။ နောင်အစဉ်အဆက် လူမျိုးတို့၏ အကျင့်ကောင်းရရှိခြင်း။

၅။ စောင့်ထိန်းသူ လူမျိုးတိုင်း ဂုဏ်အသရေရှိ၍ ယဉ်ကျေးသော နိုင်ငံသူ နိုင်ငံသားဟု ထင်ပေါ်ကျော်စောခြင်း။

စသော အကျိုးအနန္တ များပြားလှပေကုန်၏။ သံသရာအတွက် အကျိုးများမှာဆိုလျှင် ငါးပါးသီလ အကြောင်းခံဖြင့် မဂ်ဖိုလ်ရတဲ့ အကြောင်းအရာဝတ္ထု၊ ငါးပါးသီသကို ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် လူ့နတ်စည်းစိမ် အကြိမ်ကြိမ် ခံစားရခြင်းအကြောင်းဝတ္ထု စသောအားဖြင့် များပြားလှကုန်၏။

ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ–ဤကံငါးပါးတို့ကို ကျူးလွန်ပုံနှင့် ကံငါးပါးကျူးလွန်ရာ၌ မြောက်သည့်မမြောက်သည်ကို သိနိုင်ရန်

အင်္ဂါစိစစ်ပုံ အကျိုးအပြစ် ပြဆိုသော အားဖြင့် ကျမ်းဂန်တို့၌ အလွန်ကျယ်ဝန်းသော အနက်ကို သိလိုသော ပုဂ္ဂိုလ်တို့သည် ခုဒ္ဒကပါဌအဋ္ဌကထာ၌ ကြည့်ရှုရာ၏။

ဤ၌ အကျဉ်းအားဖြင့် ထုတ်ပြဦးအံ့။

ပါဏာတိပါတ၌ အင်္ဂါကိုပြဆိုခြင်း

သတ္တဝါလည်းဖြစ်စေ။
သတ္တဝါဟု အမှတ်ရှိသည်လည်းဖြစ်စေ။
သတ်လိုသော စိတ်ရှိသည်လည်းဖြစ်စေ။
လုံ့လပြုသည်လည်းဖြစ်စေ။
ထိုလုံ့လဖြင့် သေသည်လည်းဖြစ်စေ။

ဤအင်္ဂါငါးပါး ပြည့်စုံသောအခါ၌ ပါဏာတိပါတကံ ထိုက်၏။

ဆောင်ပုဒ်။ ။သတ္တဝါဖြစ်၊ မှတ်လစ်တပြာ၊ စိတ်ရှိပါ၍၊ လုံ့လ
တဖန်၊ သေစေပြန်၊ အင်္ဂါငါး၀၊ ပါဏာတိပါတ။

ပါဏာတိပါတကို ရှောင်ကြဉ်၍ ရအပ်သောအကျိုး

၁။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံခြင်း။
၂။ လုံးရပ်သဏ္ဌာန်နှင့် ပြည့်စုံခြင်း။
၃။ လျင်မြန်သော အားအင်နှင့် ပြည့်စုံခြင်း။
၄။ အညီအညွတ်ထိသော ခြေရှိခြင်း။
၅။ သနားဘွယ်ရှိခြင်း။
၆။ နူးညံ့သိမ်မွေ့ခြင်း။
၇။ သန့်ရှင်းစင်ကြယ်ခြင်း။
၈။ ရဲရင့်ခြင်း။

၉။ ခွန်အားဗလကြီးခြင်း။
၁၀။ သန့်ရှင်းပြေပြစ်သော စကားရှိခြင်း။
၁၁။ မကွဲမပြိုသော ပရိသတ်ရှိခြင်း။
၁၂။ ကိုယ်၊ လက် ကြမ်းထမ်းမှု မရှိခြင်း။
၁၃။ မပျက်မစီးနိုင်ခြင်း။
၁၄။ သူတပါး လှံ့လကြောင့် မသေနိုင်ခြင်း။
၁၅။ အခြံအရံ များပြားခြင်း။
၁၆။ ကောင်းသော အဆင်းရှိခြင်း။
၁၇။ ကောင်းသော သဏ္ဌာန်ရှိခြင်း။
၁၈။ အနာရောဂါ နည်းပါးခြင်း။
၁၉။ စိုးရိမ် ကြောင့်ကြကင်းခြင်း။
၂၀။ လူခပ်သိမ်းတို့သည် ချစ်မြတ်နိုးခြင်း။
၂၁။ ခင်မင်သူတို့ မကွဲမကွာ နေရခြင်း။
၂၂။ အသက်ရှည်ခြင်း။

ဤမှတပါးသော လျော်သောအကျိုးများလည်း ရှိသေး၏။

**ပါဏာတိပါတကံ၌ သတ်ဖြတ်ပုံ အမူအရာခြောက်မျိုး**

သာဟတ္ထိကော....ကိုယ်တိုင်သတ်ခြင်း။
အာဏတ္တိကော....သူတပါးကို စေခိုင်း၍ သတ်ခြင်း။
နိဿဂ္ဂိယော....ပစ်လွှတ်၍ သတ်ခြင်း။
ထာဝရော....အမြဲထာဝရထား၍ သေစေခြင်း။
ဝိဇ္ဇာမယော....အတတ်ပညာဖြင့် ပြု၍ သေစေခြင်း။
ဣဒ္ဓိမယ....တန်ခိုးဖြင့် သေစေခြင်း။

ဆောင်ပုဒ်။ ။သာ, အာ, နိဿ်, ထာ၊ ဣဒ္ဓိ, ဝိဇ္ဇာ၊ ပါဏာ
ပယောဂ။

ဤသို့အားဖြင့် ပါဏာတိပါတကံ ကျူးလွန်ပုံ ခြောက်မျိုးရှိ၏။

## အဒိန္နာဒါနကံ၌ အင်္ဂါကိုပြခြင်း

သူတပါး သိမ်းဆည်းအပ်သော ဥစ္စာလည်းဖြစ်စေ။
သူတပါးသိမ်းဆည်း၏ဟု အမှတ်ရှိသည်လည်းဖြစ်စေ။
ခိုးလိုသော စိတ်ရှိသည်လည်းဖြစ်စေ။
လုံ့လပြုသည်လည်းဖြစ်စေ။
ထိုလုံ့လဖြင့် ခိုးယူရရှိသည်လည်းဖြစ်စေ။
အဆိုပါ အင်္ဂါ ငါးပါး ပြည့်စုံပါလျှင် အဒိန္နာဒါနကံထိုက်၏။

**ဆောင်ပုဒ်။** ။သူ့ဥစ္စာဖြစ်၊ မှတ်လစ်တမျိုး၊ ခိုးလိုစိတ်ရှိ၊ ပြုဘိလုံ့လ၊ ခိုးဆောင်က၊ မှတ်ကြအဒိန္နာ။

## အဒိန္နာဒါနကံ ရှောင်ကြဉ်မှုကြောင့် ရအပ်သောအကျိုး

၁။ များပြားသောဥစ္စာရှိခြင်း။
၂။ များသောဥစ္စာစပါးရှိခြင်း။
၃။ အဆုံးမရှိသောစည်းစိမ်ရှိခြင်း။
၄။ မဖြစ်သေးသောစည်းစိမ်ဥစ္စာဖြစ်လာခြင်း။
၅။ ဖြစ်ပြီးသောစည်းစိမ်ဥစ္စာအမြဲတည်လာခြင်း။
၆။ လိုအပ်သော စည်းစိမ် ဥစ္စာကို လျင်မြန်စွာ ရလွယ်ခြင်း။
၇။ ရေ, မီး, မင်း, ခိုးသူ, မချစ်အပ်သောအမွေခံတို့နှင့် မဆက်ဆံသော စည်းစိမ်ရှိခြင်း။
၈။ သူတပါးတို့နှင့် မဆက်ဆံသောစည်းစိမ်ကိုရခြင်း။

၉။ လူအပေါင်းတို့ထက် မြတ်ခြင်း။
၁၀။ မရှိဟုမသိရခြင်း။
၁၁။ ချမ်းသာစွာနေထိုင်ရခြင်း။

ဤတဆဲ့တပါးသောအကျိုးတို့နှင့်တကွ လျော်သောအကျိုးတရားတို့ကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ရနိုင်သည်။

## ကာမေသုမိစ္ဆာစာရ ကံ၌ အင်္ဂါ

လွန်ကျူးအပ်သော ယောကျာ်းမိန်းဟူသောဝတ္ထုဖြစ်စေ။
ထိုဝတ္ထု၌ မှီဝဲလိုသောစိတ်ထားရှိသည်လည်းဖြစ်စေ။
မဂ်၌မဂ်ကိုသွင်းခြင်း၏အကြောင်းဖြစ်သော အားထုတ်ခြင်းသို့ ရောက်သည်လည်းဖြစ်စေ။
သွင်းလည်းသွင်းစေ
ဤ အင်္ဂါလေးပါးစုံပါက သီလပျက်သည်။

ဆောင်ပုဒ်။ ။အဂမနီယ၊ သေဝန စိတ္တံ၊ ပယောဂံတ၀၊ မဂ္ဂပဋိပန်၊ ဤလေးတန်၊ မှတ်ရန်ကာမေသု။
လွန်ကျူးအပ် ဝတ္ထု၊ ရှေးရှုစိတ်နေ၊ ပယောဂေတ၀၊ မဂ္ဂေနမဂ္ဂံ၊ ကြောင်းလေးတန်၊ သင့်ရန်ကာမေသု။

## ကာမေသုမိစ္ဆာစာရကံကို စောင့်ရှောက်ပါက ရအပ်သောအကျိုး

၁။ ကင်းသောရန်သူရှိခြင်း။
၂။ လူခပ်သိမ်းချစ်ခင်ခြင်း။
၃။ ထမင်း အဖျော် အဝတ် အိပ်ရာ နေရာ စသည်ကို ရနိုင်ခြင်း။
၄။ ချမ်းသာစွာအိပ်ရခြင်း။

၅။ ချမ်းသာစွာနိုးရခြင်း။
၆။ အပါယ်ဘေးမှကင်းလွတ်ခြင်း။
၇။ မိန်းမ နပုံးပဏ္ဍုက် မဖြစ်နိုင်ခြင်း။
၈။ အမျက်ဒေါသနည်းပါးခြင်း။
၉။ မျက်မှောက်ပြုအပ်သောကောင်းမှုရှိနိုင်ခြင်း။
၁၀။ မကျသေးသောပခုံးကျောက်ကုန်းရှိခြင်း။
၁၁။ မျက်နှာအောက်မချရခြင်း။
၁၂။ မိန်းမယောကျ်ားတို့၏အချင်းချင်းချစ်ခင်ခြင်း။
၁၃။ ပြည့်စုံသောစက္ခုစသောဣန္ဒြေရှိခြင်း။
၁၄။ ပြည့်စုံသောလက္ခဏာရှိခြင်း။
၁၅။ ရွံရှာခြင်းကင်းခြင်း။
၁၆။ ကြောင့်ကြမှုကင်းခြင်း။
၁၇။ ချမ်းသာစွာနေရခြင်း။
၁၈။ ဘေးမရှိခြင်း။
၁၉။ ချစ်သောသူနှင့်မကွေကွင်းရခြင်း။

ဤ တဆဲ့ကိုးပါးသော အကျိုး တို့နှင့်တကွ လျော်သော အကျိုးတို့ကို ရနိုင်၏။

## မုသာဝါဒ၌ အင်္ဂါ

မဟုတ်မမှန်သောဝတ္ထုဖြစ်ခြင်း။
ချွတ်ယွင်းစေလိုသောစိတ်ရှိခြင်း။
ထိုချွတ်ယွင်းခြင်းကိုဖြစ်စေတတ်သောလုံ့လကိုပြုခြင်း။
ထိုသူ ပြောကြားသော အနက်ကို သူတပါးက သိသည် ဖြစ်ခြင်း။

မုသာဝါဒကံ၌ အင်္ဂါလေးပါးစုံလျှင်ကံမြောက်နိုင်သည်။

ဆောင်ပုဒ်။ ။မမှန် ဝတ္ထု၊ ပျက်ပြားမှု စိတ်နေ၊ ပယောဂေ လုံ့လ၊ ပရဇာနနေ၊ အင်လေးထွေ၊ မှတ်လေ မုသာဝါဒ။

မုသာဝါဒကံကို ရှောင်သဖြင့် ရအပ်သောအကျိုး

၁။ အထူးသဖြင့် ကြည်လင်သန့်ရှင်းသော စက္ခုစသော ဣန္ဒြေရှိခြင်းလည်းတပါး။
၂။ သန့်ရှင်း သာယာစွာ ဆိုနိုင်သော စကားရှိခြင်း တပါး။
၃။ ညီညွတ်ဖြူစင်သောသွားရှိခြင်းတပါး။
၄။ မဝလွန်းခြင်းတပါး။
၅။ မပိန်လွန်းခြင်းတပါး။
၆။ မနိမ့်လွန်းခြင်းတပါး။
၇။ မမြင့်လွန်းခြင်းတပါး။
၈။ ချမ်းသာသောအတွေ့ရှိခြင်းတပါး။
၉။ ကြာညိုပန်းနှင့် တူသော မွေးကြိုင်သော ခံတွင်း ရှိခြင်းတပါး။
၁၀။ မိမိစကားကို နားထောင်သောပရိသတ် ယုံကြည် ထိုက်သောစကားရှိခြင်းတပါး။
၁၁။ ကြာနီပွင့်နှင့် တူသော နီမြန်းသောခံတွင်း နူးညံ့ သိမ်မွေ့သော မျက်စိလျှာရှိခြင်းတပါး။
၁၂။ ကိုယ်စိတ်မတုန်လှုပ်မပြန့်လွင့်ခြင်းတပါး။
၁၃။ နှစ်လိုဝမ်းမြောက်ခြင်းတပါး။

ဤတဆဲ့သုံးပါးသော အကျိုးနှင့်တကွလျော်သော ကောင်းကျိုးတို့ကို မုသာဝါဒသိက္ခာပုဒ်ကို စောင့်ရှောက်မှုကြောင့် ရနိုင်ပေကုန်၏။

## သုရာမေရယကံ၌ အင်္ဂါ

သေရည်ငါးပါး သေရက်ငါးပါးတွင် တပါးပါးဖြစ်ခြင်း။
မူးယစ်စေနိုင်သောသေရည်ကို သောက်လိုသောစိတ် ရှိခြင်း။
ထိုသောက်ခြင်းကိုဖြစ်စေတတ်သောအားထုတ်မှုရှိခြင်း။
သောက်၍ လည်မျိုတဘက်သို့ဝင်ခြင်း။

ဤအင်္ဂါလေးပါးပြည့်စုံပါက သုရာမေရယကံမြောက်သည်။ တပါးပါးချို့တဲ့က မမြောက်။ (ခုဒ္ဒကပါဌအဋ္ဌကထာ)။

ဆောင်ပုဒ်။ ။သေရည်ဝတ္ထု၊ သောက်လိုမှုစိတ်နေ၊ ပယောဂေ လို့လ၊ မျိုသုံးကျမှု၊ လေးဆူအင်္ဂ၊ ပြည့်စုံမှ၊ သုရမေရယာ။

## သုရာမေရယကံကို စောင့်ထိန်းသဖြင့် ရအပ်သောအကျိုး

၁။ ကာလသုံးပါးဝယ် ကိစ္စကြီးငယ် ဟူသမျှ၌ လျင်စွာ သိခြင်း။
၂။ အခါခပ်သိမ်းထင်သောသတိရှိခြင်း။
၃။ မရူးသွပ်ခြင်း။
၄။ ဉာဏ်ပညာရှိခြင်း။
၅။ ပျင်းရိမှုမရှိခြင်း။
၆။ မမိုက်မဲခြင်း။
၇။ အတိုင်းအရှည်ကိုသိခြင်း။
၈။ မမေ့မလျော့ခြင်း။

၉။ မတွေဝေခြင်း။
၁၀။ ကိုယ်ခိုင်မာမှုမရှိခြင်း။
၁၁။ ကြမ်းထမ်းမှုမရှိခြင်း။
၁၂။ မငြူစူခြင်း။
၁၃။ မှန်သောစကားရှိခြင်း။
၁၄။ မချောပစ် မကြမ်းထမ်း မပြိန်ဖျင်းသော စကား ရှိခြင်း။
၁၅။ နေ့ညဉ့်ပတ်လုံး ပျင်းရိမှုမရှိခြင်း။
၁၆။ သူတပါး ကျေးဇူးကိုသိခြင်း။
၁၇။ ဝန်မတိုခြင်း။
၁၈။ စွန့်ကြဲမှုရှိခြင်း။
၁၉။ သီလရှိခြင်း။
၂၀။ ဖြောင့်မတ်မှုရှိခြင်း။
၂၁။ အမျက်ဒေါသ မရှိခြင်း။
၂၂။ မကောင်းမှုမှ ရှက်တတ်ခြင်း။
၂၃။ မကောင်းမှုမှ ကြောက်တတ်ခြင်း။
၂၄။ ဖြောင့်မတ်သော အယူရှိခြင်း။
၂၅။ သူတပါးထက် မြင့်မြတ်ခြင်း။
၂၆။ နူးညံ့သော ပညာရှိခြင်း။
၂၇။ သိလွယ်သော ပညာရှိခြင်း။
၂၈။ အကျိုးရှိသည့်,မရှိသည့်၌ လိမ်မာခြင်း။

ဤနှစ်ဆဲ့ရှစ်ပါးသော အကျိုးနှင့်တကွ လျော်သော အကျိုးတို့ကို ရနိုင်ကုန်၏။

## လေ့ကျင့်ခန်း မေးခွန်း

၁။ ဘာကြောင့် ငါးပါးသီလ ခေါ်သနည်း။
၂။ ဘုရားရှင်သည် ငါးပါးသီလကို ဘယ်သုတ်၌ ဟောပါသနည်း။
၃။ ငါးပါးသီလတောင်းပုံကို မြန်မာလိုဖြစ်စေ၊ ပါဠိလို ဖြစ်စေ ရေးသားပါ။
၄။ နမောတဿကို ဘယ်လိုနေရာမျိုး၌ သုံးပါသနည်း။
၅။ နမောတဿ အဓိပ္ပါယ်ကို ရေးပါ။
၆။ အာမဘန္တေဆိုသော စကား၏အဓိပ္ပါယ်ရေးပြပါ။
၇။ သီလများကို ကိုယ်တိုင် ဆောက်တည်၍ ဖြစ်,မဖြစ် ကို ပြပါ။
၈။ လူအချင်းချင်း သီလပေးနိုင်,မပေးနိုင်ကို ရေးပါ။
၉။ ပါဏာတိပါတကံ၌ အင်္ဂါကို ဖော်ပြပါ။
၁၀။ ပါဏာတိပါတကံ ရှောင်ကြဉ်ရသဖြင့် ရအပ်သော ပစ္စုပ္ပန်သံသရာအကျိုးကို ဖော်ပြပါ။
၁၁။ အဒိန္နာဒါနကံ၏အင်္ဂါ ဘယ်နှစ်ပါးရှိပါသနည်း။
၁၂။ အဒိန္နာဒါနကံကို ရှောင်ကြဉ်ရသဖြင့် အကျိုးပြပါ။

## ငါးပါးသီလ မင်္ဂဖိုလ်ရအကျိုး

မြတ်စွာဘုရားသခင်သည် တခုသော တောအုပ် အတွင်း၌ တရားဟောတော်မူ၏။ ထိုအခါ သုံးကျိပ်ကုန်သော ရဟန်းတော် တို့သည် ဟေိဘိက္ခုအဖြစ်သို့ ရောက်ကြကုန်၏။ တန်ခိုးဖြင့် ပြီးသော သပိတ်, သင်္ကန်းကို ဆောင်ယူကြကုန်ပြီးလျှင် ခုတင် တဆဲ့သုံးပါးကို ဆောက်တည်ကြကုန်၏။

အချိန်ကြာမြင့်သော အခါကာလ၌ သဗ္ဗညုဘုရားထံ ချဉ်းကပ်မှီဝဲကြ၍ မသိအပ်သော အစရှိသော အနမတဂ္ဂသုတ္တန်ဒေသနာကို နာကြားရစဉ် ထိုထိုနေရာ၌ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်ပြီ။

အထက်ပါ ရဟန်းသုံးကျိပ်တို့၏ မဂ်ဖိုလ်ရခြင်းသည် အလွန်အံ့ဩစရာကောင်းလေခြင်းဟု ရဟန်းအများက ပြောဆိုကြကုန်စဉ် ဘုရားသဗ္ဗညု ကြွလာမူကြောင့် ပြောဆိုစကား မေးမြန်းပြီး၍ ယခုသာမဟုတ်၊ နောင်ဘဝ နောင်အခါ၌လည်း တုဏ္ဍိလဇာတ်၌ မဟာတုဏ္ဍိလ၏ တရားဓမ္မကို နာကြားကြပြီးလျှင် ပဉ္စသီလကို ရိုသေစွာ စောင့်ဘူးသော ဥပနိဿယကြောင့် ယခုဘဝ၌ အထောက်အပံ့ရပြီးလျှင် လွယ်လွယ်ကူကူပင် မဂ်ဖိုလ်တရားထူးကို ဆွတ်ခူးနိုင်ခြင်း ဖြစ်ပေသည်။

ငါးပါးသီလ၏ အကျိုးတပါးကို ဆက်လက်ပြဆိုပါဦးအံ့။

ခိုးသား ခါးပြငါးရာတို့ သေခါနီးကာလ ငါးပါးသီလကို ဆောက်တည်ရသော ကောင်းမှုကြောင့် အထက် ကောင်းကင်ဘုံဟု ဆိုအပ်သော နတ်ပြည်သို့ ချဉ်းကပ်ရောက်ကြကုန်သည်ကို ဓမ္မပဒအဋ္ဌကထာမှ ထုတ်ဆောင်၍ ပြဦးအံ့။

သုံးလောကထွဋ်ထား ကဿပရှင်တော်ဘုရား လက်ထက်တော်အခါ ခိုးသားခါးပြ ငါးရာတို့သည် သူတပါးတို့အား မသနားမညှာတာ ကရုဏာမဖက် လုယက်တိုက်ခိုက် ခိုးစားလျက် မတရားသော အသက်မွေးခြင်းဖြင့်သာ အသက်မွေးလျက် နေကြကုန်၏။

တရုံရောအခါ ရှာသူ ရှာသားတို့သည် အများစည်းကြပ် နောက်ထပ် လိုက်ဖမ်း သဖြင့် ဘရမ်း ဘတာ သေရာမသိ ထွက်ပြေး ကြရာတွင် တောမြိုင် တောင်စောင်း ပုန်းအောင်း မှီခိုရာရှာ၍မရ ကိုးကွယ်ရာ မဲ့သဖြင့် အရညဝါသီ လဇ္ဇီရဟန်း တပါးကို တွေ့မြင်ကြလေလျှင် အရှင်ဘုရား အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါဟု ရှိသေစွာ ဝပ်တွား လျှောက်ထား တောင်းပန် ကြလတ်သော် မထေရ်မြတ်ကလည်း ဒါယကာတို့ သင်တို့၏ ကိုးကွယ်ရာ သီလသာဖြစ်တော့သည်၊ သီလနှင့်တူသော ကိုးကွယ်ရာမည်သည်မရှိပြီ၊ သို့ဖြစ်၍ ငါးပါးသီလကို ဆောက်တည်ကြကုန်လော့ဟု မိန့်တော်မူ၍....

ထိုငါးရာသော ခိုးသားဓားပြ တို့သည် ငါးပါးသီလကို တခဏချင်း ဆောက်တည်ကြကုန်၏။

ထိုခဏ၌ပင် နောက်က လိုက်လာသော ရှာသူ ရှာသား လူအများတို့သည် မကြာမတင် အလျင်အမြန် မှီလာကြသဖြင့် ငါးရာသော ခိုးသားဓားပြ အားလုံးကို ပရုံးပရင်း အပြင်း ဖမ်းဆီးသတ်ဖြတ်ကြသဖြင့် ငါးရာလုံးပင် သေဆုံးပျက်စီးကြလေကုန်၏။

ထိုခိုးသားဓားပြငါးရာတို့သည် သေခါနီး ကာလ ဆောက်တည်ကြရသော ငါးပါးသီလ ကုသိုလ်ကြောင့် အထက် ကောင်းကင်ဘုံဟုဆိုအပ်သော တာဝတိံသာနတ်ပြည်၌ နတ်သားချည်း ဖြစ်ကြလေကုန်၏။

ထိုငါးရာတို့တွင် ဓားပြဗိုလ်ကြီးကား နတ်သားကြီးဖြစ်၏။ ဓားပြဗိုလ်ကြီးမှတပါး လေးရာကိုးဆယ့်ကိုးယောက် ကုန်သော

လက်အောက် ခိုးသားဓားပြငယ်တို့သည် ဓားပြဗိုလ်ကြီး အခြံအရံ နတ်သားတို့ ဖြစ်ကြလေကုန်သတည်း။ ထိုစကားမှန်၏။

တေ ကာလံ ကတွာ ဒေဝလောကေ နိဗ္ဗတ္တိံသု၊ တေသု ဇေဋ္ဌကစောရော ဇေဋ္ဌကဒေဝပုတ္တော အဟောသိ၊ ဣတရေ တဿေဝ ပရိဝါရာ။

ဟု ကပိလဝတ္ထုအဖွင့် ဓမ္မပဒအဋ္ဌကထာ၌ လာ၏။

တေ၊ ထိုသေခါနီးကာလ၌ ငါးပါးသီလကိုဆောက်တည်ကြကုန်သော ခိုးသားဓားပြငါးရာတို့သည်။ ကာလံကတွာ၊ စုတေပြောင်းကြွေ သေကြကုန်သည်ရှိသော်။ ဒေဝလောကေ၊ အထက်ကောင်းကင် ဘုံဟုဆိုအပ်သော တာဝတိံသာ နတ်ပြည်၌။ နိဗ္ဗတ္တိံသု၊ ဖြစ်ကြကုန်၏။ တေသု၊ ထိုငါးရာသော ခိုးသားဓားပြတို့တွင်။ ဇေဋ္ဌကစောရော၊ ဓားပြဗိုလ်ကြီးသည်။ ဇေဋ္ဌကဒေဝပုတ္တော၊ နတ်သားအကြီးသည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတရေ၊ ဓားပြဗိုလ်ကြီးမှ တပါးကုန်သော လေးရာကိုးဆယ့်ကိုးယောက်ကုန်သော လက်အောက် ခိုးသားဓားပြတို့သည်။ တဿေဝ၊ ထိုဓားပြဗိုလ် နတ်သားကြီး၏ သာလျှင်။ ပရိဝါရာ၊ အခြံအရံတို့သည်။အဟောသုံ၊ ဖြစ်ကုန်၏။

ဤတွင် ရှေ့သေခါနီးကာလ၌ ငါးပါးသီလကို ဆောက်တည်ရသော ကောင်းမှုကြောင့် နတ်ပြည်သို့ ချဉ်းကပ်ရောက်ကြသော ခိုးသားဓားပြ ငါးရာတို့ ဝတ္ထုကို ဓမ္မပဒအဋ္ဌကထာမှ ထုတ်ဆောင်၍ ပြဆိုအပ်သော စကားတရပ်ပြီး၏။

အနန္တရိယ-ကံမှလွတ်သူလိမ်မာသောဗုဒ္ဓဘာသာယောကျ်ားမိန်းမဟူသမျှတို့သည် ငါးပါးသီလ တည်ရှိကြကုန်လျက် စုတိ

ပြောင်းကြ၍ သေလွန်ကြသောအခါ အပါယ်ဒုဂ္ဂတိဘေးကြီးမှ ကင်းဝေးလွတ်ငြိမ်းကြသဖြင့် အထက်ကောင်းကင်ဘုံဟု ဆိုအပ်သော နတ်ပြည်သို့ ရောက်ရန် အလွန်အကြူး အထူးသဖြင့် လွယ်ကူကြောင်း ပြဆိုအပ်ခဲ့ပြီးသော ခိုးသားဓားပြငါးရာတို့ ဝတ္ထုကို သတိပြုတော်မူစေလိုသည်။

ငါးပါးသီလသည် လူကောင်း ဖြစ်လိုသည် ဆိုပါလျှင် မစောင့်ထိန်းဘဲ နေလို့မဖြစ်ပေကုန်၊ စောင့်ထိန်းပါမှ လောကဓမ္မ အကျိုးရ ဖြစ်နိုင်ပေကုန်၏၊မစောင့်ထိန်းသော သူများသည် လောကရေး,ဓမ္မရေး,ရာဇရေး–ဟူသော အရေးကြီး သုံးပါးနှင့် ဆန့်ကျင်ဘက်ဖြစ်၍ သံသရာမကောင်းကျိုးက လက်ငင်းမဟုတ်၍ မယုံကြည် မလိုက်နာ မကြောက်ကြသော်လည်း လူ့ပတ်ဝန်းကျင်ကမူ လူနှင့်မတူသူဟု ရှေးဦးစွာ အထင်အမြင်သေး ခံရမှုကတော့ မုချပင်၊ မကောင်းကျိုးခံစားရ၍ မင်းစိုးရာဇာ တိုင်းပြည်အုပ်ချုပ် သူတို့ကလည်း အကျင့်ပျက်ပြား လူရမ်းကားအနေဖြင့် ထောင်သွင်း အကျဉ်းချထားပါက ပစ္စက္ခဘဝ၌ပင် ငရဲသား,ငရဲသူဘဝသို့ မိမိတို့၏ ကံကြမ္မာအတိုင်း ဆုတ်ဆိုင်းမရှိ အမှန်ပင် ခံစားရမည်ကို ကောင်းကောင်းကြီး သတိပြုစေလို၏။

ရှစ်ပါးသီလ, ဆယ်ပါးသီလမှာ လောကရေး, ရာဇရေးနှင့် မဆန့်ကျင်မှုကြောင့် မစောင့်ထိန်း မဆောက်တည်သော် မိမိအတွက် ကုသိုလ်ဓမ္မ မတိုးပွားမရရှိရုံဘဲ ဖြစ်၍ တခါတရံ သာသနာတော်တွင်း ကုသိုလ်ထူးကြီးကို ရယူလိုကြ၍ နိဗ္ဗာန်,မဂ်, ဖိုလ်ကို ရည်မှန်းပြီးလျှင် အလှူအတန်း ပြုလုပ်ခါ ရှစ်ပါး,

သယ်ပါး၊ အာဇီဝဋ္ဌမက သီလများကို ကြိုးစား အားထုတ်ကြ ကုန်၏။

## ဥပုသ်သီလအမျိုးမျိုး ကျင့်သုံးခဏ်း

ဥပုသ်ဟူသည် မြတ်သောပညာရှိ သူတော်ကောင်း သူမြတ် လောင်းတို့၏ တရားဓမ္မအာရုံသို့ ကပ်၍ အပိုင်းအခြားအားဖြင့် ကျင့်သုံး နေထိုင်ရာ အထူး သတ်မှတ် ထားသော အချိန်အခါ ကာလ နေ့ရက်များကို ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ထို့ကြောင့် (ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော)ဟု ဝိဂ္ဂဟ်ပြုပြီးလျှင် ဥပုသ် ကို ကာလ အပိုင်းအခြား သိက္ခာပုဒ် အပိုင်းအခြား အားဖြင့် ဆောက်တည်အပ်၏။ ပိုင်းခြားအပ်သော အချိန်ကာလ နေ့ရက် ကျော်လွန်သော် ကာလ ပိုင်းခြား၍ ဆောက်တည် အပ်သော ဥပုသ်သီလသည် ငြိမ်း၏။ မိမိဆောက်တည်အပ်သော သိက္ခာပုဒ် ကို ကျူးလွန် အပ်သော်ငြား၊ သေလွန် သော်ငြား သိက္ခာပုဒ် ပိုင်းခြား၍ ဆောက်တည် အပ်သော ဥပုသ်သည် ငြိမ်း၏။ ဆောက်တည်အပ်သောသိက္ခာပုဒ် ကျူးလွန်၍ ကျိုးပျက်ခဲ့သော် ထပ်မံ၍ တဖန် ဆောက်တည်ပြန်လျှင် ပကတိအတိုင်း သီလ တည်ရှိနေပြန်၏။

ရဟန်းသီလ ကျိုးပျက်ခဲ့သော် ဒေသနာကံ ဝုဋ္ဌာနကံ ကုစား ခြင်းဖြင့် ဆောက်တည်ရ၏။ သာမဏေသီလ ကျိုးပျက်ခဲ့သော် လိင်အမှုဖြစ်ပါက သရဏဂုံ ခံယူခြင်း ဖြင့်ငြား၊ ဒဏ်အမှုဖြစ် ပါက ဒဏ်ပေးခြင်းဖြင့်ငြား တဖန်ခံယူဆောက်တည်အပ်၏။

လူတို့၏ ဆောက်တည်အပ်သော သီလ ကျိုးပျက် ခဲ့သော် ခံယူမှုဖြင့် ဆောက်တည် အပ်၏။ ဆောက်တည်ဆဲ၌ ကျိုးပျက်

ခဲ့သော် ကျိုးပျက်သောအင်္ဂါကို ဖြည့်စွက်၍ ဆောက်တည်အပ် ဆောက်တည်ကောင်း၏။

လူတို့ ဆောက်တည်အပ်သော သီလသည်လည်း အကျဉ်း အားဖြင့် ငါးပါး, ရှစ်ပါး, ဆယ်ပါး အားဖြင့် သုံးမျိုးအပြား ရှိကုန်၏။

တနည်းအားဖြင့် ငါးပါးသီလ, ကောမာရသီလ, ကောမာရီ သီလ, ဧကဘတ္တိကဆက္ကသီလ, ဂ–ပါးသီလ, ၉–ပါးသီလ, ၁၀–ပါးသီလ, အာဇီဝဋ္ဌမကသီလ အားဖြင့် သီလ အမျိုးအစား ရှစ်မျိုးပြား၏။

ထိုတွင် ငါးပါးသီလမှာ မကျင့်သော် အပြစ်ရှိ၏။ ကျင့်သော် အကျိုးရ၏။ ငါးပါးသီလ မလုံခြုံသူသည် အသက်ရှင်ပါလျက် နှင့် လူ့ဥကွောင်း မရှိသော လူသေနှင့် တူ၍ လူ၏သိက္ခာသီလ ကျဆုံးနေသည်နှင့် တူပေသည်။

ထို့ကြောင့် ရှေးဆရာတော်ကြီးများသည် "သက်သတ်ခိုးမှု၊ သူ့အိမ်ကျူးကျော်၊ ချွတ်ချော် မုသား၊ သေသောက်စားဟု၊ ငါးပါးကံစု၊ မရှောင်ပြုက၊ လူဒုဿီလ၊ ခေါ်ဆိုရ၏" ဟု မိန့် ကြ၏။

> ဘဝနောင်ခါ၊ သံသရာဝယ်၊ ကြီးစွာဆင်းရဲ၊ ပါယ်ငရဲ၌၊
> မလွဲရှောင်ခါ၊ ကျရောက်ခါလျှင်၊ ရောဂါ ထွေပြား၊
> ဘေးရန် များလိမ့်၊ ဆက်ပွား ကြိမ်ဖန်၊ ကြုံတွေ့ ပြန်၍၊
> နှစ်တန်ဘဝ၊ ဘယ်ကာလမှ၊ ဒုက္ခမစဲ၊ ကိုယ်စိတ်ထဲ၌၊
> ဆင်းရဲ ငြိုငြင်၊ ဖြစ်ကြောင်း ထင်သည်။ ။လွန်ပင်
> ကြောက်ဘွယ်ကောင်းသတည်း။

လူတို့ စောင့်ရှောက်အပ်သော သီလတို့တွင် ကာမေသုမိစ္ဆာစာရကိုနုတ်၍ အဗြဟ္မစရိယာ ဝေရမဏီကိုထည့်လျှင် ကောမာရကောမာရီသီလဖြစ်၏။

ဤ ကောမာရကောမာရီ သီလကို အိမ်ထောင် မရှိကြကုန်သော အပျို, လူပျို စသော လွတ်လပ်သူများ စောင့်ထိန်းသော သီလ ဖြစ်သည်။

ငါးပါးသီလ၌ ဝိကာလဘောဇန သိက္ခာပုဒ်ကို ထည့်လျှင် ခြောက်ပါးသီလ ဟူသော ဧကဘတ္တိကဆက္ကသီလဖြစ်၏။

ငါးပါးသီလ၌ သုရာမေရယကို နုတ်၍ ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာ, မိစ္ဆာဇီဝါ ဝေရမဏီကို ထည့်လျှင် အာဇီဝဋ္ဌမကသီလ ဖြစ်၏။ နဝင်္ဂုပေါသထ သီလသည် (၉)ပါး သီလ ဖြစ်၏။

## ယခုအခါ ၈-ပါးသီလခံယူပုံကို ပြပေအံ့၊

## ရှစ်ပါးသီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ (ဒုတိယမ္ပိ တတိယမ္ပိ) ဆက်ဆိုပါ။

## မြန်မာဘာသာဖြင့် တောင်းပုံ

တပည့်တော်သည် အပါယ်လေးဝ ဝဋ္ဋဒုက္ခကို ပယ်ဖျောက်တော်မူနိုင်သော ရတနာသုံးပါးတို့ကို ဆည်းကပ်ကိုးကွယ်ခြင်းနှင့်တကွ အင်္ဂါ ရှစ်ပါး ပြည့်စုံခြင်းသော ဥပုသ် သီလ ကျင့်စဉ်ဓမ္မကို တောင်းပန်ပါ၏ အရှင်ဘုရား။ အရှင်ဘုရား တို့သည် တပည့်တော်အား ချီးမြှောက်လိုမှု အကြောင်းပြု၍ ဥပုသ်သီလ

ဟူသော ကျင့်ဝတ်သိက္ခာပုဒ်ကို ပေးတော်မူပါကုန်အရှင်ဘုရား။ (ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း) ဆက်ဆိုပါ။

### ရှေးအစဉ်အလာ ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံထိုက်၍ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားသိမြင်တော် မူပေသော ထိုဘုရားရှင်အား ရိုသေသမှု ရှိခိုးခြင်းပြုပေ၏။

### သရဏဂုံ ယူရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ (ဒုတိယမ္ပိ၊ တတိယမ္ပိ ဗုဒ္ဓံ ဓမ္မံ သံဃံ) ထည့်ဆိုပါ။

### အနက် မြန်မာပြန်

တပည့်တော်သည် သက်တော်ထင်ရှား မြတ်စွာဘုရားကို တသက်ပတ်လုံး ညစ်ညူးကြောင်း ကိလေသာကို ပယ်ဖျောက်တတ်၏ဟူ၍ ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်မြတ်ဘုရား။

တပည့်တော်သည်မဂ်,ဖိုလ်,နိဗ္ဗာန်,ပရိယတ်အားဖြင့်ဆယ်ပါးသော တရားတော်မြတ်ကို တသက်ပတ်လုံး ညစ်ညူးကြောင်း ကိလေသာကို ပယ်ဖျောက်တတ်၏ ဟူ၍ ဆည်းကပ် ကိုးကွယ်ပါ၏။

တပည့်တော်သည် အရှင်ကောဏ္ဍည အစရှိသော သာသနာတော်တွင်း နေထိုင်ကြသော သံဃာတော်မြတ် အပေါင်းကို

တသက်ပတ်လုံး ညစ်ညူးကြောင်းကိလေသာကို ပယ်ဖျောက်တတ်၏ ဟူ၍ ဆည်းကပ်ကိုးကွယ်ပါ၏ ဘုရား။

သရဏ ဂမနံ ပရိပုဏ္ဏံ။

ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြောင်း သဒ္ဒါပညာ မဟာကုသိုလ် စိတ်တုပ္ပါဒ်–ဟူသော သရဏဂုမ်သည် ပြည့်စုံပြီ။

သရဏဂုမ် ခံယူဆောက်တည်မှု ပြီး၏။

## ရှစ်ပါးသီလယူရန်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

တပည့်တော်သည် သူတပါး အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို ကောင်းစွာ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

တပည့်တော်သည် သူတပါးမပေးသော ပစ္စည်းဥစ္စာတို့ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို တသက်ပတ်လုံး ကောင်းစွာ ဆောက်တည်ပါ၏ အရှင်ဘုရား။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

တပည့်တော်သည် မမြတ်သော ကာမဂုဏ် အကျင့်မှ ကြဉ်ရှောင်ကြောင်း သိက္ခာပုဒ်ကို ကောင်းစွာ ထိန်းသိမ်း ဆောက်တည်ပါ၏ အရှင်ဘုရား။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

တပည့်တော်သည် အကျိုးမဲ့အောင် မမှန်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏ အရှင်ဘုရား။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

တပည့်တော်သည် ကောင်းသော လုပ်ငန်းကိစ္စတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော မူးယစ်စေ တတ်သော သေရည်အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏ အရှင်ဘုရား။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

တပည့်တော်သည် နေလွဲအခါ ဘောဇဉ် ခဲဘွယ်ကို စားသောက်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏ အရှင်ဘုရား။

၇။ နစ္စ,ဂီတ,ဝါဒိတ, ဝိသူက,ဒဿန, မာလာဂန္ဓ,ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

တပည့်တော်သည် သာသနာတော်၏ ဆူးငြောင့်သဘွယ်ဖြစ်သော ကိုယ်တိုင်ကခြင်း၊ သူတပါးကို ကစေခြင်း၊ ကိုယ်တိုင်သီဆိုခြင်း၊ သူတပါးကို သီဆိုစေခြင်း၊ ကိုယ်တိုင် တီးမှုတ်ခြင်း၊ သူတပါးကို တီးမှုတ်စေခြင်း၊ သူတပါးတို့၏ ကခြင်း,သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားဆောင်ခြင်း၊ တပ်နှစ်သက်ခြင်း၏

အကြောင်းရင်း ဖြစ်သော ပန်းပန်ခြင်း, နံ့သာဖြင့် ဖွံ့သုတ်လိမ်းကျံခြင်း, နံ့သာရေကျဲဖြင့် ကိုယ်ခန္ဓာကို သုံးသပ်ခြင်းမှ ကြဉ်ရှောင်ကြောင်း သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏ အရှင်ဘုရား။

ဂ။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

တပည့်တော်သည် မြင့်သောနေရာ, မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ကောင်းစွာဆောက်တည်ပါ၏ အရှင်ဘုရား။

## တိုက်တွန်းစကား

တိသရဏေန သဟ အဋ္ဌင်္ဂသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

သရဏဂုံအခြေခံရှိသော ရှစ်ပါးသီလတော်မြတ်ကို ရိုသေသမှု စောင့်ထိန်းခြင်းပြု၍ မမေ့မလျော့ မပေါ့သော သတိတရားဖြင့် ပြည့်စုံစွာ နေကြကုန်ရာ၏။

အာမ ဘန္တေ ပါ အရှင်ဘုရား။ (သီလယူသူက ဆိုရမည်)

ရှစ်ပါးသီလကို ရိုရိုသေသေ စောင့်ထိန်းပါမည် ဘုရား။

## ဆယ်ပါးသီလခံယူပုံ အစီအစဉ်

အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ (ဒုတိယမ္ပိ၊ တတိယမ္ပိ) ရှေ့အတိုင်းထည့်၍ဆိုပါ။

## မြန်မာလို သရဏဂုမ် သီလတောင်း

တပည့်တော်သည် ရတနာသုံးပါးကို ဝင္ဒဆင်းရဲ ပယ်ဖျောက်နိုင်ပေ၏ဟု အောက်မေ့မှတ်သား၍ ဆည်းကပ် ကိုးကွယ်ခြင်းနှင့်တကွ လူတို့သည် ဆောက်တည်ကောင်းသော သီလ ဟူသော ကျင့်ဝတ်သိက္ခာပုဒ်ကို တောင်းပန်ပါ၏။ အရှင်ဘုရားတို့သည် တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ လူတို့ဆောက်တည်ကောင်းသော ဆယ်ပါးသီလ သိက္ခာပုဒ်ကို ပေးတော်မူပါကုန်ဘုရား။

မှတ်ချက်။ ။လေးစားမှုဖြစ်လေအောင် ပါဠိလိုဖြစ်စေ မြန်မာလိုဖြစ်စေ သုံးခေါက်ဆို၍ သရဏဂုမ် သီလကို တောင်းခံပါလေ။

(ယမဟံ ဝဒါမိ တံ ဝဒေထ) ဘုန်းကြီးကဆိုရန်။ ငါဆိုသလိုလိုက်နာဆိုရမည်။

(အာမ ဘန္တေ) တပည့်က ဆိုရန်။ အာမ ဘန္တေ ဆိုဒါလိုက်နာပါမည် ဘုရားဟု ဝန်ခံခြင်းဖြစ်၏။ ကြွင်းကျန်သောစကားရပ်များသည် ရှစ်ပါးသီလခံယူပုံနှင့် အလုံးစုံတူလေသည်။ (ထူးရာကိုသာပြဆိုပေအံ့)။

ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

တပည့်တော်သည် ရွှေ, ငွေ, ပိုက်ဆံ, ငွေစက္ကူ များကို ကိုင်ခံသာယာ သိုမှီး သိမ်းဆည်းခြင်း တည်းဟူသော မကောင်းသော စီမံခြင်းမှ ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ပါမည်ဘုရား။

## အာဇီဝဋ္ဌမကသီလခံယူပုံ အစီအစဉ်

အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ (ဒုတိယမ္ပိ၊ တတိယမ္ပိ) အထက်အတိုင်း ထည့်ဆိုပါ။

အာဇီဝဋ္ဌမကသီလံ၊ သမ္မာအာဇီဝလျှင် ရှစ်ခုမြောက်သော သီလဟုဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်သိက္ခာပုဒ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## မြန်မာလိုခံယူပုံ

၁။ တပည့်တော်သည် သူတပါးအသက်ကို လျင်စွာချခြင်းမှ ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

၂။ တပည့်တော်သည် ပိုင်ရှင်သည် ကိုယ်,နှုတ် တို့ဖြင့် မပေး အပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ကောင်းစွာဆောက်တည်ပါ၏ အရှင်ဘုရား။

၃။ တပည့်တော်သည် အမိစောင့်ထိန်းခြင်း တည်းဟူသော ဝတ္ထုကာမဂုဏ်တို့၌ မှားယွင်းသောပြုကျင့်ခြင်းမှ ရှောင်ကြဉ် ကြောင်းသိက္ခာပုဒ်ကို ကောင်းစွာခံယူဆောက်တည်ပါ၏ အရှင် ဘုရား။

၄။ တပည့်တော်သည် မဟုတ်မမှန်စကား ပြောကြားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာဆောက် တည်ပါ၏ အရှင်ဘုရား။

၅။ တပည့်တော်သည် သူနှစ်ဦး၏ ချစ်ခင်ခြင်း ကိစ္စကို ကွဲပြားအောင်ပြုလုပ်တတ်သော ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်တော်ကို ကောင်းစွာ ခံယူဆောက် တည်ပါ၏ အရှင်ဘုရား။

၆။ တပည့်တော်သည် မိမိ သူတပါးတို့ကို ကြမ်းကြုတ် အောင် ပြုလုပ်တတ်သော စကားကို ဆိုခြင်းမှ ရှောင်ကြဉ် ကြောင်းသိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည်ပါ၏ အရှင် ဘုရား။

၇။ တပည့်တော်သည် ချမ်းသာ စီးပွားကို ဖျက်ဆီးတတ် သော အကျိုးမဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏ အရှင်ဘုရား။

၈။ တပည့်တော်သည် ဖောက်ပြန်စွာ အသက်မွေးကြောင်း ဖြစ်သော ကာယဒုစရိုက်,ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ကောင်းစွာ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

## တိုက်တွန်းစကား

တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ သာဓုကံ ကတွာ
အပ္ပမာဒေန သမ္ပာဒေထ။

အာမဘာဿေပါ ဘုရားဟု ဆိုရမည်။

အာဇီဝဋ္ဌမကသီလ ခံယူပုံပြီး၏။

အထက်ပါ သီလသိက္ခာပုဒ်များသည် လူများ၌ သာသနာတော်တွင်း သာသနာတော်ပ နှစ်ဌာန၌ပင် ဆောက်တည်ကျင့်သုံးကောင်းပေ၏။

ငါးပါး သီလသည် အမြဲဆောက်တည် သင့်သော သီလဖြစ်မှုကြောင့် တရံတခါ သိက္ခာပုဒ် တပါးသည်ရင်း,နှစ်ပါးသည်ရင်း, သုံးပါးသည်ရင်း, လေးပါးသည်ရင်း ကျိုးပျက်တတ်၏။ဤသို့ ကျိုးပျက်ခဲ့သော် ကျိုးပျက်သော သိက္ခာပုဒ်များကို ဖြည့်စွက်ရမှုကြောင့် သီလအင်္ဂါ အယုတ်အလွန် ရှိနိုင်ပေသည်။

ရှစ်ပါးသီလ, ဆယ်ပါး သီလများကို ကုသိုလ်အထူးကို ပွားလိုမှုကြောင့်ရင်း၊ ငါးဖြာအာရုံ ကာမဂုဏ်၌ ခြိုးခြံမှုဖြစ်စေလိုသောကြောင့်ရင်း ရှစ်ရက်,လပြည့်, လကွယ်-ဟူသော ဥပုသ်နေ့များ၌ ယခုအခါမှာ တလလျှင် လေးကြိမ် ဆောက်တည်ကြကုန်၏။ ဘုရားရှင် လက်ထက်တော်က တလလျှင် ရှစ်ကြိမ် ဆောက်တည်ကြကုန်၏။

ဥပါသကော ပါသိကာနံ ယထာ သမာဒါနဝသေန
ကော်ဝါ ဒွေဝါ တီဏိဝါ စတ္တာရိဝါ ပဉ္စဝါ အဋ္ဌဝါ
ဒသဝါ သိက္ခာပဒါနိ ဟောန္တိ။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။

ဥပါသကော ပါသိကာနံ၊ ဒါယကာ ယောကျ်ား, ဒါယိကာ မိန်းမတို့၏။ ယထာသမာဒါန ဝသေန၊ အကြင် အကြင်သို့ သဘောရှိသော ဆောက်တည်ခြင်း၏ အစွမ်းအားဖြင့်။ကေဝါ၊ တပါးရှင်း။ ဒွေဝါ၊ နှစ်ပါးတို့ရှင်း။ တီဏိဝါ၊ သုံးပါးတို့ရှင်း။ စတ္တာရိ၊ လေးပါးတို့ရှင်း။ ပဉ္စဝါ၊ ငါးပါးတို့ရှင်း။ အဋ္ဌဝါ၊ ရှစ်ပါးတို့ရှင်း။ ဒသဝါ၊ဆယ်ပါးတို့ရှင်း။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဤအဋ္ဌကထာ အလိုအားဖြင့် ငါးပါးသီလ၌ သိက္ခာပုဒ် တပါး, နှစ်ပါး, သုံးပါး, လေးပါး–ဟူသော အစိတ်အစိတ် ဆောက်တည်ကောင်းကြောင်း ဖွင့်ပြပေသည်၊ ရှစ်ပါးသီလ, ဆယ်ပါးသီလတို့၌ တခါတရံ အထူးဆောက်တည်သော သီလ ဖြစ်၍ အပြည့်အစုံ ဆောက်တည်ရမည်ကို သိစေသည်၊ဆောက် တည်ဆဲ၌ သီလကျိုးပြန်သော် ထပ်မံဆောက်တည်ကောင်း ကြောင်းဖွင့်ပြသည်။

အရှင် မဟာဗုဒ္ဓဃောသဆရာ ဖွင့်ပြသော အဋ္ဌကထာ အားလုံးတို့၌ ငါးပါးသီလကို နိစ္စဆောက်တည်ရမည်။ဆယ်ပါး သီလကို စွမ်းနိုင်သလို ဆောက်တည်၍ ရှစ်ပါးသီလကို အနိစ္စ အနေ ဆောက်တည်ရန် ဖွင့်ပြ၏။

ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌–

ဥပါသက ဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာ ပဒါနိ သတိဝါ ဥဿာဟေ ဒသ ဥပေါသထင်္ဂဝသေန အဋ္ဌာတိ ဣဒံ ဂဟဋ္ဌသီလံ။

ဟု ဖွင့်ပြသည်။

ဤအဋ္ဌကထာကြီးနှစ်စောင်၌ရှစ်ပါး,ဆယ်ပါး ဖွင့်ပြပုံချင်း သဘောတူကြ၏၊ ငါးပါးဖွင့်ပြပုံ သဘောမတူကြပေ။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆရာသည် လူတို့၌ မကင်းနိုင်သော သဘောကို ရည်ရွယ်၍ ဖွင့်ဟန်တူ၏၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည် လူဖြစ်လာပါက ဤငါးပါးသော တရားကို ရှောင်ကြဉ်သင့်သည်ဟု ရည်ရွယ်မှန်းထား သဘောသွားဖြင့် ဖွင့်ဟန်တူ၏။

ပါဠိတော်ကြီးများ၌ ငါးပါးသီလ တည်ရှိသော ပုဂ္ဂိုလ်ကို သီလနှင့်ပြည့်စုံသော လူသီလဝန္တ ဟူ၍ရင်း သပ္ပုရိသ သူတော်ကောင်းဟူ၍ရင်း ဟောကြားတော်မူလျက်ရှိ၍ ဥပါသကာ အင်္ဂါ ပြည့်စုံလိုသောက်နေသော ဗုဒ္ဓဘာသာဝင် အထက်တန်းစားဆိုပါက ငါးပါးသီလ လုံခြုံရမည်သာဖြစ်၏။

လောကသဘော ဓမ္မသဘော အားဖြင့် ကိုယ်ချင်းစာနာထောက်ထားလိုက်ပါက ငါးပါးသီလကို အမြဲလုံခြုံသင့်၏။

ရှစ်ပါးသီလ ဆယ်ပါးသီလတို့သည် ဆောက်တည်သူတို့၏ သန္တာန်၌ အစဉ်အမြဲ ကိန်းဝပ်နေသော ကိလေသာမီးကို တတ်နိုင်သလောက် ငြိမ်းနိုင်ရန် တရံတခါ အထူး အားထုတ်ဆောက်တည်ရသော ကျင့်ဝတ်သီလများ ဖြစ်၍ လူတို့၏ ဓလေ့ အကျင့်ဆိုပါက မမှားနိုင်ပေ။ ကိလေသာရန်ကို တုန်လှုပ်ချောက်ချား သွားစေနိုင်သော ရှစ်ပါးသီလ, ဆယ်ပါးသီလ ဖြစ်ပေ၏။

ရှစ်ပါးသီလ ဆယ်ပါးသီလတို့၌ လောဘကို တိုက်ရိုက်ရင်း၊ သွယ်ဝိုက်၍ရင်း တားဆီးထားသော သိက္ခာပုဒ် တို့သည် များပြားပေကုန်၏။

ထိုသီလ တို့တွင် နစ္စ-ဂီတ-ဝါဒိတ-ဝိသူက-ဒဿန-မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန-ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-ဆိုသော သိက္ခာပုဒ်၌ ရှစ်ပါးသီလမှာ ခွဲ၍ဆောက်တည်ခြင်း, ဆယ်ပါးသီလမှာ ပေါင်း၍ ဆောက်တည်ခြင်းသည် ထူးခြားချက်တရပ်ဖြစ်လေ၏။

အာစရိယဝါဒရဘူးသည်မှာ အသီးသီး ဆောက်တည်ပါက တပါးကျူးလွန်လျှင် တပါးသာ ပျက်သည်၊ ပေါင်း၍ဆောက်တည်ပါက တပါးပျက်လျှင် အကုန်ပျက်သည်။

လူတို့သည် ရှစ်ပါးသီလကို တခါတရံသာ ဆောက်တည်ကြကုန်၍ တနေ့တရက်သာ ဆောက်တည် ကုန်သော လူတို့အား အထူးအားထုတ်၍ စောင့်ရှောက်နိုင်ရန် ပေါင်း၍ထားသည်ဟု မှိုင်းခိုင်းဆရာတော် အမိန့်ရှိသည်။

တောင်သာမြို့ ကျွန်းရွာ တောရ ဆရာတော် ဘုရားကြီး၏ အယူအဆမှာ ပေါင်း၍ရင်း ခွဲ၍ရင်း ဆောက်တည်ခြင်းသည် ဝေနေယျ သတ္တဝါတို့၏ အလိုဆန္ဒအားလျော်စွာနှင့် ဒေသနာဝိလာသ အနေအားဖြင့် ဟောကြားပေသည်ဟု အမိန့်ရှိသည်။

ဤ ဥပုသ် သီလ တို့၌ သိက္ခာပဒ ဆိုသော စကားရပ်ဝယ် သိက္ခာ-အင်္ဂ, သိက္ခာပဒ-အင်္ဂ ဆိုသည်မှာ ကျင့်အပ် ပွားများ အပ်သော တရားများသည် သိက္ခာအင်္ဂ ဖြစ်၍ သီလဝိပဿနာ စျာန်နှင့်မဂ်တို့သည် သိက္ခာအင်္ဂ ဖြစ်၏။

ဤလေးပါးကုန်သော တရားဓမ္မတို့ကို ရခြင်း၏အကြောင်းဖြစ်သော ဝိရတီစေတသိက်, စေတနာ စေတသိက်, ၎င်းစေတသိက်တို့နှင့်ယှဉ်ကုန်သော ဖဿ-စသော သမ္ပယုတ် တရားတို့ကို သိက္ခာပဒအရ ကောက်အပ်၏။

အချို့သော ကျမ်းဂန် တို့၌ မနသာဝဝတ္တပိတ သဒ္ဒါ, ဝစီဘေဒ သဒ္ဒါ, နာမပညတ္တိ သဒ္ဒါ ကိုလည်း သိက္ခာပဒ-အရ ကောက်ယူ၏။

ပြဆိုခဲ့ပြီးဖြစ်သော သီလအမျိုးမျိုးတို့တွင် ငါးပါးသီလကို မစောင့်ထိန်းက လောက သံသရာ အပြစ်နှစ်မျိုး ဖြစ်ပေါ်လာနိုင်၍ လူသားအများတို့သည် ရှောင်ကြဉ်ကြကုန်ရာ၏။ မရှောင်ကြဉ်လို့ မဖြစ်ပေ။

ရှစ်ပါးသီလ ဆယ်ပါးသီလတို့သည် အမွမ်းတင် သီလများဖြစ်၍ ဆောက်တည်နိုင်သော် ကုသိုလ်ထူးရ၍ မဂ်,ဖိုလ်အခြေခံကုသိုလ်မျိုးစေ့ဖြစ်နိုင်၏။ လူအများပြုလုပ်နေသော ကိစ္စရပ်များဖြစ်၍ ကွဲရှမှု အထင်သေးမှု စသော လောကပြစ်မှ ကင်းဝေးနိုင်၏။ အထူး အားဖြင့် ကာမရာဂ ခေါင်းပါးနိုင်မှုကြောင့် သူတော်ကောင်းတရား တည်ရှိကြကုန်သော ပုဂ္ဂိုလ် အပေါင်းတို့သည် အခါကာလ အခွင့်ကြုံတိုင်း ဆောက်တည်ကြကုန်၏။

ဝိကာလဘောဇနသည် သစ်ပင်ကြီး၏ ပင်စည် ပင်လုံးနှင့်တူကုန်၏။ ကခြင်း, သီခြင်း, ဆိုခြင်း, ပန်းပန်ခြင်း-စသည်တို့နံ့သာလိမ်းကျံခြင်း စသည်တို့သည် အခက်, အလက်, အရွက်, အပွင့်, အသီးနှင့်တူကုန်၏။

အလုံးစုံသော ကိလေသာသောင်းကျန်းမှု ကာမဂုဏ်သောင်းကျန်းမှုသည် ညစာထမင်း စားခြင်းလျှင် အကြောင်းရင်းဖြစ်၍

ကိလေသာ တို့သည် ဒလဟော စီးဆင်း ကျလာသော မြစ်ရေချောင်းရေနှင့်လည်း တူကုန်၏။ စီးဆင်း လာရာ ရေပေါက်ကို ပိတ်လိုက်ပါက ရေအယဉ်သည် တန့်ရပ်သွားနိုင်သကဲ့သို့ လူတို့၏ သန္တာန်၌ အကုသိုလ်မှုကို မဖြစ်စေလိုက ညစာသောက်စားမှုကို ရှောင်ကြဉ်ခြင်းပြုရ၏။

လူတို့၏ ကာမဂုဏ် တိုးပွားမှု စားသောက်ချိန်သည် ညစာစားမှုကို အကြောင်းခံ၍ အမျိုးမျိုးသော အကုသိုလ်ကျူးလွန်တတ်ကြကုန်၏။ လူတို့မှာ ညစာစားမှုကို အဓိကထား၍ ညအစာ အာဟာရကို ကောင်းကောင်းစားကြ၍ ကာမဂုဏ်ခံစားကြကုန်၏။

အရိယာ သူတော် သူမြတ် တို့သည် နံနက်စာအဓိကဖြစ်၍ နံနက်ခင်း ကောင်းကောင်းဘုဉ်းပေးသုံးဆောင်ကြ၍ ဝိကာလ ဟူသော နေလွဲအခါ၌ တရားအားထုတ် ကြကုန်၏။ သွေးသား သောင်းကျန်းမှုမရှိ၍ သမာဓိ ရရှိကုန်၏။ ထိုကြောင့် သူတော်ကောင်းပုဂ္ဂိုလ်တို့သည် အစာအာဟာရကို တရားဖြင့်ဆင်ခြင်၍ မလွဲမကင်းသောအနေဖြင့် ဘုဉ်းပေးသုံးဆောင်ကြကုန်၏။

လူများ၌ ညစာ စားသောက်မှုနှင့် ရွှေ, ငွေ ရှိနေမှုသည် အလုံးစုံသော မကောင်းမှုပြစ်တို့ ပေါက်ပွားရာ ဖြစ်ပေ၏။ တခါတရံ မကောင်းမှုအပြစ် နည်းပါးစေရန် စိတ်ရည်သန်ကြပြီးလျှင် သာသနာတော်တွင်း၌ သမာဓိ ပညာ၏ အခြေခံဖြစ်သော ရှစ်ပါးသီလ ကိုးပါးသီလ ဆယ်ပါးသီလတို့ကို တတ်နိုင်သလို စောင့်ထိန်းကြကုန်၏။ သီလလုံခြုံမှုနှင့်ကင်း၍ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် မဖြစ်နိုင်ပေ။ ထိုကြောင့် မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ သီလဖြင့်ထုံအပ်သော သမာဓိတရား

သမာဓိဖြင့်ထုံအပ်သော ပညာတရား၊ ပညာဖြင့် ထုံအပ်သော စိတ်သည် အကျိုးတရား အလွန်များသည်။ အာသဝေါတရား မှကင်းဝေး၍ နိဗ္ဗာန်, မဂ်, ဖိုလ် ပေါက်ရောက်နိုင်၏ဟု ဖွင့်ဆို ပေသည်။

ထို့ကြောင့် ဘုရား လက်ထက်တော်က အနာထပိဏ်, ဝိသာခါ, စိတ္တသူကြွယ်တို့၏ ဥပုသ်စောင့်သုံးကြသည်ကို နည်းယူ ကြပြီးလျှင်ပကတိဥပုသ်, ပဋိဇာဂရဥပုသ်, ပါဋိဟာရိယဥပုသ်တို့ ကို တတ်နိုင်သလောက် စောင့်ထိန်းကုန်ရာ၏။

ဥပုသ်သီလသည် ကာမရာဂ ကိလေသာပယ်သတ်မှု၌ များစွာ အထောက်အကူ ပေးနိုင်သောကြောင့် အနာဂါမ်ပုဂ္ဂိုလ် မဖြစ် မချင်း ကလျာဏပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ် တို့သည် ရိုးရိုးပုထုဇဉ် လူသား တို့ထက်ပင် တဆင့်ထက်တဆင့် မြင့်မြတ်သော အရိယာ အဖြစ်ကို လိုလားပါလျှင် အထူးပင် ကြိုးစားစောင့်ရှောက်သင့်လှပေကုန်၏။

ယခုအခါ အချို့သော တရားဌာနများသည် ငါတို့ တရား ထိုင်နေလျှင် သီလ လုံခြုံတာဘဲဟု ပြောဆို၍ သီလ မခံယူကြ ကုန်ဘဲ ဘုရားရှင် ပညတ် ထားသော သီလသာသနာကို ကွယ် ပအောင် ပြုလုပ်နေခြင်းသည် အလွန် ဝမ်းနည်းစရာကောင်း၏။

ဤယူဆနည်းမျိုးမှာ မှားယွင်းလှ၏၊ အမြဲမပြတ် ဒသစပ် တရားအားထုတ်နေသည်ဆိုက ဟုတ်ပေ၏၊ ဤသို့လည်း အား ထုတ်နိုင်သည် မဟုတ်။ အားမထုတ်သော အချိန်ကာလတို့၌ ဘယ်ပုံနေထိုင်၍ ဘယ်ပုံ ပြောဆိုစိတ်ကူး နေတယ်ဆိုဒါ မိမိ ဘာသာ အသိဖြစ်ကြပေလိမ့်မည်။ ထို့ကြောင့် တရားအားထုတ်

သူများသည် ဘဝင် မမြင့်ကြဘဲ သီလကို ရိုသေစွာစောင့်ထိန်း သင့်၏။

သီလ-ဟူသော အကျင့်အကဲမရှိပါက တောရိုင်း ဆင်ရိုင်း များသဘွယ် စိတ်သောင်းကျန်းချင်တိုင်း သောင်းကျန်းနေမှု ကြောင့် အဘယ်မှာလျှင် သမာဓိပညာ ဖြစ်နိုင်ပါတော့အံ့နည်း၊ သတိကြပ်ကြပ်ထား၍ သီလကို စောင့်ထိန်းရာ၏၊ ဘုရားမျက်နှာ တော်ကိုငဲ့၍ ရှေးအစဉ်အလာကို မပျက်မကွက်စေဘဲ ရဟန်း တော်များထံမှာ ဖြစ်စေ၊ သဗ္ဗညုဘုရား၏ ရှေ့တော်၌ ဖြစ်စေ၊ သီလနှင့် ပြည့်စုံ၍ သီလပေးတတ်သော လူသာမဏေတို့အထံ ၌ရင်း ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလ ဆယ်ပါးသီလ တို့ကို ကိုယ် နှုတ် စိတ် သုံးမျိုးတို့တွင် မိမိ ဘတ်စွမ်းနိုင်သော ဒွါရတပါးပါးဖြင့် ခံယူဆောက်တည်နိုင်သည်။

## သာသနာတွင်း သာသနာပနှစ်ဌာန၌ပင် လူကောင်းသူကောင်းဆိုပါက သီလဆောက်တည်ကြပုံ

ငါတို့ မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် သာဝတ္ထိပြည်သား သူဌေးသားတဦးသည် ဆရာ ရဟန်းတို့ကိုကပ်၍ ဆင်းရဲဒုက္ခမှ ကင်းလွတ်အောင် အဘယ်သို့ ကျင့်ရပါမည်နည်းဟု မေးလျှောက်ရာ နိဗ္ဗာန်ကိုရည်မှန်း၍ စာ ရေးတံဆွမ်း ပက္ခဆွမ်း ဝါဆိုသင်္ကန်း စသော အလှူဝတ္ထုမျိုးကို တတ်စွမ်းသလောက် လှူလော့၊ ပစ္စည်းလေးပါးတို့ကိုလည်း နိဗ္ဗာန်ရည်မှန်း ဆုတောင်း၍ လှူလော့၊ မိမိပစ္စည်း ဥစ္စာကို သုံးပုံပုံ၍ တပုံကိုစီးပွားပြု၊ တပုံကိုသားမယားကျွေးမွေး၊ တပုံကို နောင်ရေးအတွက် သာသနာကိုလှူလော့ဟု ဆရာရဟန်းတို့၏

ဆုံးမစကားအတိုင်း လိုက်နာလျက် ထပ်မံ၍ လျှောက်ပြန်ရာ သရဏဂုံသုံးပါး ငါးပါးသော ပဉ္စသီလတရားတို့ကို ဆောက် တည်လော့ဟု မိန့်ဆိုပြန်လျှင် မိန့်ဆိုသည့်အတိုင်း သရဏဂုံ ပဉ္စသီလတို့ကို ဆောက်တည်၍–

နောက်ထပ်တဖန် အဘယ်သို့ကျင့်ရပါမည်နည်းဟု လျှောက် ထားပြန်ရာတွင် ဆယ်ပါး သီလကို ဆောက်တည်လော့ဟု ဆိုသဖြင့် ဆယ်ပါးသီလအထိ သမာဓိပညာ၏ အခြေခံတရားကို လုံလောက်အောင် စောင့်ရှောက် နေထိုင်ပြီးမှ မကြာမီ သာ သနာတော်တွင်း ရဟန်းပြု၍ သောတာပန် အရိယာအထိ ပေါက်မြောက်ခြင်း ရှိပေ၏။

ထိုမှတပါး ပဒုမုတ္တရ ဘုရားရှင်၏ ညီတော် သုမနမင်းသား သည် ဝါတွင်းသုံးလပတ်လုံး လူတို့သည် ဝတ်ရုံအပ်သော အဝတ် နှစ်ထည်ကိုသာ ဝတ်ရုံ၍ ပါဠိဟာရိယဆယ်ပါးသီလ စောင့်ဘူး ကြောင်းများသည် ကျမ်းဂန်အရပ်ရပ်၌ အလွန်များပြား၏။

သာသနာပ ကာလ၌လည်း ငါးပါးသီလ, ဆယ်ပါးသီလ ကိုယ်ကျင့် တရားများကို စောင့်ထိန်း အားထုတ်ဘူးကြောင်းကို (ဒုကနိပါတ် ဒုဒ္ဒဇာတ်အဋ္ဌကထာ၌ လာပုံမှာ) ပြုနိုင်ခဲ့သော အလှူပေးခြင်း သဘောတရားသည် ပညာရှိပုဂ္ဂိုလ်တို့၏ အမှု ကိစ္စဖြစ်၏။ ပညာမရှိ မသိမလိမ်မာကုန်သော သူတို့သည် အလှူ ပေးခြင်း အမှုကို မပြုကြကုန်၊ ဤအလှူမည်သည် ဤကဲ့သို့ အကျိုးကိုပေး၏ဟု သိရန်ခဲယဉ်းပေ၏။

ထိုကြောင့် ဤဘဝမှ စုတေကုန်သော ဘဝတပါးသို့ လား ရောက် ကုန်သော သူတော်ကောင်းတို့၏ရှင်း, သူတော်ကောင်း

မဟုတ်ကုန်သော သူယုတ်တို့၏၎င်း ဘုံဘဝတို့၌ ဖြစ်ရခြင်းသည် အထူးခြားနား ကွဲပြားကြကုန်၏။

သူတော် မဟုတ်ကုန်သော သူယုတ်တို့သည် အလှူအတန်း မပြုကြကုန်မူ၍ ငါးပါး ရှစ်ပါး ဆယ်ပါး သီလများကို အခါ ကာလ အားလျော်စွာ မစောင့်ရှောက်ကြကုန်မူ၍ ငရဲသို့သာ လားရောက်ကြကုန်၏။

ပညာရှိသူတော်ကောင်းတို့သည် အလှူကိုပေး၍၎င်း ငါးပါး သီလ ဆယ်ပါးသီလတို့ကို စောင့်ရှောက်၍၎င်း ဥပုသ်သုံးခြင်း အမှုကို ပြု၍၎င်း သုံးပါးကုန်သော သုစရိုက်တို့ကို ပြည့်စုံစေ၍ ၎င်း လူ့ရွာနတ်ပြည်သို့သာလျှင် လားရ ရောက်ကြရကုန်ရာ၏။ ဤသို့သောကောင်းကျိုးကို ခံစားရကုန်၏ဟု ဟောတော်မူ၏။

> သန္တော သဂ္ဂပရာယနာတိ ပဏ္ဍိတာ ပန ဒါနံ ဒတွာ သီလံ ရက္ခိတွာ ဥပေါသထကမ္မံ ကတွာ တိဏ္ဏံ သုစရိတာနိ ပူရေတွာ သဂ္ဂပရာယနာ ဟောန္တီတိ မဟန္တံ သဂ္ဂသမ္ပတ္တိံ အနုဘောန္တီတိ။

ဤသို့ဖွင့်ဆိုသော အဋ္ဌကထာစကား၌ သီလံအရကို ငါးပါး သီလ ဆယ်ပါးသီလကို ယူရ၏၊ ဥပေါသထကမ္မံအရကို အင်္ဂါ ဥပုသ်သီလကို ယူရ၏။ ထို့ကြောင့် ဒုကနိပါတ် ဇာတ်ဋီကာ၌ သီလံရက္ခိတွာတိ ပဉ္စင်္ဂ ဒသင်္ဂါဒိဝသေန သီလံရက္ခိတွာ–ဟူ ဖွင့်ပြသည်ကို ထောက်၍ သာသနာ၌လည်း ပညာရှိ သူတော် ကောင်းတို့သည် မိမိကိုယ်တိုင်လည်း သီလ ဆောက်တည်ကြ ကုန်၏၊ သူတပါးတို့ကိုလည်း ဆောက်တည်စေကုန်၏–ဟု မှတ် သားရာသည်။

ပြဆိုအပ်ခဲ့ပြီးသော ဥပုသ်သီလတို့၏ အကျိုး တရားများကို ထောက်ဆမြော်ရှု၍ ကောင်းကျိုးတရားကို ခင်မင်လိုလားကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မကျိုး မပေါက် မပြောက်မကျားရအောင် သတိတရား ကြီးမားစွာထား၍ စွဲမြဲအားထုတ်ရာ၏။

သီလကျိုးသည်ဆိုရာ၌ မိမိတို့ စောင့်ထိန်းကြ ကုန်သော သိက္ခာပုဒ်တို့တွင် အစသိက္ခာပုဒ် အဆုံးသိက္ခာပုဒ် အကြောင်း တခုခုကြောင့် ပျက်စီးလျှင် ဆောက်တည်အပ်သော သီလကျိုးသည် ပျက်သည်မည်၏။

စောင့်ထိန်းအပ်သော သိက္ခာပုဒ်တို့၏ အလယ်တပါးပါး ချွတ်ယွင်း ပျက်ပြားလျှင် စောင့်ထိန်း အပ်သော သီလပေါက်သည် မည်၏။

စောင့်ထိန်းအပ်သော သိက္ခာပုဒ်တို့၏ အလယ် (သို့မဟုတ်လျှင်)အစဉ်အတိုင်း မဟုတ်ဘဲ ပြောက်ကျား ပြောက်ကျား ချွတ်ယွင်းပျက်စီးပါက စောင့်ထိန်းအပ်သောသီလ၌ အပြောက်ထင်သည်မည်၏။

ဥပမာ အဒိန္နာဒါန်နှင့် မုသာဝါဒ,အဗြဟ္မစရိယနှင့် သုရာမေရယ သိက္ခာပုဒ်များသည် အပြောက်ထင်သော နွားပမာဖြစ်သည်ဟု မှတ်ရမည်။

စောင့်ထိန်းအပ်သော သိက္ခာပုဒ်တို့၏ နှစ်ပါး, သုံးပါး ဆက်၍ ပျက်ပြားလျှင် နွားကြောင်,နွားကျားကဲ့သို့ သီလကျားသည် မည်၏။

ထို့ကြောင့် ရှေးဆရာတော်ကြီးများက လင်္ကာစပ်ထားသည်မှာ–

ကျိုးပေါက်ပြောက်ကျား၊ ဥပုသ်များတွင်၊ ရှေ့ဖျားအစ၊ နောက်ကသိက္ခာ၊ နှစ်ဖြာပျက်သွေ၊ ကျိုးဆိုလေတော့၊ မဖွေ လယ်ကြား၊ တပါးပါးပျက်၊ ဥပုသ် တွက်ကို၊ အပေါက်ဆို၏၊ ဗဟို လယ်ခြား၊ သိက္ခာ များတွင်၊ ကျိုးကြား ပျိုးပြောက်၊ ယှဉ်းသွေ ဖောက်သော်၊ အပြောက်ခေါ်၏၊ မတော်တဆ၊ တော်တဆနှင့်၊ ရှစ်ဝ ကျင့်ရာ၊ မြတ်သိက္ခာတွင်၊ စဉ်လာမခြား၊ နှစ်သုံးပါးတို့၊ ပျက်ပြားသည်ကို၊ အကျားဆိုသည်၊ ထိုထို ကျမ်းမြတ် အလာတည်း။

ဟု စပ်ဆိုကြသည်။

ကိုယ်ကျင့်တရား ကောင်းမွန်ရေး လေးစားကြကုန်သော သူတော်ကောင်း တို့သည် မိမိစောင့်ထိန်းရမည့် သီလများကို မကျိုးမပေါက် မပြောက်မကျားရအောင် ကောင်းမြတ်သော တရားအာရုံဖြင့် မွေ့လျော်ခြင်း ဟူသော အရိယာသီလ, ဗြဟ္မ သီလ, ဓမ္မသီလများ ဖြစ်နိုင်ရန် အဖန်ဖန် ဖြစ်ပေါ်သော သတိ ဖြင့် နေထိုင်ကြကုန်ရာ၏။

သီလအမျိုးမျိုး ဖွင့်ဆိုခဏ်း ပြီး၏။

## သီလအမျိုးမျိုး၌ လေ့ကျင့်ခဏ်း မေးခွန်း

၁။ ကာလပိုင်းခြား၍ ဥပုသ်ဆောက်တည်ပုံ ဖော်ပြပါ။
၂။ သိက္ခာပုဒ် ကျိုးပျက်ခဲ့သော် တဖန် ဆောက်တည်၍ ရ,မရ။
၃။ သာမဏေတို့ သီလပျက်ခဲ့သော် ကုစားပုံကို ပြဆိုပါ။
၄။ လူတို့ ဆောက်တည်အပ်သော သီလ ဘယ်နှစ်ပါး ရှိသနည်း။
၅။ ကောမာရီသီလဟူသည် အဘယ်နည်း။
၆။ ခြောက်ပါး သီလ ဆောက်တည် လိုသော် ဘယ် သိက္ခာပုဒ်တို့ဖြင့် ဆောက်တည်ရမည်နည်း။
၇။ မြန်မာဘာသာဖြင့် ရှစ်ပါးသီလတောင်းပုံကို ရေး သားပါ။
၈။ ငါးပါးသီလ၌ သိက္ခာပုဒ် တပါး နှစ်ပါးလောက် ဆောက်တည်ကောင်းသလော။
၉။ ရှစ်ပါးသီလ ဆယ်ပါးသီလ တို့၌ နစ္စ ဂီတ စသော စကားတို့ကို ခွဲခြား ဆောက်တည်မှုနှင့် ပေါင်း၍ ဆောက်တည်မှု တို့၏ အကျိုးတရား ထူးခြားချက် ကို ပြပါ။
၁၀။ သိက္ခာပဒံ-ဟူသောပုဒ်၌ သိက္ခာ အရနှင့် ပဒအရ ကွဲပြားအောင် ပြဆိုပါ။
၁၁။ သူတော်ကောင်းတို့၏ အစာအာဟာရ ဘုဉ်းပေးပုံ နှင့် လူတို့၏ အစာအာဟာရ စားကြပုံ ထူးခြား ချက်ကို ဖော်ပြပါ။

၁၂။ သီလနှင့်ကင်း၍ မဂ်ဖိုလ်ကို ရနိုင် မရနိုင် ဖော်ပြပါ။
၁၃။ သာသနာပ ကာလ၌ သူတော်ကောင်း တို့သည် ဘယ်သီလများကို စောင့်ထိန်းပါသနည်း။
၁၄။ ဥပုသ်စောင့်ရာ၌ သီလကျိုးပုံ ပေါက်ပုံတို့ကို ပြည့်စုံအောင် ရေးပါ။

---

## ဒုစရိုက် သင်ကြားခဏ်း

ဒုစရိုက်ဟူသော စကားသည် ဒုစရိတ-ဟူသော ပါဠိမှလာသော ပါဠိပျက်စကားဖြစ်၍ မကောင်းသောအကျင့်ကို ပြုကျင့်ခြင်း ဟူသော အနက်ကို ဟော၏။

မကောင်းကျင့် ဆိုပါက ကောင်းကျင့်ဖြစ်တဲ့ ကုသိုလ်တရားကို ဖျက်ဆီးတတ်သော အကုသိုလ်မှုပင်တည်း။

ဒုစရိုက်မှု အကုသိုလ်မှု ဆိုသည်မှာ သူတော်ကောင်းနှင့် မပေါင်းသင်းရ၍ သူတော်ကောင်းတရားကို မကြားနာရဘဲ မသူတော် လူယုတ် လူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံပြီးလျှင် အကျိုးစီးပွားကို ပျက်ပြားဆုတ်ယုတ်စေနိုင်သော သူမိုက်စကားကိုသာ ကြားရခြင်း၊ အဒေယာနိသော မနသိကာရ-ဟူသော လမ်းမှန်နှလုံးမသွင်းနိုင်ခြင်းကြောင့် အကုသိုလ်ဒုစရိုက်မှုများကို အခါအခွင့်သင့်သလို ကျူးလွန်ခြင်းဖြစ်၏။

### ဒုစရိုက်သရုပ် ပြခြင်း

ဒုစရိုက်သည်....

- ကာယဒုစရိုက်-ကိုယ်ဖြင့်မကောင်းမှုပြုခြင်း၊
- ဝစီဒုစရိုက်-နှုတ်ဖြင့်မကောင်းမှုပြုခြင်း၊

မနောဒုစရိုက်–စိတ်ဖြင့်မကောင်းမှုပြုခြင်း၊ ဤသို့အားဖြင့် ဒုစရိုက်အပြား သုံးပါးရှိလေသည်။

ဒုစရိုက်သည် သတ္တဝါကိုသတ်ခြင်း ပါဏာတိပါတ၊ သူတပါးဥစ္စာကို ခိုးခြင်း အဒိန္နာဒါန်၊ သူတပါး သမီးသား တို့ကို ကျူးလွန်ပြစ်မှားခြင်း ကာမေသုမိစ္ဆာစာရ၊ ဤသို့ အားဖြင့် ကာယဒုစရိုက်သုံးပါး ဖြစ်လာသည်။

သူတပါးအကျိုးပျက်စီးအောင် မဟုတ်မမှန်ပြောကြားခြင်း မုသာဝါဒ၊ ရန့်ရင်းကြမ်းထမ်းသောစကားကိုပြောခြင်း ဖရုသဝါစာ၊ သူနှစ်ယောက်တို့၏ အချစ်ကို ကွဲပြားအောင် ကုန်းချောစကား ပြောကြားခြင်း ပိသုဏာဝါစာ၊ ရတနာ သုံးပါးနှင့်စပ်ဆိုင်သောစကား မဟုတ်ဘဲ တိရစ္ဆာန် အမျိုးအစားစကားကို ပြောခြင်း သမ္ဖပ္ပလာပဝါစာ၊ ဤသည်လျှင် ဝစီ ဒုစရိုက်လေးပါး ဖြစ်ပေသည်။

သူတပါး ပစ္စည်းဥစ္စာကို ငါ့ဥစ္စာဖြစ်လျှင် ကောင်းမှာဘဲဟု မလျော်သော ကြံစည်ခြင်းသည်–အဘိဇ္ဈာ၊ သူတပါး၏ ပစ္စည်းဥစ္စာ အသက်တို့ကို ပျက်စီးအောင်ကြံစည်ခြင်း–ဗျာပါဒ၊ အယူမမှန် ဖောက်ပြန် ပျက်ပြားသော အယူကို မှားသောအားဖြင့် ယူခြင်း–မိစ္ဆာဒိဋ္ဌိ၊ ဤသည်လည်း မနောဒုစရိုက် သုံးပါးဖြစ်သည်။ ဤသို့အားဖြင့် ဒုစရိုက်တရား ဆယ်ပါးဖြစ်သည်။

## ကာယကံသုံးပါး

### ၁–ပါဏာတိပါတ အင်္ဂါကိုပြဆိုခြင်း

သတ္တဝါဖြစ်စေ၊ သတ္တဝါဟု အမှတ်ရှိသည် ဖြစ်စေ၊ စိတ်စေတနာရှိသည် ဖြစ်စေ၊ လုံ့လပြုသည် ဖြစ်စေ၊ လုံ့လကြောင့် သေသည် ဖြစ်စေ၊ အင်္ဂါငါးပါး။

ဆောင်ပုဒ်။ ။သတ္တဝါတဖြာ၊မှတ်သညာနှင့်၊ စိတ္တံတစ၊လုံ့လ တဖန်၊ သေတုန်ပြန်ငြား၊ အင်္ဂါငါး၊ မှတ်သား တိ-ပါဏာ။

ပါဏာတိပါတကံ၏အပြစ်

ပါဏာတိပါတကံ ကျူးလွန်ပါလျှင် သေသည့် အခြားမဲ့၌ အပါယ်သို့လားရတတ်ခြင်း၊အကယ်၍ လူဖြစ်ပြန်လျှင် အတွင်းသို့ခွင်သောခြေရှိခြင်း၊အပြင်သို့ခွင်သော ခြေရှိခြင်း၊ကုန်းခြင်း, ကွခြင်း, ဆွံ့ခြင်း, လက်ချောင်းပူးခြင်း၊ အနာရောဂါများခြင်း၊ အသက်တိုခြင်း- စသည်တို့သည် သူတပါးကို သတ်ခြင်း အပြစ်တို့တည်း။

ပါဏာတိပါတကံ ရှောင်ကြဉ်ပါလျှင်

အင်္ဂါကြီးငယ် ချို့တဲ့ခြင်းမရှိ ပကတိ ပြည့်စုံခြင်း၊ ပြေပြစ်ချောမွန်သော အလုံးအရပ်နှင့် ပြည့်စုံခြင်း၊ စင်ကြယ်တောက်ပသော အရောင်အဆင်း ရှိခြင်း၊ နူးညံ့သော အသားအရေနှင့် ပြည့်စုံခြင်း၊ ခွန်အားဗလ ကြီးမားခြင်း၊ လူအများတို့၏ ချစ်မြတ်နိုးသည်ကို ခံရတတ်ခြင်း၊ ကြောက်ရွံ့ ထိတ်လန့်သော သဘောကင်းခြင်း၊သူတပါးတို့၏ လုံ့လပယောဂကြောင့် မသေမပျောက်ရခြင်း၊ အပိုင်းအခြားမရှိ များစွာသော ပရိသတ်နှင့် ပြည့်စုံခြင်း၊ ရှုကြည့်စဖွယ် တင့်တယ်သော ကိုယ်လုံးသဏ္ဍာန် အရပ်နှင့် ပြည့်စုံရခြင်း၊ အနာရောဂါ ကင်းစင်ခြင်း၊ စိုးရိမ်သောကမရှိရခြင်း၊ချစ်သောသူတို့နှင့် မကွေကွင်းရခြင်း၊အသက်ရှည်ခြင်း-စသည်တို့သည် သူတပါးကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ကောင်းကျိုးစံ တရားများ ဖြစ်ကုန်၏။

## ၂-အဒိန္နာဒါန်အင်္ဂါ

အဒိန္နာဒါန်ဆိုသည် သူတပါးပိုင် ဥစ္စာဖြစ်၍ ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော ဥစ္စာကိုယူခြင်းသည် အဒိန္နာဒါန်ကံထိုက်၏ဟု ဆိုသော်လည်း တိရစ္ဆာန်တို့၏ ဥစ္စာပစ္စည်း, ပြိတ္တာတို့၏ ဥစ္စာပစ္စည်းတို့ကိုယူခြင်း,သိုက်တူး၍ ယူခြင်းသည် အဒိန္နာဒါန်ကံမထိုက်ကြောင်းလာ၏။ ။အင်္ဂါကိုစွဲပြရသော်–

၁။ သူတပါး သိမ်းဆည်းအပ်သော ဥစ္စာအဖြစ်။

၂။ သူတပါးတို့ သိမ်းဆည်းထားအပ်သော ဥစ္စာဟု အမှတ်ရှိသည်၏ အဖြစ်။

၃။ ခိုးလိုယူလိုသော စိတ်ရှိသည် အဖြစ်။

၄။ လုံ့လပြုခြင်း။

၅။ လုံ့လဖြင့် ကံမြောက်အောင် ယူခြင်း၊

**ဆောင်ပုဒ်။** ။သူ့ဥစ္စာဖြစ်၊ မှတ်လစ်တမျိုး၊ ခိုးလိုစိတ်ရှိ၊ပြုဘိလုံ့လ၊ ခိုးဆောင်က၊ ငါးဝအဒိန္နာ။

### သူတပါးဥစ္စာ ခိုးယူခြင်း၏အပြစ်

သေသည်၏အခြားမဲ့၌ အပါယ်ဘုံသို့ လားရခြင်း၊ အကယ်၍ လူအဖြစ်ကိုရသော်ငြားလည်း ရန်သူမျိုးငါးပါး နှိပ်စက်၍ ဥစ္စာပစ္စည်း ပျက်စီးပြုန်းတီးရခြင်း၊ လူမွဲ, လူတော, လူလေ, လူလွင့်ဖြစ်ရခြင်း၊ကြမ်းထမ်းသော ကိုယ်မှု,နှုတ်မှု ရှိသူတို့နှင့်သာ တွေ့ရတတ်ခြင်း စသည်တို့သည် သူတပါးဥစ္စာကို ခိုးခြင်း၏အပြစ်တို့တည်း။

### သူတပါးဥစ္စာမခိုးခြင်း၏အကျိုး

ရွှေ,ငွေစသော ပစ္စည်းဘဏ္ဍာ စပါး ဆန်ရေ အထွေထွေသော ဥစ္စာတို့နှင့် ပြည့်စုံခြင်း၊မဖြစ်ဘူးမြဲ ထူးကဲသော စည်းစိမ်

ချမ်းသာတို့၏ ဖြစ်ပေါ်လာရခြင်း၊ ဖြစ်ပြီးသော စည်းစိမ်ချမ်းသာလည်း မြဲမြံစွာ တည်တံ့ရခြင်း၊ လူအများတို့ထက် ဂုဏ်အားဖြင့် မြင့်မြတ်ခြင်း၊ နှလုံးစိတ်ဝမ်း ချမ်းမြေ့သာယာစွာ နေရခြင်း၊ အလိုရှိသော ပစ္စည်းဥစ္စာတို့ကို လျင်မြန်စွာရခြင်း၊ ရန်သူမျိုးငါးပါးတို့ကြောင့် ပျက်ပြားခြင်း မရှိရခြင်း၊ သိမ်မွေ့နူးညံ့သော ကိုယ်မှု နှုတ်မှု စိတ်မှုရှိသူတို့နှင့်သာ တွေ့ရတတ်ခြင်း စသည်တို့သည် သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၏ အကျိုးတို့တည်း။

## ၃-ကာမေသုမိစ္ဆာစာရကံ

သူတော်ကောင်းတို့သည် မလိုလားအပ်သော ဝတ္ထု ကာမဂုဏ်တို့၌ စင်စစ် ကဲ့ရဲ့ အပ်သော မသွားလာ အပ်သော အရာဌာန၌ ကာယဒွါရဖြင့် လွန်ကျူးသော စေတနာသည် ကာမေသုမိစ္ဆာစာရ မည်၏။

### ကာမေသုမိစ္ဆာစာရ အင်္ဂါ ပြခြင်း

၁။ မသွားလာကောင်းသောမိန်းမဖြစ်ခြင်း၊
၂။ မှီဝဲလိုသောစိတ်ရှိခြင်း၊
၃။ မှီဝဲလိုမှုဖြင့် လုံ့လပြုခြင်း၊
၄။ မဂ်သို့ရောက်၍သာယာခြင်း။

ဆောင်ပုဒ်။ ။အဂမနီယ၊ သေဝနစိတ္တံ၊ ပယောဂံတဝ၊ မဂ္ဂပဋိပန်၊ အင်လေးတန်၊ မှတ်ရန်ကာမေသု။

### ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ပြစ်

သေသည်၏ အခြားမဲ့၌ အပါယ်သို့ လားရခြင်း၊ ဖြစ်လေရာရာဘဝတို့၌ ရန်သူပေါများခြင်း၊ အရေမရှိသောပြိတ္တာဖြစ်၍

ကျိုး–လင်းတတို ထိုးဆွ နှိပ်စက်သည်ကို ခံရခြင်း၊ နပုံးပဏ္ဍုက် ဖြစ်ရခြင်း၊ ဆင်းရဲစွာ အိပ်ရခြင်း၊ နိုးရခြင်း၊ မပြည့်စုံသော ကိုယ်အင်္ဂါရှိခြင်း၊ စိတ်နှလုံး မချမ်းသာရခြင်း စသည်တို့သည် မသွားလာ အပ်သော မိန်းမတို့၌ သွားလာခြင်း၊ မိမိလင် ယောကျ်ားမှ အခြားသော ယောကျ်ား တို့နှင့် ပျော်ပါးခြင်း အပြစ်တို့တည်း။

ကာမေသုမိစ္ဆာစာရကံ ရှောင်ကြဉ်ရကျိုး

ရန်သူ ဟူ၍ တစုံတယောက်မျှ မရှိခြင်း, ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ကြည်ဖြူချစ်ခင်ခြင်း, စားဘွယ်သောက်ဘွယ် ဝတ်ရုံဘွယ်တို့နှင့်တကွ အိပ်ရာနေရာ စသည်တို့ကို အလိုရှိတိုင်း ရနိုင်ခြင်း, မပင်မပန်း ချမ်းမြေ့သာယာစွာ အိပ်စက်ရခြင်း, နိုးကြားရခြင်း, အပါယ်ဘေးမှ ကင်းဝေးရခြင်း, မိန်းမနပုံး လုံးလုံး မဖြစ်ရခြင်း, အမျက်ဒေါသ ကင်းပနည်းပါးခြင်း, လည်တိုင်အောက်ကျ မရှိရခြင်း, မျက်နှာအောက်ကျ မရှိရခြင်း, မယားနှင့်လင် ကြင်နာချစ်ခင်ခြင်း, ချွတ်ယွင်းခြင်းမရှိ ပြည့်စုံသော အင်္ဂါရှိခြင်း, စိတ်နှလုံး ချမ်းသာစွာ နေရခြင်း စသည်တို့ကား မသွားလာ အပ်သော မိန်းမတို့၌ သွားလာခြင်း, ခင်ပွန်း ယောကျ်ားမှတပါး အခြားသော ယောကျ်ားတို့နှင့် ပျော်ပါးခြင်းမှ ရှောင်ကြဉ်ရခြင်း၏ အကျိုးတို့တည်း။ ။ဤသည်လျှင် ကာယကံသုံးပါးအဖွင့် ပြီး၏။

ပိုင်ဆိုင်သူရှိသော မိန်းမ တကျိပ်

ဥစ္စာဖြင့်ဝယ်ယူအပ်သောမိန်းမ။
မိန်းမယောကျ်ား နှစ်ဦးသားတို့ သဘောဆန္ဒ တူညီမျှ၍ နေထိုင်ကြသောမိန်းမ။

အိမ်၏အဆောက်အဦဖြစ်သော ကုတင်–ကုလားထိုင်–ဘီရို စသည်ကိုရခြင်းကြောင့်နေသောမိန်းမ။
အင်္ကျီ–တဘက် စသော အဝတ်အထည်ရမှုကြောင့် နေသော မိန်းမ။
ရေခွက်၌ လက်ဆုံချပြီးလျှင် ဤရေကဲ့သို့ နောက်နောင် အခါ မကွဲမပြား နှီးနှောဆက်ဆံ ရပါစေသားဆို၍ သိမ်းပိုက်အပ်သောမိန်း။
ဆင်းရဲသောမိန်းမတို့ကိုတွေ့မြင်၍ ဆင်းရဲမှလွတ်မြောက်ရန် ကယ်ဆယ်သောအနေဖြင့် အိမ်၌နေစေသောမိန်းမ၊
ကျွန်တလှည့် မယားတလှည့် နေစေသောမိန်းမ။
အခစားအမှုလုပ်ကို မယားပြုထားသောမိန်းမ။
စစ်မြေပြင်အရပ်မှ ယူဆောင်ခဲ့သောမိန်းမ။
အခိုက်အတန့် ပေါင်းဖော်သော ပြည့်တန်ဆာ မိန်းမ အားဖြင့် တကျိပ်ရှိ၏။

### ပိုင်ဆိုင်သူမရှိသော မိန်းမတကျိပ်

မိခင် စောင့်ထိန်းထားသော မိန်းမ။
ဘခင် စောင့်ထိန်းထားသော မိန်းမ။
မိဘနှစ်ပါး စောင့်ထိန်းထားသော မိန်းမ။
မောင်ကြီး–မောင်ငယ် စောင့်ထိန်းထားသော မိန်းမ။
အစ်မကြီး အစ်မငယ် ညီမတို့ စောင့်ထိန်းထားသော မိန်းမ။
ဆွေမျိုး စောင့်ရှောက်သော မိန်းမ။
အမျိုးအနွယ် စောင့်ရှောက်သော မိန်းမ။
အတူတကွ တရားအားထုတ်ဘက်, သတင်းသည် စောင့်ရှောက်သော မိန်းမ။

ပဋိသန္ဓေ အခါကပင် ရည်ရွယ်မှန်းထားပြီးသားဖြစ်၍ အမြဲ အစဉ် စောင့်ရှောက်လာသော မိန်းမ။ (၀၁) ဤသူနှင့်ဤသူ ပေးစားထိမ်းမြားအံ့ဟု မှန်းထားပြီးဖြစ်၍ အယုတ်ဆုံးအားဖြင့် ပန်းကုံးဖြင့်ရံထားပြီးလျှင် အစောင့်အရှောက်နှင့်တကွဖြစ်သော မိန်းမ။

ဤမိန်းမအား လွန်ကျူး သွားလာသူကို မင်း စသည်တို့က ဤမျှသော အပြစ်ဒဏ်ရှိစေဟု ဒဏ်နှင့်တကွထားသော မိန်းမ။

ဤသည်လျှင် မိန်းမနှစ်ကျိပ် အကျဉ်းဖော်ပြခြင်းဖြစ်သည်။

ဆိုအပ်ခဲ့ပြီးသော မိန်းမ နှစ်ကျိပ်တို့တွင် ပိုင်ဆိုင်သူ လင်ယောကျ်ားရှိပြီးသားဖြစ်သော မိန်းမတကျိပ်နှင့် တပါးသောသူ ရည်မှန်းပြီးသား မိန်းမ၊မင်းဒဏ်တပ်ထားသော မိန်းမအားဖြင့် တကျိပ် နှစ်ယောက်သော မိန်းမတို့သည် အခြားကုန်သော ယောကျ်ားတပါးတို့နှင့် ကျူးလွန်သွားလာပါက ပိုင်ရှင်ရှိသည်ကို ဖျက်ဆီးရာရောက်၍ ကာမေသုမိစ္ဆာစာရကံထိုက်၏။

ယောကျ်ားများ အဘို့မှာ မိန်းမတို့၏ (၀၁) မိန်းမအားလုံးတို့ကို ကျူးလွန် ကျော်နင်းခဲ့သော ကာမေသုမိစ္ဆာစာရကံထိုက်၏၊ ကာမေသုမိစ္ဆာစာရကံသည် အလွန်အပြစ်ကြီး၏။

သီလရှိသော သူတော်ကောင်းအား ပြစ်မှားမိပါက အပါယ်လေးပါး ကျဆင်းရ၏၊ဘိက္ခုနီ အသွင်အပြင်ရှိကုန်သော သီလရှင်,ရသေ့မ,ယောဂီမတို့ကို ဗလက္ကာရပြုကျင့်ပါလျှင် အနန္တရိယကံနှင့်တူသော ကြီးမားသော ဂရုကံ ထိုက်နိုင် ပေကြောင်း သံသရာ ကျင်လည်ရာ ဘ၀များစွာတို့၌လည်း ဝေးစေ့ထုတ်၍ သင်းကွပ်ခံရခြင်း၊ အနူအဝဲစသော လူချင်းမတူ ဖြစ်ရခြင်း၊

နပုံးပဏ္ဍုက်ဖြစ်ရခြင်းစသော အလိုမရှိအပ်,မနှစ်သက်အပ်သော အဖြစ်မျိုးနှင့်သာ ကြုံတွေ့ရ၍ ဆင်းရဲဒုက္ခ များလှပေကုန်၏။

## ဝစီကံလေးပါး

### မုသာဝါဒကံ အင်္ဂါကိုပြခြင်း

သူတပါး အကျိုးစီးပွားကို ဆုတ်ယုတ်စေတတ်သော ကိုယ် အမူအရာ,နှုတ်အမူအရာကို ဖြစ်စေတတ်သော စေတနာကံသည် မုသာဝါဒကံမည်၏။

၁။ မဟုတ်မမှန်သော ဝတ္ထုဖြစ်ခြင်း။
၂။ ချွတ်ယွင်းစေလိုသော စိတ်ရှိခြင်း။
၃။ ချွတ်ယွင်းခြင်း အားလျော်စွာ လုံ့လရှိခြင်း။
၄။ အနက်အဓိပ္ပါယ်ကို သိခြင်း။

ဤအင်္ဂါ လေးပါးနှင့် ပြည့်စုံလျှင် သူတပါးအား အနည်း ငယ်သော အကျိုးဖျက်ဆီးပါလျှင် မုသာဝါဒကံထိုက်၏။

ဆောင်ပုဒ်။ ။မမှန်ဝတ္ထု၊လှည့်စားမှု စိတ်နေ၊ပယောဂတဝ၊
အတ္ထဇာနနာ၊ဤလေးဖြာ၊မုသာဝါဒဖြစ်။

### လိမ်လည်အပြစ်များ

သေသည်၏အခြားမဲ့၌ အပါယ်ဘုံသို့လားရခြင်း၊ ဖြစ်လေ ရာရာဘဝတို့၌ သူတပါး စွပ်စွဲသည်ကိုခံရခြင်း၊ ကြည်လင်သော ဣန္ဒြေမရှိခြင်း,အသံမကောင်းခြင်း, သွားမလှခြင်း,မိမိစကားကို မယုံကြည်ကြခြင်း, မိမိစကားကို နားမထောင်ကြခြင်း, ခံတွင်း အနံ့မကောင်းခြင်း, လျှာသေးခြင်းစသည်တို့ကား မဟုတ်မမှန် သော စကားကို ပြောဆိုခြင်း၏ အပြစ်တို့တည်း။

## လိမ်လည်မှုရှောင်ကြဉ်ရခြင်းအကျိုး

သန့်ရှင်းကြည်လင် ရှင်ပြသော ဣန္ဒြေရှိခြင်း၊ သန့်ရှင်းချိုသာသော အသံနှင့် ပြည့်စုံခြင်း၊ နှစ်သက်သဘွယ် စင်ကြယ်ဖြူဖွေးသော သွားရှိခြင်း၊ ဆူကြုံနိမ့်မြင့်သော အပြစ်မှကင်းလွတ်ရခြင်း၊ နူးညံ့ပျော့ပျောင်း ကောင်းသော အကျင့်နှင့်ပြည့်စုံခြင်း၊ မိမိအလိုသို့ လိုက်နာကြသော ပရိသတ်နှင့် ပြည့်စုံခြင်း၊ မိမိစကားကို လူအများတို့ အားထားယုံကြည်ကြခြင်း၊ ကြာညိုပန်းအနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင် လှိုင်သော ခံတွင်းအနံ့ ရှိခြင်း၊ ကြာချပ်, ကြာရွက်အလား နူထွား နီမြန်းသည်ဖြစ်၍ ကြီးပြန့်သော လျှာနှင့် ပြည့်စုံခြင်း စသည်တို့ကား မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ အကျိုးတို့တည်း။

### ပိသုဏာဝါစာအင်္ဂါကို ပြခြင်း

အချင်းချင်း ပြိုကွဲပျက်စီးအောင် မုန်းတီး ရန်ဖြစ်အောင် ပြောဆိုသည်ဖြစ်၍ ပြောဆိုတိုင်း ထမြောက်အောင် ပြုခဲ့သော် ပိသုဏဝါစာကံ ထိုက်၏။

၁။ ကွဲပြားအောင်ရည်ရွယ်ခြင်း၊

၂။ တဖက်သားက မိမိ၌ခင်မင်လာစေလိုခြင်း၊

၃။ ကွဲပြားအောင်လုံ့လပြုခြင်း၊

၄။ အပြောခံရသူသည်အနက်အဓိပ္ပါယ်သိခြင်း၊

ဆောင်ပုဒ်။ ။ကွဲပြားအပ်ဝတ္ထု၊ ရှေ့ရှုစိတ်နေ၊ ကွဲပြားစေနှင့်၊
ပယောဂဝါယာမ်၊ နက်သိပြန်၊ မှတ်ရန်ပိသုဏာ။

### ကုန်းတိုက်စကား ပြောကြားခြင်း အပြစ်

သေသည်၏ အခြားမဲ့၌ အပါယ်ဘုံသို့ လားရခြင်း၊ သား သမီး သားမယား သားလင်ခင်ပွန်း တပည့်သားမြေး စသော အခြွေ အရံ ပရိသတ် တို့နှင့် ကွဲပြား ရခြင်း၊ သွားကျဲခြင်း၊ သွားမပြည့်စုံခြင်း စသည်တို့ကား ချောပစ် ကုန်းတိုက် ခြင်း၏ အပြစ်တို့တည်း။

### ကုန်းတိုက်စကား မပြောကြားခြင်း အကျိုး

သူတပါးတို့၏ လှုံ့လပယောဂကြောင့် မပျက်စီးမသေကြေ နိုင်သော ကိုယ်ခန္ဓာနှင့် ပြည့်စုံခြင်း၊ တပည့် သားမြေး သား မယား သားလင် ခင်ပွန်း စသော အခြွေအရံ ပရိသတ်တို့ မပျက်မကွဲ အမြဲတည်တံ့နိုင်ခြင်း၊ မိတ်ဆွေတို့နှင့် ဘယ်အခါမှ မကွဲ မြဲမြံသော အဆွေခင်ပွန်း ရှိခြင်း၊ အမျှ လေးဆယ်သော သွား မကျဲသောသွားတို့နှင့် ပြည့်စုံခြင်း စသည်တို့သည် ချော ပစ်ကုန်းတိုက်ခြင်း စသည်တို့မှ ရှောင်ကြဉ် ခြင်း၏ အကျိုး တို့တည်း။

### ဖရုသဝါစာအင်္ဂါကို ပြခြင်း

မိမိ သည်ရင်း သူတပါး သည်ရင်း နားမချမ်းသာအောင် စိတ်မချမ်းသာအောင် ကြမ်းထမ်းသော စကား ပြောကြား ခြင်းသည် ဖရုသဝါစာခေါ်၏။

ကြမ်းထမ်းသော စကား ဆိုရာမှာ အကျိုးလို၍ မိဘဆရာ သမားတို့က တပည့်သားမြေးများကို ကြမ်းထမ်းသော စကား ပြောကြားခြင်းသည် ဖရုသဝါစာ မဖြစ်၊ အဘယ်ကြောင့် ဆို သော် စိတ်ထားနူးညံ့သောကြောင့်တည်း။

၁။ သူတပါးကိုဆဲရေးခြင်း၊
၂။ အမျက်ထွက်သောစိတ်ရှိခြင်း၊
၃။ ဆဲရေးခြင်းဆယ်ပါးဖြင့်ဆဲခြင်း၊

ဆောင်ပုဒ်။ ။ဆဲရေးအပ်သူ၊ ထွက်မှုအမျက်၊ ဆယ်ချက်မူရာ၊ ကြောင်းခြင်း ရာတွင်၊ တပါးပင်၊ ဆဲလျှင် ဒုစရိုက်ဖြစ်။

## ဆဲရေးပုံဆယ်မျိုးပြခြင်း

| မြတ်သောဆဲရေးပုံ | ယုတ်မာသောဆဲရေးပုံ |
|---|---|
| နင်တို့ကမင်းမျိုးဘဲ၊ | နင်တို့ကသူတောင်းစားဘဲ၊ |
| နင်တို့ကလူလိမ်မာလူလယ်၊ | နင်တို့ကလူညံ့လူအ၊ |
| နင်တို့ကသူတော်ကောင်း၊ | နင်တို့ကလူယုတ်မာ၊ |
| နင်တို့ကကုန်သည်ပွဲစား၊ | နင်တို့ကတပါးကျွန်အစေခံ၊ |
| နင်တို့ကဝတ်လုံရှေ့နေ၊ | နင်တို့ကလက်သမားပရံစသည်၊ |
| နင်တို့ကဖျားနာသူ၊ | နင်တို့ကနူနာရောဂါရှိသူ၊ |
| နင်တို့ကအလုံးအရပ်ကောင်းသူ၊ | နင်တို့ကလူပုကလေး၊ |
| နင်တို့ကလောဘနည်းသူ၊ | နင်တို့ကတဏှာအိုးကြီး၊ |
| နင်တို့ကအပြစ်စင်ကြယ်သူ၊ | နင်တို့ကအပြစ်ကြီးတွေနှင့်၊ |
| နင်တို့ကပညာရှိ၊ | နင်တို့ကတိရစ္ဆာန်ဘဲ၊ |

ဤသို့အားဖြင့် ဆဲရေးခြင်း ၁၀–ပါးကို မှတ်သားရာ၏။

## ဆဲတတ်သူ၏ အပြစ်များ

သေသည်၏ အခြားမဲ့၌ အပါယ်ဘုံသို့ လားရောက်ရခြင်း၊ ဤဘဝတွင် အရိယူပဝါဒကံ ထိုက်တတ်ခြင်း၊ မရ သေးသော

စည်းစိမ်ဥစ္စာကို မရနိုင်ခြင်း၊ ရပြီးသောစည်းစိမ်မှ ဆုတ်ယုတ်ခြင်း၊ ပြင်းထန်သော အနာရောဂါတို့ရခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ ရူးသွတ်ခြင်း၊ ဖြစ်လေရာရာဘဝတို့၌ ဖွဲ့သောလျှာရှိခြင်း၊ လျှာတိုခြင်း၊ လျှာနှစ်ခွရှိခြင်း၊ အခြင်း၊ ဆွံ့ခြင်း၊ အသံကွဲခြင်း၊ အသံအခြင်း၊ မိမိစကားကို သူတပါး နားမထောင်လိုခြင်း စသည်တို့သည် လွှသွားပမာ ကြမ်းထမ်း ယုတ်မာသော စကားကို ပြောဆိုခြင်း၏ အပြစ်များပင်ဖြစ်၏။

မဆဲရေးတတ်သူ၏ အကျိုး

ရဟန်းရှင်လူ ခပ်သိမ်းသူတို့၏ ကြည်ဖြူ ချစ်ခင်ခြင်း, သူခပ်သိမ်းတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေခြင်း, နားချမ်းသာဘွယ်ရာ ချိုသာမြသောစကားရှိခြင်း, သူတကာတို့၏ နှစ်မျိုးချီးမွမ်းခြင်းကိုခံရခြင်း, နူးညံ့သိမ်မွေ့သည်ဖြစ်၍ ကြီးပြန့်သောလျှာရှိခြင်း, သာယာသောအသံရှိခြင်း စသည်တို့သည် လွှသွားပမာ ကြမ်းထမ်းယုတ်မာသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရခြင်း၏ အကျိုးများပေတည်း။

သမ္ဖပ္ပလာပဝါစာကို ပြခြင်း

ရတနာသုံးပါး ဂုဏ်ကျေးဇူးနှင့် ကုသိုလ် ပညာ ဥစ္စာတို့၏ အကျိုးစီးပွား ဖြစ်ထွန်းမှုမှ အပ ဖြစ်သော ယုတ်ညံ့ သိမ်ဖျင်းသော အရပ်စကား ဈေးစကား ကလေးစကား အစရှိသည်တို့ကို ပြောကြားခြင်းသည် သမ္ဖပ္ပလာပဝါစာမည်၏။

အကျဉ်းချုပ်မှာ....မင်္ဂဖိုလ်နိဗ္ဗာန် အကျိုး စီးပွားမှ အပ ဖြစ်သော စကားများကို ပြောကြားခြင်းသည် သမ္ဖပ္ပလာပဝါစာ မည်တော့၏။ သမ္ဖပ္ပလာပဝါစာသည် သိမ်မွေ့သော

ဒုစရိုက်မှုဖြစ်၍ လွယ်လွယ်ကူကူနှင့်ပင် ကျူးလွန်တတ်၏။ သတိ အလွန်ရှိမှ တော်ပေသည်။

ဆောင်ပုဒ်။ ။အကျိုးမဲ့စကား၊ ရှေ့ရှုထား၍၊ အကျိုးမဲ့တွေ၊ ပြောဆိုနေ၊ အငေ်နှင့်ဝ၊ သမ္ဖပ္ပ။

### အကျိုးမရှိစကား ပြောကြားက အပြစ်ရှိပုံ

သေသည်၏အခြားမဲ့၌ အပါယ်ဘုံသို့ လားရခြင်း, ဖြစ်လေရာရာ ဘဝတို့၌ ချိုင့်ခွက်သော မေးရှိခြင်း, ကောက်သော မေးရှိခြင်း,ချိုင့်သောမေးရှိခြင်း, မိမိစကားကို သူတပါးတို့က မယုံကြည်ကြခြင်း, နားမထောင်လိုခြင်း စသည်တို့သည် ဟုတ်မှန်သော အနက်ဒြပ်မှကင်း၍ ညံ့ဖျင်းသော စကားပြောဆိုခြင်း၏ အပြစ်ပေတည်း။

### အကျိုးမရှိစကား မပြောကြားက ရအပ်သောအကျိုး

ရဟန်းရှင်လူခပ်သိမ်းသူတို့၏ကြည်ဖြူချစ်ခင်ခြင်း,သူခပ်သိမ်းတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေခြင်း, ကျောက်ထီးတန္တု အလေးအမြတ် ပူသည်ကိုခံရခြင်း, ချီးမွမ်း မြှောက်စားသည်ကို ခံရခြင်း, မနှိုင်းယှဉ်အပ်သော လာဘ်လာဘရှိခြင်း, ကြီးမားသော ဘုန်းတန်ခိုး အာနုဘော်ရှိခြင်း, တခဏချင်း ထိုးထွင်း၍ သိစွမ်းနိုင်သော အသိအလိမ္မာ ဉာဏ်ပညာရှိခြင်း, အမေးပုစ္ဆာ ပြဿနာတို့ကို လွယ်ကူစွာ ပြောကြားနိုင်ခြင်း, ဘုရားအဖြစ်ကို ရနိုင်သည်ဖြစ်၍ များစွာသောဘာသာစကားကို ပြောဆိုသူတို့၏ အရာမကသော အမေးပုစ္ဆာတို့ကို တခွန်းတည်းသောစကားဖြင့် ပြောကြားဖြေဆိုနိုင်ခြင်း, ခြင်္သေ့၏မေးနှင့်တူသော မေးရှိခြင်း, မိမိစကားကို လိုက်နာ နားထောင်ကြခြင်း စသည်တို့သည်

ဟုတ်မှန်သော အနက်ဒြပ်မှုကင်း၍ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရခြင်း၏ အကျိုးတို့ပေတည်း။

ဤသည်လျှင် ဝစီကံလေးပါး အဖွင့်ပြီး၏။

## မနောကံသုံးပါး

မနောကံ သုံးပါးတွင် အဘိဇ္ဈာဆိုသည်မှာ လောဘတဏှာ ရှေ့ထား၍ သူတပါး ပစ္စည်းဥစ္စာသို့ စိတ်ကိုင်းညွတ်လျက် ငါ့ ဥစ္စာဖြစ်လာမူ ကောင်းမှာဘဲဟု ကြံစည် အောက်မေ့ခြင်းသည် အဘိဇ္ဈာမည်၏။

၁။ သူတပါး ဥစ္စာဖြစ်ခြင်း။
၂။ မိမိဥစ္စာဖြစ်ရန် စိတ်ညွတ်ခြင်း။

ဆောင်ပုဒ်။ ။သူတပါးပစ္စည်း၊ လိုရမက်ကြီး၍၊ ငါ့ပစ္စည်း စိတ်နေ၊ ကြံစည်ပေက၊ နှစ်ဝအင်္ဂါ၊ ပြည့်စုံလာ၊ မှန်စွာ အဘိဇ္ဈာဖြစ်။

### အဘိဇ္ဈာဖြစ်က မကောင်းကျိုးရပုံ

အလိုရှိအပ်သော ဝတ္ထုဟူသမျှကို မရနိုင်ခြင်း, မွန်မြတ်သော စည်းစိမ်ချမ်းသာတို့ကို ခံစားလိုသော စိတ်မရှိခြင်း, မင်း ပုဏ္ဏား စသည်တို့၏ ကဲ့ရဲ့ရှုတ်ချသည်ကိုသာ ခံရတတ်ခြင်း, ရန်သူတပါး တို့ တင်စားနှိပ်စက်သည်ကို ခံရတတ်ခြင်း, မျက်စိစသော အင်္ဂါ ချို့တဲ့ခြင်းစသည်တို့ကား သူတပါးစည်းစိမ်ဥစ္စာကို ငါ့စည်းစိမ် ဥစ္စာဖြစ်ပါမူကား ကောင်းလေစွဟု ရှေ့ရှုကြံခြင်း၏ အပြစ် တို့တည်း။

### အဘိဇ္ဈာမဖြစ်ပါက ကောင်းကျိုးရ

အလိုရှိသမျှရနိုင်ခြင်း, မွန်မြတ်သော စည်းစိမ်ချမ်းသာတို့ကို ခံစားလိုသော ဆန္ဒရှိခြင်း, ရန်သူတပါးတို့သည် မိမိအား မနှိမ် နင်းနိုင်ခြင်း,မျက်စိစသော အင်္ဂါနှင့်ပြည့်စုံခြင်း,သူတကာတို့နှင့် မတူခြင်း စသည်တို့သည်ကား သူတပါး စည်းစိမ်ဥစ္စာကို ငါ့ စည်းစိမ်ဥစ္စာ ဖြစ်ပါမူကား ကောင်းလေစွဟု ရှေးရှုမကြံခြင်း၏ အကျိုးတို့တည်း။

မနောကံသုံးပါးတွင် ဗျာပါဒဆိုသည်မှာ သူတပါး၏စီးပွား ချမ်းသာကို ပျက်စီးစေရန် ရှေးရှုကြံစည်ခြင်း သဘောပင် ဖြစ်၏။

၁။ တပါးသူ ဖြစ်ခြင်း။

၂။ သူတပါး၏ ပျက်စီးခြင်းကို ကြံခြင်း။

ဆောင်ပုဒ်။ ။သတ္တဝါတပါး၊ ပျက်လိုငြား စိတ်နေ၊ ကြံစည် လေ၊ အင်္ဂါနှစ်ရပ်၊ဗျာပါဒတ်။

### သူတထူးအကျိုးမဲ့ရန်ကြံစည်လျှင်အပြစ်ရှိပုံ

သူတကာတို့ မနှစ်မျို့ခြင်း, လူတကာတို့ ကဲ့ရဲ့ ရှုတ်ချသည် ကိုသာ ခံရတတ်ခြင်း, သူတကာတို့၏ အကျိုးကို မသည်ပိုး လိုခြင်း, တန်ခိုးအာနုဘော် မရှိခြင်း, မေတ္တာတရား နည်းပါး ခြင်း, လွှသွားပမာ လွန်စွာ ကြမ်းကြုတ်သော စိတ်နှလုံး ရှိတတ်ခြင်း–စသည်တို့ကား သူတပါးတို့ ပျက်ပြားသေကြေက တော်လေစွဟု စိတ်ကကြံခြင်း၏ အပြစ်တို့တည်း။

မနောကံသုံးပါးတွင် မိစ္ဆာဒိဋ္ဌိဆိုသည်မှာ နည်းမှန်လမ်းမှန် ဖြစ်တဲ့အယူကို မယူလိုဘဲ ဖောက်လွဲဖောက်ပြန် အကျင့်မမှန် နည်းလမ်းမမှန်သည်ကို ယူတတ်သော သဘောတရားဖြစ်၏။

၁။ ဝတ္ထု၏ ယူအပ်သော အခြင်းအရာမှ ဖောက်ပြန်သည်၏ အဖြစ်။

၂။ အကြင် အခြင်းအရာဖြင့် ထိုဝတ္ထုကို ယူ၏၊ ထိုယူသောအခြင်းအရာဖြင့် မမှန်သည်ကို ရှေ့ရှုတင်ခြင်း။

## ဖောက်ပြန်သောအယူကိုယူပါက အပြစ်

ချစ်သားတို့ မှားယွင်းသော မိစ္ဆာအယူသည် အပြစ်များသကဲ့သို့ အပြစ်များသော အခြားတရားတပါးကို ငါဘုရားမြင်တော်မမူဟု (ကောဂုတ္တရ ပါဠိတော်)၌ ဟောတော်မူရကား မှားယွင်းသောမိစ္ဆာအယူသည် မှည်မျှလောက် အပြစ်များသည်ဟု မည်သူ တစုံတယောက်မျှ ဟောကြားနိုင်ဘွယ် မရှိချေ။ (တနည်းကား)မှန်ကန်သော သမ္မာဒိဋ္ဌိအကျိုး၏ ဆန့်ကျင်ဘက်ဖြစ်သော အပြစ်တို့သည် မှားသော မိစ္ဆာဒိဋ္ဌိအယူ၏ အပြစ်တို့ဟူ၍ မှတ်အပ်၏။

## အယူဖောက်ပြန်မှုကို ရှောင်ကြဉ်ရကျိုး

ဖြစ်လေရာရာဘဝတို့၌ အဆွေခင်ပွန်းတို့ကိုရခြင်း, ဦးခေါင်းအဖြတ်ကို ခံရသော်လည်း မကောင်းမှုကို မပြုလိုခြင်း, ကံသာလျှင် ဥစ္စာရှိသည်ဟု မြင်ခြင်းကြောင့် ပြဿဒါး-ရက်ရာဇာ ရွေးခြင်း စသော ကောတုဟလ မင်္ဂလာကို မလိုက်စားခြင်း, သူတော်ကောင်း တရား၌သာ အခါခပ်သိမ်း တည်တံ့ခြင်း စသည်တို့သည် မှန်ကန်သော (သမ္မာဒိဋ္ဌိ) အယူကို ယူခြင်း၏ အကျိုးတို့တည်း။ ။ဤကား ဆယ်ပါး ကုန်သော ဒုစရိုက် သုစရိုက်တရားတို့၏ အကျိုးအပြစ်တို့ဖြစ်ကုန်၏။

ဤပြဆိုအပ်ခဲ့ပြီးသော ဒုစရိုက်ကို ရှောင်ကြဉ်၍ သုစရိုက်တို့ကို တိုင်းပြည်ခေါင်းဆောင် အစိုးရအဖွဲ့ဝင်တို့သည် ကျင့်ကြံပါက အားလုံးသော အမှုထမ်း အရာထမ်း တို့သည် လိုက်နာကြကုန်၏။ အမှုထမ်း အရာထမ်းတို့ လိုက်နာပါက ရဟန်းသာမဏေတို့လည်း လိုက်နာကုန်၏။ ရဟန်းသာမဏေတို့ လိုက်နာပါက တိုင်းသူပြည်သားတို့ လိုက်နာ ကြကုန်သည် ရှိသော် သင့်တင့်လျောက်ပတ်သော အခါ၌ (၇)ရက်တကြိမ် (၁၅)ရက်တကြိမ် ညဉ့်အခါ၌သာ မိုးရွာသွန်းသဖြင့် တိုင်းပြည်နိုင်ငံကြီးသည် ချမ်းသာယာ စည်ကားဝပြောလျက် ရှိနိုင်ပေ၏။

အကြင်အခါကာလ၌ တိုင်းပြည်ခေါင်းဆောင်များနှင့်တကွ တိုင်းသူပြည်သား အရာထမ်း အမှုထမ်း တို့သည် တရားမကျင့်ကြကုန်၊ ထိုအခါ၌ မိုးကောင်းစွာ မရွာ၊ အချို့ နေရာမှာ အလျှင်းမရွာမူ၍ အချို့နေရာမှာ အလွန်ရွာခြင်း၊ မရွာသင့်သောအခါ ရွာခြင်း၊ ရွာသင့်သောအခါ မရွာခြင်း စသည်ဖြင့် ဥတုရာသီ မမှန်သောကြောင့် ဆန်စပါးစသော အစားအစာ ရှားပါး၍ ငတ်မွတ်ခေါင်းပါးသောဘေး မကြုံစဘူး ထူးဆန်းသော အနာရောဂါဘေး ဓား–လှံ စသော လက်နက်ဘေးတို့ဖြင့် နှိပ်စက်ရကား နေပူ၌ လှန်းထားသော ငါးခြောက်ပြားကဲ့သို့ များစွာဆင်းရဲရ၏၊

တိုင်းသူပြည်သားတို့သည် ဒုစရိုက်တရားပယ်ရှား၍ သုစရိုက်ဆယ်ပါးကိုသာ ကြိုးစား ဆောက်တည်ကြပါက ခိုးမှု–လုမှု ရာဇဝတ်မှု–လူသတ်မှု စသော ဘေးရန် အမျိုးမျိုး တို့မှ ကင်းလျက် ပစ္စုပ္ပန်, သံသရာ ချမ်းသာစီးပွား များပြားနိုင်သော အတတ်ပညာ ပြည့်စုံကြပြီးလျှင် ဒါန,သီလ,ဘာဝနာ စသော

ကောင်းသော လုပ်ငန်းရပ်တို့၌သာ စိတ်ချမ်းမြေ့စွာ အားထုတ်နိုင်ကြသဖြင့် ပစ္စုပ္ပန် မျက်မှောက်၌လည်း ပစ္စည်းဥစ္စာ ရတနာရွှေငွေတို့နှင့် ပြည့်စုံကြွယ်ဝခြင်း စသော အကျိုး, သံသရာ၌အပါယ်ဒုဂ္ဂတိမှကင်းလွတ်လျက် လူ့ပြည်နတ်ရပ် မြင့်မြတ်သောစည်းစိမ်ကို ခံစားပြီးလျှင် အဆုံးဘဝ၌ ချမ်းသာအထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို ခံစားနိုင်ခြင်း အကျိုးတရားတို့ကို ကေန်မုချ ရကြမည်ဖြစ်ပေသတည်း။

ဒုစရိုက်အဖွင့် အပြီးအဆုံးသို့ ရောက်ပြီ။

---

## ဒုစရိုက်တရား၌ လေ့ကျင့်ခဏ်း မေးခွန်း

၁။ ဒုစရိုက်၏ အဓိပ္ပါယ်သဘောကို ထင်ရှားအောင် ပြဆိုပါ။
၂။ ဒုစရိုက်ဆယ်ပါးကို မြန်မာလို ရေတွက်ပြပါ။
၃။ သမ္ဖပ္ပလာပဝါစာဆိုဒါ ဘာကိုခေါ်သနည်း။
၄။ အဒိန္နာဒါန် အင်္ဂါကို ရေတွက်ပြပါ။
၅။ သူတပါးဥစ္စာ ခိုယူခြင်းအပြစ်ကို ပြဆိုပါ။
၆။ ပိုင်ဆိုင်သူ မရှိကုန်သော မိန်းမသရုပ်ကို မှတ်မိသလောက် ရေတွက်ပြဆိုပါ။
၇။ ကာမေသု မိစ္ဆာစာရကံ၏ အပြစ်ကြီးပုံကို ရေးပါ။
၈။ မုသာဝါဒအင်္ဂါပြသော လက်ာကို ရေးသားပါ။
၉။ ကုန်းတိုက်စကား ပြောကြားသူ၏ အပြစ်စကား ရေးသားပါ။
၁၀။ ဖရုသဝါစာဆိုဒါ ဘာကိုခေါ်ပါသနည်း။
၁၁။ ဟဲ့ကောင်လေး ကျားကြီးကိုက်တတ်တယ် ဆိုလျှင် ဖရုသဝါစာကံ ထိုက်ပါသလော။
၁၂။ ဆဲရေးပုံ ဆယ်မျိုးကို ပြည့်စုံအောင် ဖော်ပြပါ။
၁၃။ အရိယာ ပုဂ္ဂိုလ်ကို စွပ်စွဲပါက ဘယ်ကံထိုက်မည်နည်း။
၁၄။ အဘိဇ္ဈာဆိုဒါ ဘာကို ခေါ်ပါသနည်း။
၁၅။ ဗျာပါဒ၏အင်္ဂါကို မှတ်လွယ်ရန်ဆောင်ပုဒ်ရေးပါ။
၁၆။ ဒုစရိုက် ရှောင်ကြဉ် မှုကြောင့် ရနိုင်သော ပစ္စုပ္ပန် သံသရာအကျိုးများကို ပြဆိုပါ။

## ဘာသာရေး အမေး–အဖြေလွှာ

မေး။ ။အဘယ့်ကြောင့် ငရဲမည်သနည်း။

ဖြေ။ ။ချမ်းသာ ကင်း၍ အမြဲပင် ဆင်းရဲ ခြင်းကြောင့် ငရဲ မည်ပါသည်။

မေး။ ။ငရဲဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ။ ။ငရဲကြီးရှစ်ထပ် တထပ်လျှင် ငရဲငယ် လေးခုစီရှိ၏။

မေး။ ။ငရဲကြီး ရှစ်ထပ်ကို ရေတွက်ပြပါ။
(ငရဲကြီး ငရဲကလေး များသည် ငါတို့နေထိုင်ရာ မြေအရပ်မှ အောက်တွဲတွဲ၌ တည်ရှိကြကုန်၏)။

၁။ ငရဲသူသတ္တဝါတို့၏ အဖန်တလဲလဲ အသက်ပြန်ရှင်ရာဖြစ်သော သဉ္ဇီဝငရဲကြီး။

၂။ ငရဲသား သတ္တဝါတို့၏ ခန္ဓာကိုယ်ပေါ်၌ မည်းနက်သော ကြိုးကို ဖြောင့်မတ်အောင် ချ၍ အမြှောင့်အမြှောင့် ဓားဖြင့် ခုတ်ရွေရာဖြစ်သော ကာဠသုတ်ငရဲကြီး။

၃။ ငရဲခံရသူ သတ္တဝါတို့ကို သံလုံးသံတောင် ကျောက်လုံး ကျောက်တောင်တို့ဖြင့် အမြဲမပြတ် ကြိတ်ချေရာဖြစ်သော သံဃာတငရဲကြီး။

၄။ ငရဲခံရသူတို့၏ သွေးအလျှံပြည့်ရာဖြစ်သော ရောရုဝငရဲကြီး။

၅။ ငရဲခံရသူ သတ္တဝါတို့၏ အလွန် များပြားမှုကြောင့် များသော သေွးအလျှံရှိရာဖြစ်သော မဟာရောရုဝ ငရဲကြီး။

၆။ မတုန်မလှုပ် ငရဲခံရ နေရကုန်သော သတ္တဝါ တို့ကို ပူပန်စေတတ်သော တာပနငရဲကြီး။

၇။ မတုန်မလှုပ်ငရဲဒုက္ခ ခံစံနေကြရကုန်သူတို့ကိုအလွန် အမင်းပူပြင်းစွာ နှိပ်စက်တတ်သော မဟာတာပန ငရဲကြီး။

၈။ မီးအလျှံနှင့် ငရဲသူ ဆင်းရဲဒုက္ခ အကြား အပေါက် မရှိ၊ ကပ္ပါပေါင်းများစွာ ခံစားရာဖြစ်သော အဝီစိ ငရဲကြီး။

မေး။ ။အဘယ့်ကြောင့် အပါယ်မည်သနည်း။

ဖြေ။ ။များသော အားဖြင့် ကုသိုလ် ဖြစ်ခွင့်မရ၍ အပါယ် မည်ပါသည်။

မေး။ ။အပါယ်လေးဘုံကို ရေတွက်ပါ။

ဖြေ။ ။ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် လေးမျိုး ဖြစ်သည်။

မေး။ ။အဘယ့်ကြောင့် တိရစ္ဆာန်ခေါ်ပါသနည်း။

ဖြေ။ ။မဂ်,ဖိုလ် မျိုးစေ့ ကုသိုလ် တရားတို့ကို မပြုလုပ်သော သူသည် တိရစ္ဆာန်မည်၏။

မေး။ ။အဘယ့်ကြောင့် ပြိတ္တာမည်သနည်း။

ဖြေ။ ။ချမ်းသာမှုဝေးစွာဖြစ်တတ်သောကြောင့် ပြိတ္တာခေါ် ပါသည်။

မေး။ ။အဘယ့်ကြောင့် အသုရကာယ်ခေါ်ပါသနည်း။
ဖြေ။ ။နေ့စဉ်ညခံ ချမ်းသာမမှန်၍ အသုရကာယ် ခေါ်ပါသည်။

မေး။ ။အဘယ့်ကြောင့် လူဟုခေါ်ပါသနည်း။
ဖြေ။ ။ကောင်းကျိုးတရားကို ပြုစွမ်းနိုင်သော အသိမှန်အမြင်မှန်ရှိသောကြောင့် လူဟုခေါ်၏။

မေး။ ။လူဘယ်နှစ်မျိုးပြားပါသနည်း။
ဖြေ။ ။လူလေးမျိုးပြားပါသည်။

မေး။ ။လူလေးမျိုး ရေတွက်ပြပါ။
ဖြေ။ ။ငရဲခံရသူနှင့် တူသောလူ၊ တိရစ္ဆာန်နှင့် တူသောလူ၊ ပြိတ္တာနှင့်တူသောလူ၊ အဘိုးတန် အသိဉာဏ်ရှိသောလူ–ဟု လေးမျိုးဖြစ်သည်။ ။တနည်း–ငုပ်နေသောလူ၊ မြုပ်နေသောလူ၊ ပေါ်နေသောလူ၊ ကုန်းထိပ်ရောက်နေသောလူ–ဟု လေးမျိုးရှိ၏။

မေး။ ။သတ္တဝါတို့၏နေရာဘုံ ဘယ်မျှလောက်ရှိပါသနည်း။
ဖြေ။ ။သုံးဆဲ့တဘုံရှိပါသည်။
မေး။ ။သုံးဆဲ့တဘုံကို အဘယ်သူ တို့သည် ကိုယ်တွေ့ သိမြင်ပါကုန်သနည်း။
ဖြေ။ ။ဝိပဿနာဉာဏ် အမြင် သန်သူနှင့် အရိယာ ပုဂ္ဂိုလ်တို့သည် မျက်စိဖြင့် မြင်ရသူအလား ဉာဏ်အားဖြင့် ပိုင်းပိုင်းခြားခြား သိမြင်နိုင်ကြကုန်၏။
မေး။ ။သုံးဆဲ့တဘုံကို အဘယ်သူတို့ မမြင်ကုန်သနည်း။

ဖြေ။ ။အဝိဇ္ဇာ ထူပြောများပြားသော ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် ဝိပဿနာဉာဏ်နုသေးသော ပုဂ္ဂိုလ်တို့သည် မမြင်နိုင်ကြကုန်။

မေး။ ။သုံးဆဲ့တဘုံရှိဒါကို အဘယ်သူတို့ မယုံကြည်သနည်း။

ဖြေ။ ။ဗုဒ္ဓဘာသာဝင်မဟုတ်သူနှင့် ဗုဒ္ဓဘာသာဝင်ဟုတ်သော်လည်း အသိဉာဏ်နည်းပါးသူတို့ မယုံကုန်။

မေး။ ။သုံးဆဲ့တဘုံကို အဘယ်သူတို့ယုံကြည်ကုန်သနည်း။

ဖြေ။ ။ဘုရားတရား အပေါ် ယုံကြည်မှု သဒ္ဓါရှိသူနှင့် ကိုယ်တွေ့သိမြင်နိုင်သူတို့ ယုံကြည်ကြသည်။

မေး။ ။ယခုအခါ ကိုယ်တွေ့မြင်နိုင်သူရှိပါ၏လော။

ဖြေ။ ။ခရီးပေါက်ရောက်အောင် တရား အားထုတ်သူ များသည် ကိုယ်တွေ့မြင်နိုင်ကြကုန်၏။

မေး။ ။အဘယ့်ကြောင့် နတ်မည်သနည်း။

ဖြေ။ ။ကာမဂုဏ်တရား လိုက်စားမှု များသောကြောင့် နတ်မည်၏။

မေး။ ။အဘယ့်ကြောင့် ပြိတ္တာမည်သနည်း။

ဖြေ။ ။အစာအာဟာရ မစားသောက်ဘဲ ဈာန်ချမ်းသာဖြင့် နေသောကြောင့် ပြိတ္တာမည်၏။

မေး။ ။အဘယ့်ကြောင့် သတ္တဝါမည်သနည်း။

ဖြေ။ ။အာရုံ ငါးပါး၌ ကပ်ငြိတွယ်တာ တတ်မှုကြောင့် သတ္တဝါမည်၏။

မေး။ ။အဘယ့်ကြောင့် ပုဂ္ဂိုလ်မည်သနည်း။

ဖြေ။ ။ငရဲသို့ အကျများသောကြောင့် ပုဂ္ဂိုလ်မည်၏။

မေး။ ။အဘယ့်ကြောင့် သူတော်ကောင်း မည်သနည်း။
ဖြေ။ ။ပုပန်မှုကိလေသာစုတို့ကို ငြိမ်းစေတတ်သောကြောင့် သူတော်ကောင်းမည်၏။

မေး။ ။အဘယ့်ကြောင့် ပုထုဇဉ်မည်သနည်း။
ဖြေ။ ။ကိလေသာထူပြော များပြားသောကြောင့် ပုထုဇဉ် မည်၏။

မေး။ ။အဘယ့်ကြောင့် အရိယာမည်သနည်း။
ဖြေ။ ။မဂ်ဖိုလ်သို့ရောက်ပြီး ရောက်ဆဲဖြစ်၍ အရိယာမည်၏။

မေး။ ။အဘယ့်ကြောင့် သေက္ခပုဂ္ဂိုလ်မည်သနည်း။
ဖြေ။ ။သီလ, သမာဓိ, ပညာတို့ကို ကျင့်ဆဲဖြစ်၍ သေက္ခပုဂ္ဂိုလ် မည်၏။

မေး။ ။သေက္ခပုဂ္ဂိုလ် ဘယ်နှစ်ယောက် ရှိသနည်း။
ဖြေ။ ။ကလျာဏပုထုဇဉ်, သောတာပတ္တိမဂ် ပုဂ္ဂိုလ်, သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်, သကဒါဂါမိမဂ်ပုဂ္ဂိုလ်, သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်, အနာဂါမိမဂ် ပုဂ္ဂိုလ်, အနာဂါမိဖိုလ် ပုဂ္ဂိုလ်, အရဟတ္တမဂ်ပုဂ္ဂိုလ်–ပေါင်းရှစ်ယောက်ရှိ၏။

မေး။ ။အဘယ့်ကြောင့် အသေက္ခပုဂ္ဂိုလ် ခေါ်သနည်း။
ဖြေ။ ။သိက္ခာသုံးပါးတို့ကို ကျင့်ပြီးဖြစ်၍ ရဟန္တာ ပုဂ္ဂိုလ်ကို အသေက္ခပုဂ္ဂိုလ် ခေါ်၏။

မေး။ ။အဘယ့်ကြောင့် သောတာပန်ပုဂ္ဂိုလ် ခေါ်သနည်း။
ဖြေ။ ။မဂ္ဂင်ရှစ်ပါးသို့ အဦးအစ ရောက်သောကြောင့် သောတာပန် ပုဂ္ဂိုလ်မည်၏။

မေး။ ။သောတာပန်အမျိုးအစားကို ရေတွက်ပြပါ။

ဖြေ။ ။ ၁။ ကာမဘုံ၌ ခုနစ်ကြိမ် ခုနစ်ခါ ဖြစ်နိုင်သော သောတာပန်။

၂။ မြင့်မြတ်သော အမျိုးတို့၌ ဖြစ်တတ်သော သောတာပန်။

၃။ တဘဝသာ ပဋိသန္ဓေနေသော သောတာပန်။ ဤသို့အားဖြင့် သုံးမျိုးရှိပါ၏။

မေး။ ။အဘယ့်ကြောင့် သကဒါဂါမ်မည်သနည်း။

ဖြေ၊ ။ဤလူ့ပြည်သို့ တကြိမ်သာ ပဋိသန္ဓေ နေတတ်၍ သကဒါဂါမ်မည်၏။

မေး။ ။သကဒါဂါမ် ပုဂ္ဂိုလ်ကို ရေတွက်ပြပါ။

ဖြေ။ ။ ၁။ လူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ လူ့ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၂။ နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ နတ်ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၃။ လူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ နတ်ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၄။ နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ လူ့ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၅။ လူ့ပြည်၌ သကဒါဂါမ် ဖြစ်၍ နတ်ပြည်၌ ပဋိသန္ဓေနေပြီး၍ တဖန် လူ့ပြည်လာ၍ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်အားဖြင့် ငါးယောက်ရှိ၏။

မေး။ ။အဘယ့်ကြောင့် အနာဂါမ် မည်သနည်း။
ဖြေ။ ။ကာမဘုံသို့ မလာမရောက်တတ် သောကြောင့် အနာ ဂါမ်မည်၏။

မေး။ ။အဘယ့်ကြောင့် ရဟန္တာ မည်သနည်း။
ဖြေ။ ။လူနတ်တို့၏ ရှိခိုးခံထိုက်, ပူဇော်ခံထိုက်, အလှူခံထိုက် သောကြောင့် ရဟန္တာ မည်ပါသည်။

မေး။ ။အဘယ့်ကြောင့် သာဝက မည်သနည်း။
ဖြေ။ ။ဘုရားရှင် ဆုံးမစကားကို လိုက်နာနေထိုင်မှုကြောင့် သာဝက မည်၏။

မေး။ ။အဘယ့်ကြောင့် ပစ္စေကဗုဒ္ဓါ မည်သနည်း။
ဖြေ။ ။အသီးအခြား သစ္စာလေးပါးကို သိတတ်သောကြောင့် ပစ္စေကဗုဒ္ဓါ မည်၏။

မေး။ ။အဘယ်သည် ဘုရားမည်သနည်း။
ဖြေ။ ။သဗ္ဗညုတ စသော ဉာဏ်တို့၏ တည်ရာ ခန္ဓာ သန္တာန် တော်ကိုစွဲ၍ ဘုရားဟု ပညတ်အပ်သော အမည်သည် ဘုရားမည်၏။

မေး။ ။အဘယ့်ကြောင့် တရားမည်သနည်း။
ဖြေ။ ။တရား တည်ရှိကုန်သော သူတို့ကို ဝဋ္ဋဆင်းရဲ၌ မကျ အောင် ဆောင်ရွက်နိုင်သောကြောင့် တရားမည်၏။

မေး။ ။တရားတော်ကို ရေတွက်ပြပါ။
ဖြေ။ ။မဂ်လေးပါး နိဗ္ဗာန်သည် မုချတရား၊ ဖိုလ်လေးပါး ပရိယတ်သည် တင်စား အပ်သော တရား ပေါင်း ဆယ်ပါးဖြစ်၏။

မေး။ ။အဘယ့်ကြောင့် သံသာမည်သနည်း။

ဖြေ။ ။အညီအညွတ် အမှုကိစ္စ ပြုလုပ်ခြင်းသို့ ကောင်းစွာ ရောက်သောကြောင့် သံဃာမည်၏။

မေး။ ။လူ့အရိယာများသည် သံဃာမည်သလော။

ဖြေ။ ။ဝိနည်းကံဖြင့် အညီအညွတ် ပြုလုပ်ဆောင်ရွက်မှု မရှိ၍ သံဃာမမည်။

မေး။ ။အဘယ်သည် သုစရိုက်မည်သနည်း။

ဖြေ။ ။ကောင်းသော ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုသည် သုစရိုက်မည်၏။

မေး။ ။သုစရိုက်တရား ဘယ်နှစ်ပါး ရှိသနည်း။

ဖြေ။ ။သုစရိုက်တရား လေးဆယ်ရှိ၏။

မေး။ ။အဘယ့်ကြောင့် ဒုစရိုက် မည်သနည်း။

ဖြေ။ ။မကောင်းသော ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုသည် ဒုစရိုက်မည်၏။

မေး။ ။ဒုစရိုက်တရား ဘယ်နှစ်ပါး ရှိသနည်း။

ဖြေ။ ။ဒုစရိုက်တရား လေးဆယ်ရှိ၏။

မေး။ ။အဘယ့်ကြောင့် ကုသိုလ်မည်သနည်း။

ဖြေ။ ။မကောင်းကျိုးကို ဖြစ်စေတတ်သော အကုသိုလ်မှုတို့ကို အစွမ်းသတ္တိ အသျှောက် ကင်းပျောက် ချုပ်ငြိမ်းစေ တတ်သော သဘောတရားသည် ကုသိုလ်မည်၏။

မေး။ ။ကုသိုလ်အရေအတွက် မည်မျှရှိပါသနည်း။

ဖြေ။ ။ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, မဂ် ကုသိုလ် အားဖြင့် အကျဉ်းအားဖြင့် လေးပါး၊ အကျယ်အား ဖြင့် နှစ်ဆဲ့တပါးရှိ၏။

မေး။ ။ကောင်းကျိုးရ ကုသိုလ်ပြုလုပ်ပုံ ဘယ်နှစ်မျိုး ရှိပါသနည်း။

ဖြေ။ ။ ၁။ ကောင်းမှုကုသိုလ် ပြုခြင်းသည် အလိုအလျောက် ပြုသော ကုသိုလ်။

၂။ သူတပါး ပြုသည်ကိုမြင်၍ အတုလိုက်၍ ပြုသော ကုသိုလ်။

၃။ ကိုယ်တိုင် ပြုလုပ်သော ကုသိုလ်။

၄။ သူတပါးကို အပြုခိုင်းသော ကုသိုလ် ။

၅။ ပြုလုပ်မှုကံ၏ အကျိုးကို သိရှိနားလည်၍ပြုသော ကုသိုလ်။

၆။ ပြုလုပ်မှုကံ၏ အကျိုးရှိ– မရှိကို မသိဘဲ ပြုသော ကုသိုလ်။

မေး။ ။အဘယ်ကုသိုလ် ပြုလုပ်ပုံမျိုးသည် အကျိုးများနိုင်ပါသနည်း။

ဖြေ။ ။ ၁–နံပါတ်, ၃–နံပါတ်, ၅–နံပါတ်, ကုသိုလ်ပြုပုံများသည် အကျိုးများ၏။

မေး။ ။အဘယ် ကုသိုလ်သည် ဈာန်မဂ်ဖိုလ်ကို ရစေနိုင်သော ကုသိုလ်မည်သနည်း။

ဖြေ။ ။၅–နံပါတ် ကုသိုလ်သည် ဉာဏ်နှင့်ယှဉ်သော တိဟိတ် ကုသိုလ်ကံမျိုး ဖြစ်၍ မဂ်ဖိုလ် ဈာန်တရားတို့ကို ရစေတတ်သော ကုသိုလ်မည်၏။

မေး။ ။သောတာပတ္တိ မဂ်သည် အဘယ် တရားတို့ကို ပယ်သနည်း။

ဖြေ။ ။ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာသံယောဇဉ် သုံးပါးနှင့်တကွ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ ကျွငါးပါးသော တရားတို့ကို ပယ်၏။

မေး။ ။သောတာပတ္တိ မဂ်သည် အဘယ်ဘုံဘဝမှ လွတ်မြောက်သနည်း။

ဖြေ။ ။သောတာပတ္တိ မဂ်သည် အပါယ် လေးဘုံမှ လွတ်မြောက်၏။

မေး။ ။သကဒါဂါမိသည် အဘယ်တရားကို ပယ်သနည်း။

ဖြေ။ ။ကြမ်းထမ်း ကုန်သော ကာမရာဂ ပဋိဃ သံယောဇဉ်နှစ်ပါးနှင့် ကာမရာဂါနုသယ ပဋိဃာနုသယ နှစ်ပါး ကျွလေးပါးကုန်သောတရားတို့ကို ပယ်၏။

မေး။ ။သကဒါဂါမိသည် အဘယ် ဘုံဘဝမှ လွတ်မြောက်သနည်း။

ဖြေ။ ။သကဒါဂါမိပုဂ္ဂိုလ်သည် ကာမဘုံဘဝ တစိတ်တပိုင်းမှ လွတ်မြောက်၏။

မေး။ ။အနာဂါမိသည် အဘယ်တရားကို ပယ်သနည်း။

ဖြေ။ ။သိမ်မွေ့သော ကာမရာဂ သံယောဇဉ် ပဋိဃသံယောဇဉ်နှင့် ကာမရာဂါနုသယ ပဋိဃာနုသယ ကျွလေးပါးတို့ကိုပယ်၏။

မေး။ ။အနာဂါမိပုဂ္ဂိုလ်သည် အဘယ်ဘုံဘဝမှ လွတ်မြောက်သနည်း။

ဖြေ။ ။ကာမဘုံဘဝမှ လုံးဝလွတ်မြောက်၏။

မေး။ ။ရဟန္တာပုဂ္ဂိုလ်သည် အဘယ်တရားကိုပယ်သနည်း။
ဖြေ။ ။အလုံးစုံသောသံယောဇဉ်နှင့် အလုံးစုံသောအနုသယ တို့ကို အကြွင်းအကျန်မရှိ ပယ်သတ်၏။
မေး။ ။ရဟန္တာသည် အဘယ်ဘုံဘဝမှ လွတ်မြောက်သနည်း။
ဖြေ။ ။အလုံးစုံသောဘုံဘဝမှ လွတ်မြောက်၏။
မေး။ ။အဘယ့်ကြောင့် အကုသိုလ်မည်သနည်း။
ဖြေ။ ။ကုသိုလ် တရား၏ ဆန့်ကျင်ဘက် အပြုအမူသည် အကုသိုလ်မည်၏။
မေး။ ။အဘယ်ကြောင့် သမ္မာဒိဋ္ဌိမည်သနည်း။
ဖြေ။ ။ကံ-ကံ၏အကျိုးနှင့် ဘုံဘဝတို့၌ အမှန်အတိုင်း သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏။
မေး။ ။အဘယ့်ကြောင့် မိစ္ဆာဒိဋ္ဌိမည်သနည်း။
ဖြေ။ ။အမှန် သိမြင်သင့်ရာ၌ အမှားမြင်မှုကြောင့် မိစ္ဆာဒိဋ္ဌိ မည်၏။
မေး။ ။တိဟိတ်ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။
ဖြေ။ ။အကြောင်းတရားသုံးပါးနှင့် ယှဉ်စပ်၍ ပဋိသန္ဓေနေ ခြင်း၊ အကြောင်း တရား သုံးပါး သက်ဝင်သော ပြုဘွယ်ကိစ္စ၌ ရှက်ဆောင်ခြင်းဟူသော တိဟိတ် အမူ အရာနှင့်ပြည့်စုံခြင်းသည် တိဟိတ်ပုဂ္ဂိုလ်မည်၏။
မေး။ ။အကြောင်းသုံးပါး ဟူသည် အဘယ်နည်း။
ဖြေ။ ။အလောဘ, အဒေါသ, အမောဟတို့ ဖြစ်ကုန်၏။
မေး။ ။အဘယ့်ကြောင့် အလောဘမည်သနည်း။
ဖြေ။ ။မမြဲသည်ကိုမြင်၍ အာရုံငါးပါး၌ မလိုချင်မှုသဘော သည် အလောဘမည်၏။

မေး။ ။အဘယ့်ကြောင့် အဒေါသမည်သနည်း။
ဖြေ။ ။ဆင်းရဲသည်ကိုမြင်၍ သူတပါး အကျိုးမဲ့ဖြစ်အောင် မဖျက်ဆီးခြင်းသည် အဒေါသမည်၏။

မေး။ ။အဘယ့်ကြောင့် အမောဟမည်သနည်း။
ဖြေ။ ။ကိုယ်ပိုင် အစိုးမရသော အနတ္တ သဘောကို မြင်၍ မတွေဝေခြင်းသည် အမောဟမည်၏။

မေး။ ။အဘယ့်ကြောင့် လောဘမည်သနည်း။
ဖြေ။ ။ထိုထိုအာရုံ၌ လိုချင်မှုသဘောသည် လောဘမည်၏။

မေး။ ။လောဘအားကြီးသူသည် အဘယ်ဘုံဘဝ ရောက်နိုင်သနည်း။
ဖြေ။ ။များသောအားဖြင့် ကပ်ငြိတွယ်တာမှုသဘောကြောင့် ပြိတ္တာဘုံဘဝသို့ ရောက်ကြရ၏။

မေး။ ။အဘယ့်ကြောင့် ဒေါသမည်သနည်း။
ဖြေ။ ။စိတ်အမူအရာ ကြမ်းထမ်း၍ ဖျက်ဆီး တတ်သောကြောင့် ဒေါသမည်၏။

မေး။ ။ဒေါသ အားကြီး သူသည် အဘယ် ဘုံဘဝ ရောက်သနည်း။
ဖြေ။ ။ချမ်းသာ ကင်းကွာ အမြဲတမ်း ဆင်းရဲရာ ဖြစ်သော ငရဲသို့ရောက်ရ၏။

မေး။ ။အဘယ့်ကြောင့် မောဟမည်သနည်း။
ဖြေ။ ။မသိမိုက်မှားတွေဝေခြင်းသဘောတရားသည် မောဟမည်၏။

မေး။ ။မောဟ အားကြီး သူသည် အဘယ်ဘုံဘ၀ ရောက်ရသနည်း။

ဖြေ။ ။အသိဉာဏ်ကင်းကွာသော တိရစ္ဆာန်ဘ၀ ရောက်ရ၏။

မေး။ ။ချွန်မင်ဖိုလ်တရားကို အဘယ်ပုဂ္ဂိုလ် ရနိုင်သနည်း။

ဖြေ။ ။တိဟိတ်ပုဂ္ဂိုလ်များသည် ရနိုင်ပေကုန်၏။

မေး။ ။ချွန်မင်ကို တားမြစ် နိုင်သော တရား ဘယ်နှစ်ပါးနည်း။

ဖြေ။ ။၁။ ပဉ္စာနန္တရိယကံဟူသော ကမ္မန္တရာယ်။

၂။ နိယတမိစ္ဆာဒိဋ္ဌိဟူသော ကိလေသန္တရာယ်။

၃။ ဒွိဟိတ်အဟိတ် ပဋိသန္ဓေနေခြင်း ဟူသော ဝိပါကန္တရာယ်။

၄။ အရိယာသူတော်ကောင်းကိုပြစ်မှားခြင်းဟူသော ဥပဝါဒန္တရာယ်။

၅။ ဘုရားရှင်၏ ဆုံးမ စကားကို မလိုက်နာခြင်း အာဏာဝိတိက္ကမန္တရာယ်– ဟူသော အန္တရာယ်ရှိနေသောပုဂ္ဂိုလ်၊ မလိုချင်သောပုဂ္ဂိုလ်၊ ယုံကြည်မှုမရှိသောပုဂ္ဂိုလ်၊ အသိဉာဏ်ကင်းသော ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ် မျိုးစားသည် ချွန်မင် တရား တို့ကို မရနိုင်ကြကုန်။

မေး။ ။အဘယ်တရားသည် ဒါနမည်သနည်း။

ဖြေ။ ။ပေးကမ်း ချီးမြှောက် ပူဇော်လို၍ စေတနာ ပြဋ္ဌာန်းသော သဘောတရားသည် ဒါနမည်၏။

မေး။ ။ဒါနသည် အမျိုးအစား ဘယ်နှစ်ပါး ရှိသနည်း။
ဖြေ။ ။အမှုအရာနှင့် နှလုံးသွင်း အားလျော်စွာ အများ အပြားရှိ၏။

မေး။ ။အဘယ်ဒါနသည် အကျိုးကြီးမြတ်သနည်း။
ဖြေ။ ။နိဗ္ဗာန်မဂ်ဖိုလ် ရည်မှန်းတောင့်တ လှူဒါန်းသော ဒါန သည် အကျိုးကြီး၏။

မေး။ ။အဘယ်သည် သီလမည်သနည်း။
ဖြေ။ ။ကိုယ်အမှုအရာ, နှုတ်အမှုအရာကို ဗရမ်းဗတာ မဖြစ် စေဘဲ စောင့်ထိန်းထားနိုင်ခြင်းသည် သီလမည်၏။

မေး။ ။အဘယ်သီလသည် အကျိုးကြီးကျယ်ပါသနည်း။
ဖြေ။ ။နိဗ္ဗာန်မဂ်ဖိုလ် ရည်မှန်း၍ ဆောက်တည်သော သီလ သည် အကျိုးကြီးကျယ် များပြား၏။

မေး။ ။အဘယ်တရားသည် ဘာဝနာမည်သနည်း။
ဖြေ။ ။သမထအာရုံ သုံးဆဲ့ရှစ်, ဝိပဿနာအာရုံ နှစ်ဆဲ့တစ် ဟူသော ဘာဝနာအာရုံတို့တွင် ယောဂီပုဂ္ဂိုလ်နှစ်ခြိုက် လိုလားအပ်သော အာရုံကောင်းတခုကို စိတ်အကြိမ် ကြိမ် ဖြစ်ပေါ်စေ၍ ပွားများခြင်း သဘောတရား သည် ဘာဝနာမည်၏။

မေး။ ။အဘယ့်ကြောင့် သမထမည်သနည်း။
ဖြေ။ ။နီဝရဏတရားတို့ကို ငြိမ်းစေတတ်၍ သမထမည်၏။

မေး။ ။အဘယ့်ကြောင့် ဝိပဿနာမည်သနည်း။
ဖြေ။ ။အနိစ္စ, ဒုက္ခ, အနတ္တ-အားဖြင့် ရှုတတ်သောကြောင့် ဝိပဿနာမည်၏။

မေး။ ။အရိယာပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။
ဖြေ။ ။မြတ်သော အသိအမြင် ဉာဏ်ရှိသူသည် အရိယာ ပုဂ္ဂိုလ်မည်၏။
မေး။ ။အရိယာဖြစ်ကြောင်း တရားကား အဘယ်နည်း။
ဖြေ။ ။နိုးကပ်သော ဖြစ်ကြောင်း ဟူသော အနိစ္စ မြင်ခြင်း, ဒုက္ခမြင်ခြင်း, အနတ္တမြင်ခြင်း သဘော တရားတို့ ပင်တည်း။
မေး။ ။အဘယ့်ကြောင့် အနိစ္စမည်သနည်း။
ဖြေ။ ။မမြဲသော သဘောတရားသည် အနိစ္စမည်၏။
မေး။ ။မမြဲဟူ၍ရှုရာ၌ သိမှတ်ရန်ကား အဘယ်နည်း။
ဖြေ။ ။၁။ ခန္ဓာငါးပါးသည် အနိစ္စမည်၏။
၂။ ခန္ဓာငါးပါးတို့၏ မမြဲသည်၏ အဖြစ်သည် အနိစ္စတာမည်၏။
၃။ မမြဲဒါကို အဖန်တလဲလဲ ရှုသော ဉာဏ်သည် အနိစ္စာနုပဿနာမည်၏။
၄။ အထက်ပါ ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အနိစ္စာနုပဿီမည်၏။
မေး။ ။အဘယ့်ကြောင့် ဒုက္ခမည်သနည်း။
ဖြေ။ ။မနှစ်မျို့အပ်, စက်ဆုပ်အပ်သော သဘောသည် ဒုက္ခ မည်၏။
မေး။ ။ဆင်းရဲဟူ၍ရှုမှတ်ရာ၌ သိမှတ်ရန်ကား အဘယ်နည်း။
ဖြေ။ ။၁။ ခန္ဓာငါးပါးသည် ဒုက္ခမည်၏။
၂။ ဆင်းရဲခြင်း အဖြစ် သဘောသည် ဒုက္ခတာ မည်၏။

၃။ ဆင်းရဲဒါကို အဖန်တလဲလဲ ရှုသောဉာဏ်သည် ဒုက္ခာနုပဿနာမည်၏။

၄။ အထက်ပါဉာဏ်နှင့် ပြည့်စုံသူသည် ဒုက္ခာနုပဿီ ပုဂ္ဂိုလ်မည်၏။

မေး။ ။အဘယ့်ကြောင့် အနတ္တမည်သနည်း။

ဖြေ။ ။ငါ–သူတပါး မိမိကိုယ်မဟုတ်သော သဘောသည် အနတ္တမည်၏။

မေး။ ။အနတ္တ၌ သိမှတ်စရာကား အဘယ်နည်း။

ဖြေ။ ။ ၁။ ခန္ဓာငါးပါးသည် အနတ္တမည်၏။

၂။ ငါ–သူတပါး မဟုတ်သည်၏ အဖြစ်သည် အနတ္တတာ မည်၏။

၃။ ငါ–သူတပါး မဟုတ်ဟူ၍ အဖန်ဖန် ရှုသောဉာဏ်သည် အနတ္တာနုပဿနာမည်၏။

၄။ အထက်ပါ ရှုပွားနေသော ဉာဏ်နှင့် ပြည့်စုံသူသည် အနတ္တာနုပဿီမည်၏။

မေး။ ။အဘယ့်ကြောင့် မဂ်မည်သနည်း။

ဖြေ။ ။ကိလေသာကို သတ်လျက် နိဗ္ဗာန်ကို အာရုံပြုနိုင်သော သဘောတရားဖြစ်၍ မဂ်မည်၏။

မေး။ ။အဘယ့်ကြောင့် ကိလေသာမည်သနည်း။

ဖြေ။ ။သတ္တဝါတို့၏ စိတ်ကို ညစ်နွမ်းစေ၍ ဆင်းရဲ စေတတ်သောကြောင့် ကိလေသာမည်၏။

မေး။ ။မဂ်ကိုရစေနိုင်သော နီးသောအကြောင်း ဝေးသော အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ဒါန, သီလ, သမထ, ဝိပဿနာတရားများ ဖြစ်ကုန်၏။

မေး။ ။မဂ်ကိုရနိုင်သော ပုဂ္ဂိုလ်သည် အဘယ်နည်း။
ဖြေ။ ။လိုချင်သော ပုဂ္ဂိုလ်, ယုံကြည်သော ပုဂ္ဂိုလ်, တိဟိတ်ပဋိသန္ဓေ ဉာဏ်ရှိသော ပုဂ္ဂိုလ်, အန္တရာယ် ငါးပါးကင်းဝေးသော ပုဂ္ဂိုလ်တို့သည် မဂ် ဖိုလ် နိဗ္ဗာန်ပေါက်မြောက်နိုင်ကုန်၏။

မေး။ ။အဘယ်တရားသည် ဖိုလ်မည်သနည်း။
ဖြေ။ ။အကြောင်းကြောင့်ဖြစ်သောအကျိုးတရားသည် ဖိုလ်မည်၏။

မေး။ ။အဘယ်တရားသည် နိဗ္ဗာန်မည်သနည်း။
ဖြေ။ ။တဏှာ အဝိဇ္ဇာ အစရှိသော ပူပန်မှုကိလေသာတရားတို့၏ ကင်းချုပ်ငြိမ်းရာသည် နိဗ္ဗာန်မည်၏။

မေး။ ။နိဗ္ဗာန် တရားတော်ကြီး၌ အရောင် အလင်း ရှိ၏ဟု ပြောဆိုကြသောစကားသည် အဘယ်နည်း။
ဖြေ။ ။ခန္ဓာငါးပါးတို့၏ချုပ်ငြိမ်းမှုကိုအာရုံပြုသော ယောဂီတို့၏စိတ်သည် ကြည်လင် သန့်ရှင်းမှုကြောင့် အာရုံရောက်ရာ ဟူသမျှသည် တောက်ပြောင်ဝင်းထိန်နေ၍ နိဗ္ဗာန်၌ အရောင် ရှိ၏ဟု ထင်ရ၏၊ အမှန် စင်စစ် မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့နှင့် ယှဉ်စပ် နေသော စိတ်၏ အရောင်ပင်တည်း။ ဘင်ခဏမှနောက် ငြိမ်းနေသော သဘောသည် နိဗ္ဗာန်အစစ် မည်၏။

မေး။ ။နိဗ္ဗာန်ကို အဘယ်ပုဂ္ဂိုလ်တို့ ရောက်ကြကုန်သနည်း။
ဖြေ။ ။အမြင်မှန် ရှိသော ပုဂ္ဂိုလ်မြတ်ကြီး တို့သည် မသေမီကာလ၌ရင်း၊ သေပြီးကာလ၌ရင်း ရောက်ကြကုန်၏။

မေး။ ။နိဗ္ဗာန်တရားကို အဘယ်ပုဂ္ဂိုလ်တို့သည် နားလည်ကြကုန်သနည်း။

ဖြေ။ ။နိဗ္ဗာန်ကို အသိမှန်ဖြင့် အာရုံပြုနိုင်သော ပုဂ္ဂိုလ်များသာ တပ်အပ်သေချာ ပိုင်ပိုင်နိုင်နိုင် နားလည်နိုင်ကြကုန်၏။

မေး။ ။နိဗ္ဗာန်သည် အဘယ်မှဖြစ်ပေါ်လာသနည်း။

ဖြေ။ ။မိမိတို့၏ခန္ဓာကိုယ်ကြီးမှ ဖြစ်ပေါ်လာ၏။

မေး။ ။နိဗ္ဗာန်ကို အဘယ် ကောင်းမှုရှင်သည် ရောက်နိုင်သနည်း။

ဖြေ။ ။နိဗ္ဗာန်ကို ရည်မှန်း၍ ပြုအပ်သော ကောင်းမှုကုသိုလ်ရှင်ဟူသမျှသည် နိဗ္ဗာန်ကိုရောက်နိုင်ကြကုန်၏။

မေး။ ။နိဗ္ဗာန်ကို ဘယ်ပုဂ္ဂိုလ်တို့သည် လိုချင်သနည်း။

ဖြေ။ ။အသိဉာဏ်ရှိကုန်သောပုဂ္ဂိုလ်တို့သည် လိုချင်ကုန်၏။

မေး။ ။အဘယ့်ကြောင့် ဈာန်မည်သနည်း။

ဖြေ။ ။သမထ အာရုံသို့ ကပ်၍ ရှုတတ်သောကြောင့် ဈာန်မည်၏။

မေး။ ။အဘယ့်ကြောင့် အဘိညာဏ်မည်သနည်း။

ဖြေ။ ။အသိထူး အမြင်ထူး ရှိသောကြောင့် အဘိညာဏ်မည်၏။

မေး။ ။အဘိညာဏ် ဘယ်နှစ်ပါးရှိသနည်း။

ဖြေ။ ။ ၁။ အဝေးအနီး ရူပါရုံဟူသမျှကို မြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ်။

၂။ အဝေးအနီး အသံ ဟူသမျှကို ကြားနိုင်သော ဒိဗ္ဗသောတအဘိညာဏ်။

၃။ သမာဓိတန်ခိုးဖြင့် မြေလျှိုးမိုးပျံနိုင်ခြင်းရှိသော ဣဒ္ဓိဝိဓအဘိညာဏ်။

၄။ သူတပါးစိတ် အကြံအစည်ကို အမှန်အကန် သိနိုင်သော ပရစိတ္တဝိဇာနနအဘိညာဏ်။

၅။ ရှေးဘဝဟောင်း များကို အထင်ညာဏ် မဟုတ် အမြင်ညာဏ်အားဖြင့် သိနိုင်သော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်။

၆။ အနာဂတ် ဖြစ်လတံ့ ဘဝတို့ကို အထင် မဟုတ် အမြင် အားဖြင့် အမှန် အတိုင်း သိနိုင်သော အနာဂတံသ အဘိညာဏ်။

၇။ သတ္တဝါတို့၏ ကံအပိုင်းအခြားကို သိနိုင်သော ယထာကမ္မုပဂ အဘိညာဏ် အားဖြင့် ခုနစ်ပါး ရှိ၏။

မေး။ ။အဘယ့်ကြောင့်စိတ်မည်သနည်း။

ဖြေ။ ။အာရုံကိုဆွဲယူတတ်သောကြောင့် စိတ်မည်၏။

မေး။ ။စိတ်သည် ဘယ်နှစ်ပါးရှိသနည်း။

ဖြေ။ ။စိတ်သည် ပြင်ပအာရုံကိုစွဲ၍ ဖြစ်ပေါ်လာသော အမှုအရာအားဖြင့် တရာ့နှစ်ဆယ်တပါးအထိရှိ၏။

မေး။ ။စိတ်သည် ပင်ကိုသဘာဝ အားဖြင့် ဘယ်ပုံရှိသနည်း။

ဖြေ။ ။စိတ်သည် ပကတိ အနေ အထား အတိုင်း ဆိုပါက စင်ကြယ်သန့်ရှင်း၏။

မေး။ ။စိတ်သည် တရံတခါ အဘယ့်ကြောင့် ညစ်နွမ်းရသနည်း။
ဖြေ။ ။ညစ်နွမ်းစေတတ်သောသဘောတရားနှင့် ပေါင်းသင်းမိ၍ ညစ်နွမ်းရ၏။

မေး။ ။အဘယ့်ကြောင့် စေတသိက်မည်သနည်း။
ဖြေ။ ။စိတ်၌ မှီတွယ် ဖြစ်တတ်သောကြောင့် စေတသိက်မည်၏။

မေး။ ။စေတသိက်ဟူသည် အဘယ်နည်း။
ဖြေ။ ။အကြောင်းအကျိုးအားလျော်စွာ ဖြစ်ပေါ်လာသော အမူအရာသဘောတရားသည် စေတသိက်မည်၏။

မေး။ ။အဘယ့်ကြောင့် ရုပ်မည်ပါသနည်း။
ဖြေ။ ။အကြောင်းတရားကြောင့် ဖောက်ပြန်ဖြစ်ပေါ် လာသောသဘောသည် ရုပ်မည်၏။

မေး။ ။ဖောက်ပြန်ဖြစ်ပေါ်လာပုံအမူအရာသည် ဘယ်နှစ်မျိုးနည်း။
ဖြေ။ ။ဖောက်ပြန်ပုံအမူအရာသည်မှချအားဖြင့် တဆဲ့ရှစ်ပါးရှိ၏၊ မကင်းရာသဘောတရားရုပ်သည် ဆယ်ပါးရှိ၏။

မေး။ ။အဘယ်တရားသည် ပရမတ်မည်သနည်း။
ဖြေ။ ။မဖောက်ပြန်တတ်သောတရားသည် ပရမတ်မည်၏။

မေး။ ။အဘယ်တရားသည် ပညတ်မည်သနည်း။
ဖြေ။ ။အထူးအားဖြင့်သိစေအပ်သိစေတတ်သောတရားသည် ပညတ်မည်၏။

မေး။ ။အဘယ်သည် ဝိနည်းမည်သနည်း။
ဖြေ။ ။ကိုယ်အမူအရာ နှုတ်အမူအရာကို ဆုံးမတတ်သော ဘုရားရှင်စကားတော်သည် ဝိနည်းမည်၏။

မေး။ ။အဘယ်တရားသည် သုတ္တန်တရား မည်သနည်း။
ဖြေ။ ။မျက်မှောက်,တမလွန် နှစ်တန်သောအကျိုးကိုပြတတ်သော ဘုရားရှင်ဆုံးမစကားသည် သုတ္တန်မည်၏။

မေး။ ။အဘယ်တရားသည် အဘိဓမ္မာမည်သနည်း။
ဖြေ။ ။သဘာဝတရား မှန်ကို ဖော်ပြ၍ ပညာ ပြဋ္ဌာန်းသော တရားသည် အဘိဓမ္မာမည်၏။

မေး။ ။အဘယ်ကြောင့် သာသနာမည်သနည်း။
ဖြေ။ ။သတ္တဝါတို့ကို ဆုံးမကြောင်းဖြစ်၍ သာသနာမည်၏။

မေး။ ။ထိုသာသနာသည် ဘယ်နှစ်ပါး ပြားသနည်း။
ဖြေ။ ။ထိုသာသနာသည် ပရိယတ်,ပဋိပတ်,ပဋိဝေဓအားဖြင့် သုံးပါးပြား၏။

မေး။ ။ပရိယတ်ဟူသည် အဘယ်နည်း။
ဖြေ။ ။သင်အပ်, ဆောင်အပ်, ဆွေးနွေး မေးမြန်းအပ်သော ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်ဟူသော ဘုရားစကားသည် ပရိယတ်မည်၏။

မေး။ ။ပဋိပတ်ဟူသည် အဘယ်နည်း။
ဖြေ။ ။ကျင့်ကြံအားထုတ်အပ်သော ဓုတင်တဆဲ့သုံးပါး,တဆဲ့လေးပါးသော ခန္ဓကဝတ်နှင့် ရှစ်ဆဲ့နှစ်ပါးသော ကျင့်ဝတ် သီလ,သမာဓိ, ဝိပဿနာ, ပညာ–၌တရားများသည် ပဋိပတ်တရားမည်၏။

မေး။ ။အဘယ်သည် ပဋိဝေဓမည်သနည်း။
ဖြေ။ ။ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သည် ပဋိဝေဓမည်၏။
မေး။ ။ဘုရားရှင် ပွင့်ခြင်းသည် အဘယ်သာသနာ ထွန်းကားရန် ပွင့်သနည်း။
ဖြေ။ ။ပဋိဝေဓသာသနာ ထွန်းကားလာရန် ပွင့်တော်မူ၏။
မေး။ ။မိမိ၏ကောင်းစားရန် အဘယ်သာသနာကို အားထား မှီခိုရမည်နည်း။
ဖြေ။ ။ပဋိပတ္တိသာသနာကို ကိုယ်တိုင် အားထုတ်၍ မှီခိုအား ထားရမည်။
မေး။ ။မိမိသူတပါး ကောင်းစားရန် အဘယ်သာသနာကို မှီခိုရမည်နည်း။
ဖြေ။ ။ပရိယတ္တိ သာသနာကို အာထားမှီခိုရမည်။
မေး။ ။သာသနအရသာကို အဘယ် ပုဂ္ဂိုလ်တို့သည် ခံစားနိုင် ကုန်သနည်း။
ဖြေ။ ။အတိတ်ကုသိုလ်ကံ ထောက်ပံ့မှုနှင့် မျက်မှောက် ဘဝ၌ ကျန်းမာရေး ပြည့်စုံခြင်း ထက်သန်သော ဆန္ဒဓာတ်နှင့် ထက်သန်သော သဒ္ဓါဝီရိယ ရှိသူတို့သည် သာသနာတော်နှင့် တွေ့ကြုံရကျိုးနပ်၍ သာသနာ သုံးပါး အရသာကို ခံစားနိုင်ကြကုန်၏။

ဤသည်လျှင် တရက်အတွင်း ရေးသားအပ်သော ဗုဒ္ဓဘာသာ အမေး–အဖြေလင်္ကာ အပြီးအဆုံးသို့ ရောက်ပြီ။

---

## လူ့လိမ္မာလမ်းညွှန်

၁။ ကံဆိုဒါ အလုပ် ဖြစ်သည်၊ အလုပ်ကြိုးစားမှ ကံကောင်းသည်။

၂။ စိတ်ကောင်းလျှင် လောဘ,ဒေါသ,မာန-နည်းပါး၍ အလုပ်ကောင်းသည်။

၃။ စိတ်ဆိုးတုန်း စကားမပြောနှင့် မဆင်မခြင် အလျင်စလို မလုပ်ရ။

၄။ မနိုင်သောအလုပ် အကျိုးမရှိသောအလုပ်ကို မလုပ်နှင့်။

၅။ နိုင်သော အလုပ် အကျိုး ရှိသော အလုပ်ကိုသာ လုပ်ပါ။

၆။ အနည်းကို စွန့်၍ အများရမှာ မြင်လျှင် အနည်းကို အမြန်စွန့်။

၇။ ငွေတပဲကိုနှမြောသည့်အတွက် တထောင်တန်မပျက်စေရ။

အရိပ်လိုလျှင် နေပူကစောင့်၊ အနာခံမှ အသာစံဖြစ်မည်၊ ချမ်းသာလိုလျှင် ဆင်းရဲမကြောက်ရ။

၈။ ပေးကမ်းမှ အသနားခံပေါင်းမှ သည်းခံနိုင်မှ မိတ်ကောင်းရသည်။

၉။ မှန်သောစကားပြောဆိုမှ ကျော်စောသည်၊ ကျော်စောမှ အလုပ်တွင်သည်။

၁၀။ မှန်သော စကားသည် လူ့အဂိုးတန်၏ ဥစ္စာဖြစ်၍ လူကောင်းအမှတ်အသား ဖြစ်သည်။

၁၁။ မပျင်းမှအဆင်းလှသည်၊ အလုပ်လုပ်မှ ဥစ္စာရသည်။
၁၂။ ကျန်းမာရေး ပြည့်စုံမှ အလုံးစုံကိစ္စ ပြီးမြောက်နိုင်သည်။
၁၃။ မတော်ဒါကိုရှောင်နိုင်မှလည်း ကျန်းမာပေသည်။
၁၄။ မမိုက်မှ အသက်ရှည်သည်၊ မှတ်သားမှ အကြားအမြင် များသည်။
၁၅။ အကြားအမြင် များမှ ကြံစည် တတ်သည်၊ ကြံစည်တတ်မှ ဉာဏ်ရှိသည်။
၁၆။ လူမိုက်ရှောင် လူလိမ္မာကိုပေါင်း မကောင်းမှုကို မပြုနှင့်။
၁၇။ ကောင်းမှုကို နေ့တိုင်းပြု လိုရာဆုတောင်း နတ်အပေါင်း အမျှဝေ။
၁၈။ ကုသိုလ်ပြုတိုင်း ဆုတောင်းပါမှ မဂ် ဖိုလ် နိဗ္ဗာန် ပေါက်သည်။
၁၉။ အမှုမဲ့ ကုသိုလ်ပြုလျှင် လူမိုက်စာရင်း အလုပ်မျိုးဖြစ်သည်။
၂၀။ လိပ်ပြာမရှိ ရုပ်,နာမ်နှစ်ပါး ကိုယ်နှင့် စိတ်သာရှိသည်ဟု နှလုံးသွင်း။
၂၁။ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ–ကို ရွတ်တတ်လျှင် အနက်အဓိပ္ပါယ် နားလည်က အရိယာ အကြီးစား ဖြစ်သည်။
၂၂။ တနေ့နေ့၌ သေရမည်အမှန်ဟု သတိပြု။
၂၃။ မသေမီ အချိန်တွင်း ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးသာ ငါ့ဥစ္စာဟု အမြဲဆင်ခြင်။

၂၄။ အန္တရာယ်ကင်းလိုလျှင် သမ္ဗုဒ္ဓေကို အမြဲရွတ်ဖတ်ပူဇော်ပါ။

၂၅။ အနက် အဓိပ္ပါယ် နားလည်ပါက သိဒ္ဓိပေါက်နိုင်သည်။

၂၆။ သိဒ္ဓိတန်ခိုး အကျိုးအမျိုးမျိုး ပြီးလိုလျှင် ကျားကူးဓမ္မဗိမာန် ဆုတောင်း ပြည့်ဘုရားထံ လာရောက်ကြည်ညိုပါက လိုတရဖြစ်လိမ့်မည်။

၂၇။ စိတ်တလုံးနိုင်ပါလျှင် ပူပန်မှုအားလုံး အလုံးစုံ သေနိုင်၏။

၂၈။ စိတ်ကိုဖမ်း၍မိလျှင် မကောင်းမှု အားလုံး လုံခြုံနိုင်၏။သို့သော် ဖမ်းတတ်မှ ဖမ်းနိုင်မှ လုံခြုံပေသည်။

၂၉။ စိတ်ကြည်မှ တည်တံ့ နိုင်၏၊ စိတ်နောက်လျှင် မတည်တံ့နိုင်။ မကောင်းမှု အကုသိုလ် အညစ်အကြေး အနယ်များ ထကြွသောကြောင့် ဖြစ်ပေသည်။

၃၀။ စိတ်နောက်လျှင် ဘုရား, တရား, သံဃာတို့ ဂုဏ်, အာရုံနှင့် ကြည်လင်စေရမည်။

၃၁။ စိတ်လှည့်စားတိုင်း ယုံလျှင် ဘုံဘဝတွင် ဆုံကာသောနွားကဲ့သို့ မရပ်မနား ဒလစပ်သွား၍ ဆင်းရဲအလားရှည်၏။

၃၂။ စိတ်ဆိုး စိတ်ဝါးသည် (ဝါ) စိတ်ယုတ်စိတ်မာသည်အမှားသာ အဆုံးသတ်လေသည်။

၃၃။ စိတ်အလိုလိုက်မိက နောင်တမဆုံး ဖြစ်မြဲ။

၃၄။ စိတ်ထက်အစွမ်းကောင်းသူမည်သည်မရှိ၊ ဉာဏ်စွမ်းနှင့် ကြည့်၍ပင် မမြင်နိုင်ပေ။

၃၅။ စိတ်ကိုမြှောက်စားလျှင် ကပ္ပါမဆုံး လျှောက်သွားတိုးတက်နိုင်၏။

၃၆။ စိတ်ကိုဖိနှိပ်ထားလျှင် ချေးစားသော ခွေးအောက်နိမ့်သေး၏။

၃၇။ စိတ်သည် သရဲ,သဘက်ထက် ကြောက်စရာကောင်း၏၊ စိတ်တစ္ဆေ ဖမ်းစားလျှင် ပရိတ်အားပင် အစွမ်းမရှိ။

၃၈။ စိတ်ကို မြင်းမိုရ်တောင်လုံးနှင့်ဖိ၍ကြိတ်သော်လည်း မကျေမညက်နိုင်။

၃၉။ သမထနှင့် ဖိ၍ ဝိပဿနာနှင့် ကြိတ်မှ ညက်ညက်ကြေ၏။

၄၀။ သူတော်ကောင်းတို့စိတ်ပလ္လင်တွင် တင်ပြင်ခွေလျက်အမြဲနေသူကား ဘုရားတည်း၊ သူယုတ်မာတို့စိတ်တွင် ကိုးယို့ကားယား နေသူကား တောကျားတည်း။

၄၁။ စိတ်ကောင်းမထားသူ၏စိတ်က စိတ်ကောင်းမထားသူကို ငြိုးသူရန်ဖက်အောက်ဆိုးရွားစွာနှိပ်စက်၏။

၄၂။ စိတ်ကောင်းထားသူ၏စိတ်က စိတ်ကောင်းထားသူကို မိ,ဖ,ဆွေညာတို့ထက် ပို၍မြှောက်စား၏။

၄၃။ ကာမအာရုံတွင် ဇမ္ဗူလျော်သော စိတ်ကို စပါးကြီးမြွေ အမြဲသို့လျက်ရှိ၏။ မောဟ မှောင်ရိပ် မိသောကြောင့်တည်း။

၅၅။ ပါရမီရှိသူ ပါးစပ်၌ ပညာဗဟုသုတ ဟူသမျှသည် ပုလဲလုံး ရတနာကဲ့သို့ အမြဲတောက်ပလျက်သာရှိ၏၊ စီစီညီညီ ကြည်ကြည်လင်လင် ပေါ်ထွက်၍ နှစ်သက်ဘွယ်ချည်း ဖြစ်၏။

၅၆။ ပါရမီ ကင်းမဲ့သူပါးစပ်၌ ဗဟုသုတ ဟူသမျှသည် ဖွဲ့ကို ပျာချသကဲ့သို့ ညစ်ထေးလျက်သာ ရှိ၏၊ ဝါစေ့ဆိတ်စားသကဲ့သို့ အသွားမကျ တမြားမြား ပွလျက်သော် ရှိ၏၊ ဝါးလုံးချေးသုတ်သော် ဖြစ်၏၊ ပါရမီကား ပါလျှင် ရမည်ဆိုလိုသည်။ ထို့ကြောင့် ပါရမီရှိမဲ့ကို စိတ်ပါ လက်ပါ လုပ် မလုပ်ဖြင့် စီစစ်ရမည်။

၅၇။ ပျင်း၍ ဖျင်းသူက ပြောသော ပါရမီ စကားကို ညံ့သောလူတန်းစားကသာ ကျေနပ်၏။

၅၈။ ပါရမီရှိမဲ့ ကံရှိမဲ့စကားသည် လူဖျင်းစားတို့ ပါးစပ်မှသာ ထွက်ပေါ်၏။

၅၉။ ပါရမီ ကြီးမားသူမှ ရတနာသုံးပါးကို ကြည်ညိုနိုင်၏။

၆၀။ ပါရမီရှိမဲ့ကို လုံ့လရှိမဲ့ဖြင့် ခွဲခြား၍ သိနိုင်၏။

၆၁။ ပါရမီသည် လုပ်လို့ရကောင်းသော တရားဖြစ်၏။

၆၂။ လုံ့လဖြင့် မပြီးကောင်းသော လုပ်ငန်းမရှိ၊ လုံ့လ၌ လိမ္မာသူသည် ပစ္စည်းရှင်ကြီး စိုးရ,ကြီး မှူးသူကြီး, ပညာရှိကြီး,သူကောင်းသူမြတ်ကြီးများ ဖြစ်နိုင်၏။

၆၃။ လုံ့လ တကယ်ရှိသူ၏ စိတ်မှာ ရှေးကံရှိမဲ့ကို နှလုံးမထား၊ ပါရမီရှိမဲ့ကို နှလုံးမထား၊ သို့ရာတွင် ဉာဏ်ကိုကား လျော်ကန်စွာ အသုံးပြု၏။

၆၄။ ရှေးကံပါရမီရှိ,မရှိ၊ဘုရား မ–မ,မ ဇာတာ စန်းလင် တက်,မတက် နေ့ကောင်းရက်သာ ဖြစ်,မဖြစ်ကြံစည် စစ်ဆေး နှောင့်နှေး နေသူကား လူပျင်းနှင့် လူဖျင်း သဘောတည်း၊သို့ရာတွင် တတြ ကာလညူ ဟောတို ဆိုသည်အရ၊ပြုသင့် လုပ်ထိုက်သော အရေးအခွင့်ကို သိရန်ကား ပညာရှိတို့၏ ဝတ္တရားကြီးတည်း။

၆၅။ ဘုရားသည် လူသားစင်စစ်ဖြစ်၏၊သို့ရာတွင် လူ,နတ် ဗြဟ္မာ,သတ္တဝါအားလုံးထက် မြတ်၏,မြင့်၏,လွန်၏, ကဲ၏, ထွတ်ထိပ်၏။ အဘယ်တရားများဖြင့် မြင့်မြတ် လွန်ကဲအထွတ်အထိပ်ဖြစ်သနည်း။ သီလ, သမာဓိ, ပညာဝိမုတ္တိ, ဝိမုတ္တိဉာဏ်အမြင် ဂုဏ်အားဖြင့် လူ, နတ်,ဗြဟ္မာ, သတ္တဝါအားလုံးထက် မြင့်မြတ်လွန်ကဲ ၏၊ထွတ်ထိပ်၏။

၆၆။ ဘုရားသည် ဘုရားနှင့်တူစွာ နေတော်မူ၏၊ဘုရားနှင့် တူလိုလျှင် တရားနှင့်တူ တရားတူလျှင် ဘုရားတူ ဖြစ်၏။ အစစ်ကား အသချေ နှစ်ဆယ် အပြေး လိုက်မှ မှီ၏။

၆၇။ ဘုရားကို တကယ်တန်း ကြည်ညိုလျှင် ကိုယ်,စိတ် ဆင်းရဲမဖြစ်ရ။ ထို့ကြောင့် ကိုယ်,စိတ် မဆင်းရဲ လိုလျှင် မိမိစိတ်ကို ဘုရားမှာအမြဲထားပါ၊ဘုရားကို စိတ်နှင့်ဖက် အသက်နှင့် ကိုယ်ကို ဘုရားအားလှူ ဘုရားပယ်တော်မူသမျှ ကြဉ်ရှောင်လျှင် အသရေ ပြောင်၏။

၆၈။ တရားတည် တရားဆောင်က အန္တရာယ် ဟူသမျှ ဝေးကွာရှောင်၏။

၆၉။ ဘုရားသည် လောကီ ရတနာတို့၏ ထိပ်ဆောင်း ဖြစ်၏၊ ဘုရားရတနာ ရှိသူမှာ လောကီ ရတနာ အလိုလိုလာ၏။

၇၀။ တရားရတနာ ရှိမှလည်း ဘုရားရတနာ, သံဃာ ရတနာ ရှိနိုင်သည် (ပညာရှိမှ သိနိုင်သည်)။

၇၁။ ဂုဏ်ကိုမသိဘဲ ကြည်ညိုသူ အစစ်မဖြစ်ဟု တထစ်ထဲ ချ၍မှတ်။

၇၂။ ရတနာသုံးပါးကို တကယ် ကြည်ညိုလိုမူ ဂုဏ်တော် များကို တကယ်ရ, တကယ်သိ ဖြစ်စေ၊ တကယ် မရလျှင် တကယ်မသိ၊ အသက် ကြီးသော်လည်း ဂုဏ်မသိက မကြည်ညိုတတ်။

၇၃။ သည်းခံနိုင်သူ အလျင် တိုးတက်ကြီးပွား၏ (ခန္တျာ ဘိယျော နဝဍ္ဎတိ) သည်းခံရေး လွန်ဆန်သော် မကြီးပွား။အချမ်း, အပူ, ဥတုကိုခံနိုင်ခြင်း၊ ခြင်, မှက်, လေ, နေပူ, ကင်း, သန်းတို့၏ အတွေ့ကို ခံနိုင်ခြင်း၊ အဆဲအဆို, အမောင်းအမဲကို ခံနိုင်ခြင်း၊ အသက် အန္တရာယ်တိုင် ပြုတတ်၍ သည်းခံနိုင် ခက်သော ရောဂါဝေဒနာကို ခံနိုင်ခြင်း၊ အငတ်အမွတ်, အဆာ အလောင်ကို ခံနိုင်ခြင်း၊ ဤအချက်များကို သည်းခံ နိုင်ရမည်။

၇၄။ သူတော်ကောင်းတို့ အားကား စိတ်ထား နူးညံ့ ပျောင်းပျော့ခြင်းတည်း။

၇၅။ သူတော်ကောင်းလုပ်လိုလျှင် သည်းခံခြင်း ခန္တီဝါဒ ကို အသုံးပြု ရမည်။ (ဝါ) လက်ကိုင်ဒုတ်ပမာ စွဲ၍ အသုံးပြုရမည်။ သို့ရာတွင် မိမိ ကိုယ်ကျင့်တရားဝါဒ အပျက်ခံ၍လည်း သည်းမခံရ။

၇၆။ သူတော်ကောင်း ပညာရှိသည် မိမိလုပ်ခွင့်ကို မလစ် ဟင်းစေရ။

၇၇။ လုပ်သင့်ရာ နောက်ဆုတ်မှု သူတော်ကောင်းမဟုတ်။

၇၈။ သူတော်မှာ သူတော့်တရားလျော့ပါးလျှင် ပညာရှိ ထံမှာ နည်းယူ။

၇၉။ ပညာရှိမှာ သူတော့်ဂုဏ် အားလုံး မလျော့ မယုတ်နိုင်။

၈၀။ ကိလေသာကို အနှောမဝင်ရ၊ အနှောဝင်လျှင် အရှိ သေတန်၏ ရှောင့်တက်၏။

၈၁။ လောဘ– တပ်မက်ခြင်း၊ ဒေါသ– ပြစ်မှားခြင်း၊ မောဟ–တွေဝေခြင်း၊ မာန–မြင့်မောက်ခြင်း၊ ဒိဋ္ဌိ– အယူအစွဲမှားခြင်း၊ ဝိစိကိစ္ဆာ–ယုံမှားခြင်း၊ ထိန– တွန့်တိုခြင်း၊ ဥဒ္ဓစ္စ–ပျံ့လွင့်ခြင်း၊ အဟိရိက–အရှက် မဲ့ခြင်း၊ အနောတ္တပ္ပ–မထိတ်လန့်ခြင်း။ (ကိလေသာ ဆယ်ပါး)။

၈၂။ လောဘ ချည်မျှင်ကို ဆွဲ၍ ဆန့်လျှင် ကပ္ပါအနန္တ ရှည်၍ပြန့်၏။

၈၃။ လောဘလိုရာ လိုက်သူမှာ ကျွန်သာ အဖြစ်များ။ ပြိတ္တာ ရံဖန်ထား။

၇၄။ နေ့ ည–စသော ကာလသည် ကပ္ပါကြီးကို မျိုဝါး လျက်ရှိ၏။ ကပ္ပါကြီးသည် သတ္တဝါတို့ကို အမြဲဝါး မျိုလျက်ရှိ၏။ သတ္တဝါတို့မှာ ကပ္ပါကို မတော်လှန် နိုင်ကုန်။ သို့ရာတွင် ရဟန္တာကမူ ကပ္ပါကိုဝါးမျို သောကာလကို ဖုတ်၍ စားသောက်နိုင်၏။

၇၅။ ဓာတ်မြေကြီး လေးမျိုးကား သတ္တဝါတို့ကို အမြဲ အဆိပ်သင့်စေ၏။

၇၆။ ဓာတ် ၆–ပါးနိုင်လျှင် ဓာတ်မြေဆိပ် မတက်နိုင်၊ ပထဝီ–ခက်မာသော သဘောရှိ မြေဓာတ်၊ အာ ပေါ–ယိုစီး လုံးထွေးခြင်း သဘောရှိ ရေဓာတ်၊ တေဇော– ပူလောင် ဆွေးမြေ့ခြင်း သဘောရှိ မီးဓာတ်၊ ဝါယော–ထောက်ကန်ခြင်း တောင့်တင်း ခြင်း ရွေ့ရှားခြင်းသဘောရှိလေဓာတ်၊ အာကာသ– ထောက်တည်မှီခိုရာ လက္ခဏာရှိသော ဟင်းလင်းပြင် အပွင့်အလပ် သဘောရှိသော ကောင်းကင်ဓာတ်၊ ဝိညာဏ–အမျိုးအမျိုးအသိဓာတ်။

၇၇။ သဘောဆိုးသူ၏ပါးစပ်သည် လွှသွားထက်ကြမ်း၏၊ ဖွာဆံသာ ကြွသည် အပြတ် အစကား မရှိချေ။ ဒေါသကား မိမိတည်ရာကို ဖြတ်၏ ဖျက်၏။ ပညာ ကား ခွဲလည်းခွဲ၏ ဖြတ်လည်း ဖြတ်၏။ သူချင်းစပ် စေ၏။ ဓမ္မချင်း ကွဲစေ၏။

၇၈။ အဝိဇ္ဇာမှောင်သည် အင်္ဂါလေးပါးရှိ မှောင်တွင်း ကြည့်သော အကန်း၏မျက်စိထက် မှောင်၏။

၇၉။ ကိလေသာသည် ငရဲမီးထက် အဆဆပူ၏ လောင်၏ ယမ်းဓာတ်ပြောသောကြောင့်တည်း။

၉၀။ သူတပါးကိုနှိပ်စက်သ၍ ကိုယ့်မှာသာ ဒုက္ခတွေ၏။

၉၁။ စကားများသူသည် သူရူးတမျိုးဖြစ်၏။ ကောဓ- အမျက်ထွက်ခြင်း၊ ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း၊ မက္ခ- ဂုဏ်ကျေးဇူးချေဖျက်ခြင်း၊ ပဠာသ-အပြိုင်ပြုခြင်း၊ မာန- ထောင်လွှားခြင်း၊ ထမ္ဘ- တောင့်ခိုင်ခြင်း၊ သာရမ္ဘ-ချုတ်ချယ်ခြင်း၊ အာဓာနဂ္ဂါဟ- မြဲမြံစွာ စွဲယူခြင်း၊ ဒုပ္ပတိနိဿဂ္ဂ – စွန့်နိုင်ခဲခြင်း၊ ဣဿာ- ငြူစူခြင်း၊ မစ္ဆရိယ-ဝန်တိုခြင်း၊ဥဒ္ဓစ္စ-ပျံ့လွင့်ခြင်း၊ ကုက္ကုစ္စ-အလိုလိုဖြစ်ခြင်း စသော မသူတော်တရား အရင်းခံထား၍ အထပ်ထပ်ပြောခြင်း မကျေမနပ် ပြောခြင်း မငြိမ်းမနေနိုင်ခြင်းမျိုးကိုသာ စကားများ ခြင်းဆို၏။ ၎င်းသည် စည်းမျဉ်းကာလနား မဲ့ခြင်း လက္ခဏာရှိ၏။ စကား အဆုံးမသတ်နိုင်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ မကျေမနပ်ခြင်းလျှင် ထင်ရှားပေါ်လွင်သောအကြောင်းရင်းဖြစ်၏။

၉၂။ တိတ်တိတ်နေပြည်တန်သည်၊ သို့သော် တိတ်တိတ်နေ ဆိုသော်လည်း အကုသိုလ်ဆိတ်၍ တိတ်တိတ်နေ ခြင်းကိုသာ မှတ်ပါ။

၉၃။ ကိုယ်ခန္ဓာဖွဲ့စုကို ဂရုမဲ့သူက ခင်မင်ဖွယ်မှတ်စေကာ သိတတ်သူမှာ ဖွဲ့အိတ်သာဖြစ်၏။ ဣစ္ဆိတာနံ ကေ သာဒိနံ အာယောတိ ကာယော၊ ဆံ အမွေးစသည် စက်ဆုပ်ဖွယ်တို့၏ တည်ရာနေရာကို။ (ခံ ဓာရေတီတိ

ခန္ဓော)။ ယော၊ အကြင် ရုပ်,ဝေ,သန်,သင်,ဝိညာဉ် ဟူသော တရား ငါးမျိုးသည်။ ခံ၊ အကျိုးမပြီး အချည်းနှီးသော ဓာတ်သဘောအစုကို။ ဓာရေတိ၊ မလွဲမဖယ် သယ်ဆောင်တတ်၏။ ဣတိ၊ ဤအတွက်။ သော၊ ထိုတရားငါးမျိုးသည်။ ခန္ဓော၊ ခန္ဓာမည်၏။

၉၄။ ကီမက်လျှင် ကုတ်ပျက်သလို ကုတ်မက်လျှင် ကီ ပျက်၏။

၉၅။ မောဟအလိုလိုက်လျှင် ပြိတ္တာမှော် သွင်းပြီးဖြစ်၏။ ဥဒ္ဓစ္စ၊ ပျံ့လွင့်ခြင်း။ ကုက္ကုစ္စ၊ အလိုလိုရှိခြင်း။ အဟိရိက၊ အရှက်မဲ့ခြင်း။ အနောတ္တပ္ပ၊ မကြောက်လန့်ခြင်း။ ဝိစိကိစ္ဆာ၊ တယုံမှားမှား ရှိခြင်းများကား မောဟ၏ အခြံအရံများ ဖြစ်၏။ ၎င်းများကား အကုသိုလ်အားလုံးနှင့် မိတ်ဘက်–ဓာတ်ဘက် ဖြစ်ကြလေသည်။

၉၆။ အကုသိုလ် ဒုစရိုက်သည် မြေအထုထက် လေး၏။ သို့သော် အရက်မူးသူမှာကား သစ်ရွက်ခြောက် အောက် လျှော့၍ပေါ့၏။ မောဟဖိစီးကြီးစိုးသော ကြောင့်တည်း။

၉၇။ သံသရာဆင်းရဲကို မသိတတ်သောသူမိုက်သည် မိမိ ဘဝကို အဟုတ်ကြီး ထင်မှတ်၏။ ဘယ်သူလူမိုက် နည်းဟု မေးလျှင် ဝန်ခံကြမည်မဟုတ်၊ စဉ်းစား မှုကား ငါပညာရှိကြီး၊ အဂ္ဂမဟာပဏ္ဍိတကြီး၊ ငါ သူဌေးကြီး၊ ငါမြို့အုပ်ကြီး၊ ဝန်ထောက်ကြီး၊ အရေးပိုင်ကြီး၊ ငါအာဏာသျှင်ကြီး၊ ငါနန်းရှင်

ဝန်ကြီး၊ ငါတရားသူကြီး၊ ငါဥက္ကဋ္ဌကြီး–စသည်ဖြင့် မာန်မူထင်မှတ်လျက် လူမိုက်သေး ဝင်နေသည်ကိုသိ ရမည်။ သိရမည်ကိုမသိခြင်းမှာ သာ၍ အမိုက်စစ်၏။ တဏှာ၊ ဒိဋ္ဌိ၊ မာန ကဲသော မောဟ ကြီးမှုးနေသော ကြောင့်တည်း။

၉၈။ ကုသိုလ်စင်စင်ဝင်သူမှာ အကုသိုလ်မှော်သွင်း၍မရ၊ ကီမစင်သမျှ ကုမစင်, ကီစင်မှကုစင်၏၊ ကုစင်၍ သမာဓိရှင် ဖြစ်သည်ကို အထင်မှား, အမြင်မှား, အပြောမှား , အလုပ်မှား၍ ကီသမားဖြစ်ပြန်၏။ (ဤသည်ကားဝမ်းနည်းဘွယ်)။

၉၉။ အကုသိုလ်မှော် သွင်းလျှင် လူမိုက်အတွင်းမှ မထွက် နိုင်ဖြစ်၏။

၁၀၀။ လူ့ဘဝ လူချမ်းသာ, နတ်ဘဝ နတ်ချမ်းသာ ရည်ညွှန်းပြုသော ကုသိုလ်လည်း အကုသိုလ်နှင့် ထူးမခြားတည်း။

၁၀၁။ မိမိပိုင်ကိုဝန်တိုခြင်း သည်ပြိတ္တာလက်ဆောင်တည်း။

၁၀၂။ သူပိုင်ပစ္စည်းများကို ငြူစူခြင်းသည် ဒေဝဒါရိစာရင်း သွင်းခြင်းတည်း။

၁၀၃။ အစာ၌ မက်မော၍ ဒေါသ ကြီးခြင်းသည် ခွေ့ အတွင်း၌ မဲပေးခြင်း ဖြစ်၏။

၁၀၄။ လူမိုက်မှာ သံသရာဝဋ်က ကျွတ်လွတ်ဘို့ စိတ်ကူးမရှိ၊ ပုဏ္ဏမည်သော မေဏ္ဍကကျွန်ကဲ့သို့တည်း။

၁၀၅။ လူလိမ်မာသည် သံသရာဝဋ်က ကျွတ်လွတ်ဘို့ စိတ် ကူး၏။

၁၀၆။ လူမိုက်မှာ သူတော် စကားသည် တမာထက် ခါးသည် ထင်၏။

၁၀၇။ သူကောင်းမှာ သူမိုက်စကားသည် လွှသွားထက် ရှလျက်ထင်၏။

၁၀၈။ လောကကြီးကား သွားခြင်းဖြင့် အဆုံးမရောက် လောကမဆုံးသမျှ ဆင်းရဲမဆုံးပေ။

၁၀၉။ နိဗ္ဗာန်သည် အတွင်းလည်း မဟုတ်, အပြင်လည်း မဟုတ်၊ သို့သော် အရိယာတို့ စိတ်၌ အမြဲကိန်း၏။

၁၁၀။ နိဗ္ဗာန်သည် ၆-ဒွါရသို့မရောက်၊ သို့ရာတွင် အရိယာတို့ ဉာဏ်ဖြင့် ထင်ထင်ကြီး မြင်နိုင်၏။ ယောဂီမှန်နှင့် အရိယာဉာဏ်သည် အဆင်တူ၏။

၁၁၁။ နိဗ္ဗာန်၏သဘောနှင့် ငြိမ်းအေးကြည် အလင်းဓာတ်ကို သူမိုက်တို့နားမလည်နိုင်၊ အမြဲငြင်းခုံနေရ၏။

၁၁၂။ သူစင်,သူကောင်းမှန်သမျှ အရိယာဂိုဏ်းဝင်တည်း။

၁၁၃။ သူတော်မှ ငါကောင်းသော သူတော်ကောင်းများကား အရိယာဂိုဏ်းဝင် မဟုတ်။

၁၁၄။ ဒုစရိုက် တရားသည် ဖမ်းစားရန် စောင့်နေသော မိကျောင်းနှင့်တူ၏။

၁၁၅။ သုစရိုက်တရားသည် ဘေးကင်းရာသို့ ပို့ဆောင်သော နတ်မြင်းပျံနှင့် တူလေ၏။

၁၁၆။ ကိလေသာ သက်ဝင်သော လူတို့ ကိုယ်ခန္ဓာသည် မစင်ဘင်ပုပ်ထက် နံစော်၏။ ဘုရား,တရား, သံဃာ-ဟူသော ရတနာ နံ့သာရေနှင့် မဆေးသမျှ နံစော်ခြင်း ဘယ်တော့မှ မပျောက်။

ဧဋ္ဌာသယ ၄၄၄-၁၃

၁၁၇။ မေတ္တာရေစာတ်ဖြင့် မစင်သော အညစ်အကြေးဟူ မရှိ၊ သို့သော် မဂ္ဂင်ရေမွေး မထုံလျှင် ကြေးထပ်၍ တင်တတ်၏။

၁၁၈။ မေတ္တာတရား လက်ဆောင်ထားသူမှာ အများတို့ လိုအပ်သော ပီယဆေးရှိ၏၊ ဒေါသ ကြေသော ကြောင့်တည်း။ အချစ်ဆေးဟူသမျှတွင် အကောင်းဆုံး ဖြစ်၏။

၁၁၉။ ဒိဋ္ဌိ, တဏှာ, မာန-တရားသုံးပါးနှင့် သောမနဿ ဆတူစပ်၍ အယောနိသော မနသိကာရထည့်လျှင် အရူးထဆေးဖြစ်၏၊ ဥဒ္ဓစ္စနှင့်ကုက္ကုစ္စကဲ၍ အဟိရိက ရေလဲနှင့်စားသုံးသော် အရူးလုံးလုံးဖြစ်၏၊ ထိုအခါ မိစ္ဆာ ကေဂ္ဂတာ ဝင်လာသော် မိစ္ဆာဉာဏ်မြင် အားကြီးထင်၍ ရှင်၏, သွက်၏, ထက်၏၊ ဤဉာဏ် မှားကိုပင် တကပ္ပါလုံး သိပ္ပံပညာရှင်တို့ သုံးနေကြ၏။

၁၂၀။ သမထဆေး မတိုက်သေးသမျှ အရူးဘဝမှမလွတ်၊ သို့သော် အမြစ်ကား ရှင်းရှင်းမပြတ်နိုင်ပေ။

၁၂၁။ သမထစွမ်းပကားကြောင့် ဉာဏ်ဝိုးဝါး မြင်သည်ကို အဟုတ်ကြီးထင်၍ အရူးပွားကြသည် အများကြီး၊ (ဒိဋ္ဌိ ၆၀-ကျော် မိစ္ဆာရှိလေသည်)။

၁၂၂။ အရင်းမှ အမြစ် ကြောင်း,ကျိုး ဖြစ်ညှစ်၍ မစီစစ် သမျှဉာဏ်မှန်မရသေး ဖြစ်၏။

၁၂၃။ ဉာဏ်မှန်မရ၊အရူးထ၊ဒုက္ခအများ ဖြစ်၏တည်း။

၁၂၄။ ဝိပဿနာဆေး၊ စင်စစ်ကျေးသော်၊ အရှုးအားလုံး၊ ပြုတ်ပြုတ်ပြုန်း၏။

၁၂၅။ ပညာရှိလျှင် ဂုဏ်မလို၊ ဂုဏ်လိုလျှင် ပညာမရှိ၊ စိုးရကြီးမှူးသူ, ဥစ္စာဓနကြွယ်ဝသူ, အကျင့်သီလရှိသူ, အရံအခြွေများသူ, အမျိုးဇာတ်ကောင်းသူ, အတတ်ပညာတတ်ကျွမ်းသူ– အားလုံးတို့ ရောက်သော ဂုဏ်များအောက်မယို့၍ မလိုဖြစ်သတည်း။

၁၂၆။ ပညာမှာ ပကာရေန ဇာနာတိ–ဗျုပ္ပတ် အရ၊ အတွင်းဉာဏ် အပြင်ဉာဏ်–ဟု နှစ်မျိုးရှိ၏။ အပြင်ဉာဏ်ရှိသူကား လူညာ, လူဝါမျှ ဖြစ်၍ ကြောက်စရာမဟုတ်၊ အတွင်းဉာဏ် ရှိသူကား တကယ်ပညာရှိဖြစ်၍ ထိုသူကိုရှိသေပါ၊ မထေမဲ့မြင် မပြုရ။

၁၂၇။ သညာသည် ထင်ရာ မြင်ရာကို မှတ်သောကြောင့် အရူးခြင်းတောင်းနှင့်တူ၏။ သို့ရာတွင် ၎င်းသညာ၌ ယောနိသော မနသိကာရ–ပါသော ဝိတက်, ဝိစာရဏာပညာနှင့် ကေဂ္ဂတာထည့်လျှင် ကမ္မဿကတာ သမ္မာဒိဋ္ဌိမျိုး ပေါက်၍ စတုဿစ္စ သမ္မာဒိဋ္ဌိတိုင် ရောက်နိုင်၏။

၁၂၈။ အရူးခြင်းတောင်းကဲ့သို့ ထင်ရာ, မြင်ရာ မှတ်တတ်သော သညာတွင် အယောနိသောမနသိကာရကဲ၍ အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ကုက္ကုစ္စများကို ဆတူထည့်လျှင် တဏှာ, ဒိဋ္ဌိ, မာန ၃–ပါး နယ်ချဲ့သမားပ,ပဥ္စတရား ဖြစ်ပေါ်၍ မောဟတမ်လုံး ဖုံးမိလေ၏။

၁၂၉။ ပ,ပဉ္စတရားသုံးပါး နယ်ခွဲသမားတို့ အားကောင်း နေသမျှ သတ္တလောက မဆုံးဖြစ်၏။

၁၃၀။ ပ,ပဉ္စတရား နယ်ခွဲသမားတို့ အားနည်း၍ သေစေလိုလျှင် အနိစ္စ, ဒုက္ခ, အနတ္တ–သညာ သုံးပါးကို သစ္စာအား တင်၍ရှု။

၁၃၁။ ပ,ပဉ္စတရား နယ်ခွဲသမား သုံးဦးသေလျှင် သတ္တလောကဆုံး၏။

၁၃၂။ ဆုံးနိုင်အောင် လုပ်နည်းကား မိတ်ဆွေကောင်းနှင့် ယုံကြည်မှု ဇွဲလုံ့လ အကြောင်းသုံးဝ ပင်တည်း၊ သူကား စည်းစိမ် အားလုံး၏ အကြောင်းရင်း ဖြစ်၏။

လူလိမ်မာလမ်းညွှန် ပြီး၏။

# နိဂုံး

ဤသည့် ဓမ္မရတနာ ပြီးဆုံးရာကား ကောဇာခုနှစ် သက္ကရာဇ်မှာ ၁၃၂၇–ခု ဥတုဝဿန် မိုးလုံးညှုံ့၍ ကောင်းကင်ယံမစဲ မိုဃ်းဖွဲ့မိုဃ်းသေး လေပြေအေးနှင့် တဖွဲ့ဖွဲ့ပေ ရွာလေခါသမယ သီတင်းကျွတ်လ၌ ဆန်းထဆဲ့လေး စိတ်အေးကြည်သာ နံနက်ခါဝယ် ဆယ်နာရီအချိန် နှောင်းအိမ်ကင်းလွတ် မချွတ်မုချ ဘယကင်းကွာ ပူဇော်ရာဆင်နွဲ မီးထွန်းပွဲပြင် ချိန်ခါတွင်မှတ် ပြီးဆုံးလတ်၏၊ တရပ်တဖုံ လူမျိုးစုံဖြင့် စိုးစံတင့်ကြွယ် ရန်ကုန်မြို့လယ်၌ သွယ်သွယ်ဓမ္မ မိဂဲခနေ ပရမေဗုဒ္ဓ မြတ်ဇိန၏ သုံးဝသာသနာ ရှည်မြင့်ကြာဖြင့် ရောင်ဝါတင့်ရန် စိတ်ရည်သန်ပိုက် ကျားကူးတိုက်၌ နှစ်ခြိုက်ပျော်မွေ့ ဓလေ့ဝါသနာ ကျမ်းစာကြည့်ရှု ပို့ချမှုနှင့် ရေးပြုကျမ်းစာ စက္ကိန္ဒာအမည်ရှိသောငါသည် ဤစာပြုရ မြတ်ပုညကို တူမျှရစေ သဗ္ဗေသတ္တာ ဝေနေယျာအား ကုသိုလ်ဘာဂ အမျှရစေ တောင်းဆုချွေ၏၊ ပရမေတရား လွန်ထွန်းကား၍ ဘုရားသာသနာ ထွန်းတောက်ဖြာသည် နေဝါရောင်သို့ လင်းစေသော်။

ဓမ္မရတနာကျမ်း ပြီး၏။

## ကျောင်းကူး ဓမ္မဗိမာန်တော်ကြီး၌ လူပုဂ္ဂိုလ်တို့ကို သင်ကြားပို့ချမည့် အစီအစဉ်

### ဗုဒ္ဓဘာသာသင်္ချင်းစာ (အမှတ်-၁)

၁။ ဩဝါဒကထာ သင်တန်း
၂။ ငါးပါးသီလ သင်တန်း
၃။ (၈)ပါး (၉)ပါး (၁၀)ပါးသီလ သင်တန်း
၄။ သရဏဂုံ သင်တန်း
၅။ ပေးလှူပုံ သင်တန်း
၆။ ရေစက်ချပုံ သင်တန်း
၇။ လူကျင့်ဝတ် သင်တန်း

### ဗုဒ္ဓဘာသာသင်္ချင်းစာ (အမှတ်-၂)

၁။ သဘောတရား သင်တန်း
၂။ ကမ္မဋ္ဌာန်းအမျိုးအစား သင်တန်း
၃။ အာနာပါနမှ ဈာန်အဘိညာဉ် သွားပုံ
၄။ အာနာပါန၌ ဝိပဿနာဉာဏ်ဖြစ်ပေါ်ပုံ
၅။ ဓာတ်သဘာဝ သင်တန်း